# ပိုင်ဆောင်ဆက်သွယ်

TRANSCOM NEWS JOURNAL

သတင်းဂျာနယ်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်မှ စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

အတွဲ (၉)၊ အမှတ် (၂၁)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်


## မြန်မာနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန် နယ်သာလန်နိုင်ငံ The Hague မြို့သို့ စေလွှတ်မည့် ကိုယ်စားလှယ်အဖွဲ့ကို စနစ်တကျ ပြင်ဆင်စုဖွဲ့၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဦးဆောင်သွားရောက်မည်

၈-၁၅ »

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

# အယ်ဒီတာ့ အာဘော်

## "စည်းလုံးညီညွတ်မှုအင်အားဖြင့် အမှန်တရားကို တည်ဆောက်ကာကွယ်"

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်၊ ည (၇:၅၅) အချိန်တွင် နိုင်ငံတော်သမ္မတရုံးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးစီးဆောင်ရွက်မည်ဟူ၍ဖြစ်သည်။

"ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့် ပတ်သက်၍ ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မွစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ တရားစွဲဆိုခဲ့ပါသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်ဖြစ်ပါသည်။

ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုချက်ကိုတို့ပြန်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်မှ ကျွမ်းကျင်ပညာရှင် ရှေ့နေကြီးများအား ငှားရမ်းထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် နယ်သာလန်နိုင်ငံ၊ The Hague မြို့သို့စေလွှတ်မည့် အဖွဲ့တစ်ဖွဲ့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်သွားရောက်ရန်ရှိကြောင်း သတင်းရရှိပါသည်" ဟူ၍ ဖော်ပြပါရှိပါသည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင်နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ) အစည်းအဝေးတွင် မြန်မာနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ ယူကရိန်းနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့နှင့် သက်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအား ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆို (မူကြမ်း) (၅)ခုကို အရေးယူဆောင်ရွက်ခဲ့သည်။

အိုအိုင်စီနှင့် အီးယူတို့မှ ပူးတွဲတင်သွင်းသည့် နိုင်ငံရေးအရ ဖိအားပေးသည့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်အဆို (မူကြမ်း) ကို မဲခွဲဆုံးဖြတ်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တောင်းဆိုခဲ့ပြီး ယင်းဆုံးဖြတ်ချက်အဆို (မူကြမ်း) အပေါ် ကန့်ကွက်မဲပေးခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ဆုံးဖြတ်ချက်အဆို (မူကြမ်း) အရေးယူဆောင်ရွက်ခြင်းမပြုမီ အထွေထွေမိန့်ခွန်းနှင့် မဲခွဲဆုံးဖြတ်ပြီးနောက် မဲရလဒ်အပေါ် တုံ့ပြန်သည့်မိန့်ခွန်းများ ပြောကြားခဲ့သည်။ ရခိုင်ပြည်နယ် အရေးကိစ္စအား မှားစွာပုံဖော်ထားသည့် အိုအိုင်စီနှင့် အီးယူတို့မှ တတိယကော်မတီသို့ ပူးတွဲတင်သွင်းသော နိုင်ငံရေးအရဖိအားပေးသည့် ဆုံးဖြတ်ချက်အဆို (မူကြမ်း) ကို မြန်မာနိုင်ငံက ပြတ်ပြတ်သားသားကန့်ကွက်ခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် ဘာသာရေးဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း ပြဿနာမဟုတ်သကဲ့သို့ အသိုက်အဝန်းတစ်ခုကို နိုင်ငံအတွင်းမှ မောင်းထုတ်လိုက်သည့် လုပ်ရပ်မျိုးလည်းမဟုတ်ကြောင်းနှင့် ပြဿနာသည် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလျော့ရဲမှု၊ စသည်တို့အပါအဝင် ရှုပ်ထွေးသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာတစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်က ဆုံးဖြတ်ချက်အဆို (မူကြမ်း) သည် မြန်မာနိုင်ငံကို အဆိုးမြင်စေရန်ပုံဖော်ထားသည့် ပူးတွဲအဆိုရှင်များ၏ နောက်ထပ် စိတ်ကြိုက်အာဘော်တစ်ခုမျှသာဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ အင်တိုက်အားတိုက် ကြိုးပမ်းဖြေရှင်းဆောင်ရွက်ချက်များကိုမူ လစ်လျူရှုထားကြောင်း ထောက်ပြပြောကြားခဲ့သည်။

နိုင်ငံအချို့က ၎င်းတို့၏ နိုင်ငံရေးလိုအင်အတွက် အခြားသောနိုင်ငံများကို မည်သို့ဖိအားပေးနိုင်ရန် အုပ်စုလိုက်မဲပေးသည့် အလေ့အထကိုမည်သို့အသုံးချခဲ့သည်ဆိုသည့် အချက်ကို မြန်မာနိုင်ငံအနေဖြင့်ထပ်မံတွေ့ရှိရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား လူ့အခွင့်အရေးအခြေအနေများကို ခွဲခြားဆက်ဆံသည့် ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံအပေါ် ခွဲခြားဆက်ဆံသည့် ဆုံးဖြတ်ချက် အဆို (မူကြမ်း) မျိုးကို အတည်ပြုခြင်းမှာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှရှိရမည်ဆိုသည့်အချက်ကို စောင့်ထိန်းလိုက်နာမှုမရှိခြင်း၊ မျှတမှုနှင့် သမာသမတ်ကျမှုမရှိခြင်း၊ စံနှုန်းနှစ်မျိုးနှင့် ခြွင်းချက်ထားသည့်မူဝါဒကို ကျင့်သုံးခြင်း၊ ပစ်မှတ်ထားရွေးချယ်ဆောင်ရွက်မှုတို့ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးအရ ဖိအားပေးပစ်မှတ်ထားသည့် ယင်းဆုံးဖြတ်ချက်အဆိုကို ပြတ်ပြတ်သားသား ကန့်ကွက်ကြောင်းဖြင့် အမြဲတမ်းကိုယ်စားလှယ်က တုံ့ပြန်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ကာလရှည်ကြာ လစ်လျူရှုထားခဲ့သည့် ပြဿနာ၏မူလအကြောင်းအရင်းအတွက် အဖြေရှာရန် မစ္စတာကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံအစိုးရ၏ သမိုင်းဝင်အထင်ကရ ခြေလှမ်းတစ်ခုဖြစ်သည်။

သို့သော် စိတ်မကောင်းဖွယ်ရာအချက်မှာ ကော်မရှင်၏ အကြံပြုချက်များတင်သွင်းသည့်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒါဇင်နှင့်ချီသော လုံခြုံရေးတပ်ဖွဲ့စခန်းများကို အာဆာအကြမ်းဖက်အုပ်စုက အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလုံးအရင်းဖြင့် နေရပ်စွန့်ထွက်ခွာမှုများဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် အလုံးအရင်းဖြင့် နေရပ်စွန့်ခွာမှုဖြစ်စေသည့် မူလတရားခံသည် အာဆာအကြမ်းဖက်အဖွဲ့သာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားခြင်းစာနာမှု ပြဿနာဖြေရှင်းရေးနှင့် ထွက်ပြေးတိမ်းရှောင်သူများ ဆောလျင်စွာ နေရပ်ပြန်ရေးအတွက် ပထမဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံ သဘောတူညီချက်များကို အခြေခံပြီး နေရပ်စွန့်ခွာသူများ မိမိတို့ဆန္ဒအလျောက် လုံခြုံဘေးကင်းစွာ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်ရေးအတွက် ဖန်တီးပေးရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် UNHCR ၊ UNDP နှင့် အာဆီယံတို့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် ပြန်လည်သင့်မြတ်ရေးနှင့် လွတ်လပ်စွာ စုံစမ်းစစ်ဆေးရေးအတွက် (ICOE) ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် အာဆာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့သည့် ပြဿနာများကို စုံစမ်းစစ်ဆေးခဲ့သည်။

ကုလသမဂ္ဂယန္တရားများနှင့် OIC ၏ ကျောထောက်နောက်ခံဖြင့် လှုပ်ရှားနေသည့် လူ့အခွင့်အရေးသမားများက နိုင်ငံတကာတွင် မြန်မာနိုင်ငံကို ပုံမှန်ဖိအားပေးနေသည့်အချိန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်၌ ဘင်္ဂလီများအပေါ် မြန်မာနိုင်ငံ ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ လူမျိုးတုံးသတ်ဖြတ်မှုစွပ်စွဲချက်ဖြင့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ကုလသမဂ္ဂ၏ တရားရုံးဖြစ်သော အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ) တွင် နိုဝင်ဘာ (၁၁) ရက်က အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

အဖွဲ့ဝင် (၅၇) နိုင်ငံပါ အစ္စလာမ်မွစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC ၏ကိုယ်စား ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို နယ်သာလန်နိုင်ငံ The Hague ရှိ ICJ တွင် အမှုဖွင့်ခဲ့ခြင်းဖြစ်ပြီး ထိုသို့အမှုဖွင့်ရခြင်း၏အဓိက စွပ်စွဲချက်သည် ရခိုင်ပြည်နယ်တွင် ဘင်္ဂလီများနှင့် ပတ်သက်၍ တပ်မတော်၏ဆောင်ရွက်ချက်မှာ ၁၉၄၈ ကုလသမဂ္ဂမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်အား ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလတွင် ကြားနာမည်ဖြစ်ကြောင်း နိုဝင်ဘာ (၁၈) ရက်က ပြောကြားခဲ့ရာ အဆိုပါကိစ္စကိုရင်ဆိုင်ဖြေရှင်းရန်၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးစီးဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာကာ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အနှစ်ချုပ်ဆိုရသော် နိုင်ငံအချို့က ၎င်းတို့၏နိုင်ငံရေးလိုအင်အတွက် ခွဲခြားခြင်း၊ ဖိအားပေးဆက်ဆံခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်သည်။ အမှန်တရားသည် မုချအောင်မြင်ရမည်ဟူသည့် ခံယူချက်ဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်၏အကျိုးအတွက် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများအားလုံးသည် ခိုင်ကျဉ်သော စည်းလုံးယုံကြည်မှုတို့ကို အခြေခံပြီး ခုခံကာကွယ်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

# ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဧလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

### မိုးအခြေအနေနှင့်မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် (၁)ရက်မှ (၃) ရက်ခန့်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၆)ရက်ခန့်အထိ မိုးထစ်ချုန်းရွာနိုင်ပါသည်။

### ညအပူချိန်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် (၁.၅) ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် (၁.၅) ဒီဂရီစင်တီဂရိတ် လျော့နည်းကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

### မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည် နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၇) ရက်ခန့်နှင့် နေပြည် တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည် နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၁)ရက်မှ (၄)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁-ပေမှ ၂-ပေခန့် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပြီး၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဧလွန်မြို့တို့တွင် ၂-ပေမှ ၄-ပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟူမ္မလင်းမြို့၊ ဖောင်း ပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁-ပေမှ ၂-ပေခန့် လက်ရှိ ရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။



# နှစ်သစ် ဆီးပေါက်

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်




အခမဲ့ Download ရယူရန်

***4040#**

## MPT4U App ကနေ

## ကြိုက်နှစ်သက်ရာ Package(၁)ခု ဝယ်ယူတိုင်း

## ကံစမ်းခွင့် (၁) ကြိမ် လက်ဆောင်ရရှိပါမည်။

---

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

ပို့ဆောင်ရေးဆက်သွယ်
TRANSCOM NEWS JOURNAL

| | |
|---|---|
| စီမံခန့်ခွဲရေးအရာရှိ | ဦးနီအောင် |
| စာတည်းမှူးချုပ် | မောင်ကြင်နာ |
| အုပ်ချုပ်ရေးအရာရှိ | နေလင်း |
| ဌေစာရင်းအရာရှိ | ကျော်သူရ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းထိုက် |
| စာမျက်နှာဒီဇိုင်း | နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း |
| ကွန်ပျူတာ | ခိုင်ယုသွယ်၊ မေသဿဋေး၊ ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း |
| စာတည်း | တင်မောင်၊ အိမ်စည် |
| သတင်းထောက် | ဘုန်းပိုင်ဦး၊ စိုးသူ၊ ဇွဲထက်အောင် |
| သတင်း(ဆက်သွယ်ရေး) | လှမျိုး |
| သတင်း (ရထား) | အောင်ဆန်းဦး |
| စာပြင် | ဆုဆုစန္ဒီဇော် |
| ကာတွန်းသရုပ်ဖော် | တင်ယု |
| ထုတ်ဝေသူ | နီအောင် (၀၀၄၉၆) |
| ပုံနှိပ် | မင်းပြည့်စုံ (၀၀၁၀၃) |
| ဖြန့်ချိရေး | ကိုကိုမြတ်၊ ဘိုဘို |
| ရုံးအဖွဲ့ | သဇင်ဖူး |
| ဓာတ်ပုံသတင်း | ညွှန့်လွင် |

## တိုက်တည်နေရာ

၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊
ကျောက်တံတား၊ ရန်ကုန်။

ဖုန်း ၀၁-၈၆၁၀၁၉၂
စာတည်းမှူးချုပ် ၀၁-၃၇၅၄၄

Email – thetransportnews@gmail.com
tcnj.transcomnews@gmail.com




ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်
တိုက်သို့ လူကြီးမင်းတို့၏
သတင်း၊ ဆောင်းပါး၊ ကဗျာများအား
ပေးပို့နိုင်ပါကြောင်း
အသိပေးအကြောင်းကြားအပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း ၀၁-၈၆၁၀၁၉၂၊ ၀၉-၄၂၁၀၁၃၆၆၇

# ကိုရီးယားမြန်မာ Training Center တည်ဆောက်နိုင်ရေးဆွေးနွေးပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အစည်းအဝေးခန်းမ (၁)တွင် ကိုရီးယားမြန်မာ Training Center တည်ဆောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ကျောင်းအုပ်ကြီးဦးမင်းချစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ KOICA မှ General Manager Mr. Gong Min Sik က သက်ဆိုင်ရာကဏ္ဍအလိုက်၊ တာဝန်ယူဆောင်ရွက်ကြမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး၊ ပညာရှင်များနှင့်မိတ်ဆက်ပေးပြီး လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ၊ တာဝန်များအသီးသီးပေးအပ်ခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ကြုံတွေ့ကျော်လွှားရမည့်အခြေအနေအမှန်များကို ပြည့်စုံစွာအကြံပေးပြောကြားခဲ့သည်။

ထို့နောက် KOICA အဖွဲ့က လိုအပ်ချက်များကို အပြန်အလှန်တင်ပြဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နေ့လည်ပိုင်းတွင် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် အစည်းအဝေးများကျင်းပကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

# ဒီဇယ်စက်ခေါင်းလျှပ်စစ်ပြင် အလုပ်သင်စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ (အထူး) သင်တန်းများဖွင့်လှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်က ရထားသင်တန်းဌာနခွဲက ဖွင့်လှစ်သည့် ဒီဇယ်စက်ခေါင်းလျှစ်စစ်ပြင်သင်တန်း အမှတ်စဉ် (၃၉/၂၀၁၉)နှင့် အလုပ်သင်စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ (အထူး) သင်တန်းအမှတ်စဉ် (၁၅/၂၀၁၉) သင်တန်းဖွင့်ပွဲကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးဦးမင်းချစ်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်သင်တန်းတက်ရောက်မည့် သင်တန်းသား/သင်တန်းသူများကို ကျောင်းအုပ်ကြီးက ရင်းနှီးစွာလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့သည်။ ထို့ပြင် သင်တန်းသား/ သင်တန်းသူများအတွက် ကျောင်းမှဆောင်ရွက်ပေးထားသည့် သက်သာချောင်ချိရေးအခြေအနေများကို ထပ်မံရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

# လက်ထောက်ကြီးကြပ်ရေးမှူး ရထားထိန်း (ဥဏှာသစ်လောင်း) သင်တန်းဆင်းပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ နိုဝင်ဘာလ ၂၂ ရက်တွင် ရထားသင်တန်းဌာနခွဲမှ ဖွင့်လှစ်သည့် လက်ထောက်ကြီးကြပ်ရေးမှူး ရထားထိန်း (ဥဏှာသစ်လောင်း) သင်တန်းအမှတ်စဉ် (၃၂/၂၀၁၉) သင်တန်းဆင်းပွဲကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ထို့နောက်ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းကျောင်းသား/ ကျောင်းသူများကို အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်း ကျောင်းသား/ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

# ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ရထားသံလမ်းများ တင်ဆောင်လာသည့် (၁၀)ကြိမ်မြောက် သင်္ဘောရောက်ရှိ

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း (CP-102) ပဲခူး-ညောင်လေးပင်လမ်းပိုင်းတွင် အသုံးပြုမည့်ရထားသံလမ်းများ ဂျပန်နိုင်ငံမှ ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ နိုဝင်ဘာလ (၂၀)ရက်နေ့လည်ပိုင်းက ရောက်ရှိလာ သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့်ရထားသံလမ်းများသည် ယခုသင်္ဘောအပါအဝင် သင်္ဘော (၁၀)စင်းမြောက် ရောက်ရှိပြီးဖြစ်သည်။ COSMIC ACE သင်္ဘောတွင် သံလမ်းတန်ချိန် (၃၀၀၀)ခန့် ပါရှိလာပြီး ယခုရောက်ရှိမည့်သံလမ်းအပါအဝင် ဂျပန်နိုင်ငံမှသံလမ်း တန်ချိန် (၃၀၀၀၀)နီးပါး ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို အပိုင်းနှစ်ပိုင်းဖြင့်ဆောင်ရွက်လျက်ရှိရာ အပိုင်း (၁)ဖြစ်သည့် ရန်ကုန်-တောင်ငူလမ်းပိုင်းကို အောက်တိုဘာလ (၁)ရက်မှ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။ အပိုင်း (၂)ဖြစ်သည့် တောင်ငူ-မန္တလေးလမ်းပိုင်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုရောက်ရှိလာသည့် သံလမ်းသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အပိုင်း (၁)အဆင့်မြှင့်တင်ခြင်းအတွက် JICA ODA Loan ဖြင့် ဂျပန်နိုင်ငံမှ မှာယူခြင်းဖြစ်ကြောင်း သိရသည်။ Transcom

# ပုရွက်ဆိတ်ကုန်း - ရေကူးလမ်းပိုင်း အဆင့်မြှင့်တင်ပြီးမှသာ လက်ရှိရထားပြေးဆွဲပေးနေသည့် အစီအစဉ်ကို ပြောင်းလဲမည်

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အရှေ့ခြမ်းရှိ ပုရွက်ဆိတ်ကုန်း - ရေကူးလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဧနှစ်၁၀ရီလတွင် အပြီးသတ်ဆောင်ရွက်ပြီးမှသာ လက်ရှိရထားပြေးဆွဲပေးနေသည့် အစီအစဉ်ကို ပြောင်းလဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

လက်ရှိတွင် ပုရွက်ဆိတ်ကုန်း နှင့် ရေကူးဘူတာကို တစ်လမ်းသွား စနစ်ဖြင့်ပြေးဆွဲနေပြီး အဆိုပါပြေးဆွဲမှုများကို အောက်တိုဘာလ ၁၇ ရက်ကစတင်ဆောင်ရွက်ခဲ့သည်။

ပထမအဆင့်အနေနှင့် အတွင်းလမ်းပိုင်းကိုပိတ်၍ ပြုပြင်နေပြီး ဒီဇင်ဘာလအတွင်း အပြင်လမ်းပိုင်းကို ပိတ်၍ ပြုပြင်မည်ဖြစ်ကာ အဆိုပါလမ်းပိုင်းပြုပြင်ပြီးမှသာ ရထားပြေးဆွဲရေးအစီအစဉ် ပြောင်းမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အရှေ့ခြမ်း တည်ငြိမ်ကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း ရထားလမ်းပိုင်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ အစုန်အဆန်ရထားလမ်းကြောင်းနှစ်ခုစလုံးပိတ်ပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း မင်္ဂလာဒုံမှ တည်ငြိမ်ကုန်းဘူတာသို့ တွဲဆိုင်းလေးဆိုင်းဖြင့် လွန်းပြန်ပြေးဆွဲပေးလျက်ရှိသည်။

လက်ရှိဆောင်ရွက်နေသည့် ပုရွက်ဆိတ်ကုန်း- ရေကူး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးပါက ပုဇွန်တောင်-ရေကူး လမ်းပိုင်းကို ဆက်လက်ပြုပြင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ Transcom

# လူမှုရေးဝန်ဆောင်မှု သတင်းအချက်အလက် စနစ်တည်ထောင်ခြင်းနှင့် Joint Training များ ဆောင်ရွက်ခြင်းတို့ကို အာဆီယံ + ၃ နှင့် ဆွေးနွေး

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် နိုဝင်ဘာလ ၂၂ ရက်က ကျင်းပပြုလုပ်သော (၆) ကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများ၏ အစည်းအဝေး ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတက်ရောက်၍ပါဝင်ဆွေးနွေးခဲ့ကြောင်းသိရသည်။

အာဆီယံ + ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံများမှ ဆွေးနွေးရာတွင် ဂျပန်နိုင်ငံအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ လူမှုဝန်ထမ်းလုပ်ငန်းရပ်များ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူတိုင်းအကျုံးဝင် မသန်စွမ်းသူများဖွံ့ဖြိုးရေးဆိုင်ရာ ရပ်ရွာအခြေပြုလုပ်ငန်းများ၊ မသန်စွမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်သင်တန်းများရရှိရေး၊ အာဆီယံဒေသတွင်းနိုင်ငံများရှိ လူမှုဝန်ထမ်းလုပ်ငန်းရပ်များအားလေ့လာ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်း၍ မဲခေါင်-လန်ချန်း လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံအနေဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်နှင့် သက်ကြီးရွယ်အိုဆိုင်ရာ သုတေသနလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ+၃ နိုင်ငံများအနေဖြင့် အာဆီယံနိုင်ငံများဆိုင်ရာ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၂၀-၂၀၂၅ ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့်လူသားအရင်းအမြစ်၊ နည်းပညာ၊ ငွေကြေးများပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံအနေဖြင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် အရည်အချင်းပြည့်ဝသောဝန်ထမ်းများ ပိုမိုရရှိစေခြင်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း၊ လူမှုရေးဝန်ဆောင်မှု သတင်းအချက်အလက်စနစ် တည်ထောင်ခြင်းနှင့် Joint Training များ ဆောင်ရွက်ခြင်းတို့ကို အာဆီယံ + ၃ နိုင်ငံများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ES

# ဘာလင်မြို့၌ပြုလုပ်သည့် "BUSINESS MEETS DIPLOMACY" တွင် နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြား

ဘာလင်မြို့၊ Radisson Blu ဟိုတယ်၌ ပြုလုပ်သည့် German-Asian Business Circle က ကြီးမှူးကျင်းပသည့် "BUSINESS MEETS DIPLOMACY" အစီအစဉ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှသိရသည်။

ဂျာမန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့အခြေစိုက် German-Asian Business Circle (DAW) က ကြီးမှူး၍ ဘာလင်မြို့၊ Radisson Blu ဟိုတယ်၌ နိုဝင်ဘာလ ၂၀ ရက်က ကျင်းပပြုလုပ်သည့် "BUSINESS MEETS DIPLOMACY" ဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုများအား ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်တွင် မြန်မာသံအမတ်ကြီးက The State of Economy and Investment in Myanmar: Opportunities and Challenges ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာသံအမတ်ကြီးက ယနေ့မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများ ဥပဒေတို့ပြဋ္ဌာန်းခဲ့မှုအပါအဝင် စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာမှု မြန်မာအစိုးရမှ ဖော်ဆောင်လျက်ရှိသည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များမှ ရရှိနိုင်သည့် အခွင့်အလမ်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှစိန်ခေါ်မှုများ၊ လျင်မြန်စွာ ပြောင်းလဲတိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုများကို နွေးထွေးစွာ ဖိတ်ခေါ်လျက်ရှိသော (investor-friendly) မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များသိရှိလျက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုအစီအစဉ်မှာ ဂျာမန်စီးပွားရေးအသိုင်းအဝိုင်းအား အာရှနိုင်ငံများက သံအမတ်ကြီးများနှင့် ထိတွေ့ပေးပြီး နိုင်ငံအလိုက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပြောကြားနိုင်ရန် စီစဉ်ထားရှိပြီး အစီအစဉ်အောက်၌ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံက တတိယမြောက်အဖြစ် ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ES

# ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းနှင့် နယူးမြန်မာဖောင်ဒေးရှင်းတို့ပူးပေါင်း၍ "လွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ" ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနှင့် နယူးမြန်မာဖောင်ဒေးရှင်းတို့ပူးပေါင်း၍ "လွတ်တော်ရွေးကောက်ပွဲနည်းဥပဒေ" ဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန်မြို့နယ် စက်ဆန်းဟိုတယ်၌ နိုဝင်ဘာလ ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အရပ်ဖက်က လူမှုအဖွဲ့အစည်းများက ပြည်သူ့လွတ်တော်ရွေးကောက်ပွဲနည်းဥပဒေတွေ ပါရှိသည့် နည်းဥပဒေများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ဆွေးနွေးခြင်းနှင့် ပတ်သက်၍ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း စီမံကိန်းမန်နေဂျာ ဒါရိုက်တာ ဦးမျိုးအောင်ထွေးက "ကျွန်တော်တို့ ဒီနေ့ဆွေးနွေးတာကတော့ လွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ အလုပ်ရုံဆွေးနွေးပွဲပါ။ နည်းဥပဒေ၊ ဥပဒေကြမ်းတွေနဲ့ ပတ်သက်တာတွေကို အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သက်ဆိုင်ရာ ပညာရှင်တွေများစွာရှိတယ်။ သူတို့ရဲ့အကြံပြုချက်တွေကို ယူတယ်။ ပြီးလို့ရှိရင် မူလပြင်ဆင်ချက်၊ ပြင်ဆင်ချင်တဲ့အရာ၊ ဘာကြောင့် ပြင်ဆင်လည်းဆိုတဲ့ အကြောင်းပြချက်တွေကို ဥပဒေဆိုင်ရာအကြံပြုချက်ကို ရေးဆွဲပြီးတော့ လွတ်တော်မှာ သွားရောက်ဆွေးနွေးလေ့ရှိပါတယ်။ လွတ်တော် ရွေးကောက်ပွဲ နည်းဥပဒေနဲ့ ပတ်သက်ပြီး ကြိုဆိုစရာကောင်းပါတယ်။ နည်းဥပဒေမှာ ပိုပြီးကောင်းလာတဲ့အချက်တွေ ရှိလာတယ်။ မဲစာရင်းပြုလုပ်တဲ့ အချက်အလက်တွေက ပိုပြီးကောင်းလာတယ်။ ဥပမာတပ်မတော်သားတွေ မဲပေးတဲ့အခါဆိုရင် ပိုပြီးတော့ ပွင့်လင်းမြင်သာမှုရှိလာတယ်။ မဲပေးလို့ရနိုင်တဲ့ အနေအထားမျိုးဖြစ်လာတယ်။ လူတစ်ယောက်ချင်းစီရဲ့ လွတ်လပ်တဲ့ မဲဆန္ဒရဖို့ဟာက ကျွန်တော်တို့ ဒီရွေးကောက်ပွဲမှာ အရေးကြီးတဲ့ ဟာဖြစ်တယ် " ဟုပြောသည်။

"လွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ" ကို ဆွေးနွေးကြရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉) တွင် ပါဝင်သည့်အချက်များဖြစ်သည့် ကြိုတင်ဆန္ဒမဲပေးရာတွင် မဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းအား မထိခိုက်စေရန်၊ ရပ်ကွက် (သို့) ကျေးရွာအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ (မသန်စွမ်းသူများ အပါအဝင်) လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး၊ ကော်မရှင်၏ တာန်ပေးချက်နှင့် အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့် အတူနေထိုင်ကြသည့် အိမ်ထောင်စုဝန်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာ ရပ်ကွက် (သို့) ကျေးရွာအုပ်စုအတွင်း ရှိမဲဆန္ဒရှင်များနှင့် အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် စသည်ဖြင့် ဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ အရပ်ဖက် လူမှုအဖွဲ့အစည်းများဖြစ်သည့် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း၊ မြန်မာနိုင်ငံရှေ့နေများကွန်ရက်၊ နယူးမြန်မာ၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးကွန်ရက်၊ အနာဂတ်ကြယ်စင်၊ တောင်သူလယ်သမားအကျိုးဆောင်ကွန်ရက်၊ Strong Flower Woman Group စသည့် အဖွဲ့အစည်းပေါင်း (၃၀) ကျော် တက်ရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

BPO

# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် ရောက်ရှိ

Nippon Meru သင်္ဘောဖြင့် လေ့လာရေးခရီးစဉ် ထွက်ခွာလာသော (၄၆) ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် (Ship for South-east Asian and Japanese Youth Program-SSEAYP) သည် နိုဝင်ဘာလ (၂၂) ရက်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ရောက်ရှိလာခဲ့ သည်။

(၄၆)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်သည် ဂျပန်နိုင်ငံမှ ဗီယက်နမ်နိုင်ငံ၊ ဗီယက်နမ်မှ စင်ကာပူ၊ စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့ သို့ရောက်ရှိခြင်းဖြစ်သည်။ ထိုသို့ ရောက်ရှိစဉ် တက္ကသိုလ်ကိုးကျောင်းသို့သွားရောက်ကာ ကျောင်းသား / ကျောင်းသူများနှင့်တွေ့ဆုံ၍ Institutional Visit and Interaction with local Youths အစီအစဉ်ကို ဆောင်ရွက်သွားခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program-SSEAYP) သည် ဂျပန်နိုင်ငံအစိုးရ၏ ဦးဆောင်စီစဉ်ကြီးကြပ်မှုဖြင့် ၁၉۷۹ ခုနှစ်မှ စတင်၍ ဂျပန်နှင့်အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များလည်လည် လေ့လာသောခရီးစဉ်ဖြစ်သည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ လူငယ်အချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်သော စွမ်းရည်များပျိုးထောင်ပေးရန်တို့ ဖြစ်ကြောင်းသိရသည်။

၁۹۷۹ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သာ သင်္ဘောခရီးစဉ်တွင် ပါဝင်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံသည် ၁۹۹۷ ခုနှစ်၌ ASEAN အဖွဲ့ဝင်နိုင်ငံအဖြစ် ခွင့်ပြုပြီးနောက်ပိုင်း ၁۹۹၈ ခုနှစ်မှစ၍ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်သို့ ပါဝင်လာခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များသင်္ဘောခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ လူငယ်အချင်းချင်းအပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်သော စွမ်းရည်များ ပျိုးထောင်ပေးရန်တို့ဖြစ်သည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ Nippon Meru သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program-SSEAYP) သည် နိုဝင်ဘာလ (၂၅) ရက်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်သည် မြန်မာနိုင်ငံသို့ လေးကြိမ်မြောက်ရောက်ရှိခြင်းဖြစ်ပြီး အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံမှ လူငယ် ၂၈ ယောက်နှင့် ခေါင်းဆောင်တစ်ဦး စုစုပေါင်း ၂၉ ယောက် လိုက်ပါခွင့်ရခဲ့ပြီး ဂျပန်နှင့် အာဆီယံ ၁၁ နိုင်ငံက လူငယ်ကျောင်းသား ၃၃၀ ပါဝင်ကြောင်း သိရသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ Nippon Meru သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program-SSEAYP) သည် နိုဝင်ဘာလ (၂၅) ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

ES

# အစိုးရ စက်မှုလက်မှုသိပ္ပံ (မန္တလေး)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (ပထမနှစ်) ဝင်ခွင့် လျှောက်လွှာများခေါ်ယူ

အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် A.G.T.I ဒီပလိုမာ ညနေပိုင်း ပထမနှစ်သင်တန်းသားများ ခေါ်ယူနေပြီဖြစ်သည်။

အဆိုပါ သင်တန်းလျှောက်ထားသူသည် နည်းပညာနှင့် သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့်အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။ ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်။ အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။

ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သုတနည်းပညာတို့ဖြစ်ပြီးသင်တန်းကာလမှာ (၃) နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက A.G.T.I ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်။

ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)၌ စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို ဒီဇင်ဘာလ ၂ ရက်နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။ ထို့အပြင်သင်တန်းလျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား (မိတ္တူ)၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ (မူရင်း)၊ သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း)၊ အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်သူဖြစ်ပါက သက်ဆိုင်ရာကျောင်းမှ တရားဝင်ထုတ်ပေးထားသည့် အောင်လက်မှတ်(မူရင်း/မိတ္တူ)နှင့် အမှတ်စာရင်း (မူရင်း) (သို့မဟုတ်) အောင်လက်မှတ်မရှိပါက အောင်မြင်ကြောင်းထောက်ခံစာ (မူရင်း)၊ လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)နှင့်ပတ်စ်ပို့အရှယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

အဆိုပါ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)ဖုန်း ၀၉-၇၇ဖ ၆၈၀၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ES

# မြန်မာနိုင်ငံသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ဖွဲ့စည်းမည်

ပြည်တွင်း၊ ပြည်ပနိုင်ငံများရှိ ကမ်းနီးကမ်းဝေးသင်္ဘောများတွင် လိုက်ပါလုပ်ကိုင်နေသော မြန်မာသင်္ဘောသားအလုပ်သမားများကို ကူညီဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ကို မြန်မာနိုင်ငံသင်္ဘောသား၊ အလုပ်သမားများအဖွဲ့ချုပ် (MSF) အဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၉ ရက်က ရန်ကုန်မြို့(၃၇)လမ်း အောက်ဘလောက်ရှိ (MSF) ရုံးခန်း ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ယာယီစီမံခန့်ခွဲမှုကော်မတီဝင် ကပ္ပတိန်စိုးလွင်က "ကျွန်တော်တို့ အဖွဲ့ချုပ်ကတော့ သင်္ဘောသားတွေရဲ့ ရပိုင်ခွင့်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရရှိအောင်၊ နစ်နာမှုတွေမရှိအောင် ကူညီပေးတဲ့အဖွဲ့ပါ။ အားလုံးလွမ်းခြိုနိုင်အောင် အရင်ကရှိခဲ့တဲ့ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်အမည်ကနေ မြန်မာနိုင်ငံသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်အဖြစ် ပြောင်းလဲဖွဲ့စည်းသွားမှာပါ။ ပင်လယ်ကူးဆိုတာကို ဖြုတ်လိုက်ပြီး သင်္ဘောသားအားလုံး ပါဝင်နိုင်အောင်ပါ" ဟု ပြောသည်။

ယခင်သင်္ဘောသားများကို ကိုယ်စားပြုသော ရွေးချယ်ခံသင်္ဘောသားကိုယ်စားလှယ်များဖြစ်သည့် သင်္ဘောကုန်းပတ်အရာရှိ ရှစ်ဦး၊ အင်ဂျင်နီယာအရာရှိ ရှစ်ဦး၊ တက်မကိုင်၊ ဆီလောင်းစသည့် အရာရှိမဟုတ်သော တခြားအဆင့်သင်္ဘောသား ၁၇ ဦး စုစုပေါင်း ၃၃ ဦးကို ကနဦးအသင်းသားများ၏ ဆန္ဒအရ ကနဦးအနေဖြင့် ရွေးချယ်ထားသော ၃၃ ဦး ကိုယ်စားလှယ်အဖွဲ့ကို မရွေးချယ်တော့ဘဲ အလုပ်အမှုဆောင် ၁၅ ဦးကို တိုက်ရိုက်ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ယင်းရွေးချယ်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ညီလာခံကျင်းပကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Transcom

# အိမ်ခေါင်မိုးတွင် ထောင်ထားသည့် ဆက်သွယ်ရေး တာဝါတိုင်များ လမ်းများတွင် ပြောင်းလဲစိုက်ထူမည်

ရန်ကုန်တိုင်းအတွင်း ရှုပ်ထွေးနေသည့် ဆက်သွယ်ရေးကြိုးများ စနစ်တကျ ဖြစ်စေရေးအတွက် ကုမ္ပဏီများအား တင်ဒါခေါ်ယူလုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပြီး အိမ်ခေါင်မိုးပေါ်တွင် ထောင်ထားသည့် ဆက်သွယ်ရေးတာဝါတိုင်များကို Smart pok ၊ Monopok အဖြစ် ပြောင်းကာ လမ်းဘေးတွင် စိုက်ထူသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) မှ သိရသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကုမ္ပဏီပေါင်း ၁၅၀ ကျော် မှတ်ပုံတင်ထားသည့်အနက် YCDC နှင့် စာချုပ်ချုပ်ဆိုထားသည့် Fiber Optic Cable နှင့် ဆက်စပ်ဆက်သွယ်ရေးကိရိယာများ၊ Wifi ချိတ်ဆက်မှုများ တပ်ဆင်ချိတ်ဆွဲခြင်းနှင့် ဆက်သွယ်ရေးတိုင်များ စိုက်ထူခြင်း လုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီ ၂၃ ခုရှိကြောင်း သိရသည်။

ထို့ပြင် ညပိုင်းတွင် ခိုးသွယ်နေမှုများရှိသဖြင့် အဆိုပါ စည်းကမ်းမဲ့မှုများအား ထိန်းချုပ်နိုင်ရေးအတွက် ဆက်သွယ်ရေးကြိုးများ သွယ်တန်းခြင်းလုပ်ငန်းများကို ကုမ္ပဏီများ တင်ဒါခေါ်ယူလုပ်ကိုင်ခွင့်ပေးရန်အတွက် YCDC ၊ ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ဆက်သွယ်ရေးကုမ္ပဏီပေါင်း ၁၅၀ ကျော်ကို ကိုယ်စားပြုသည့် ကုမ္ပဏီ ၂၀ ကျော် ပါဝင်သည့် အဖွဲ့ကို တိုင်းအစိုးရကဖွဲ့စည်းပေးခဲ့ပြီး တင်ဒါခေါ်ယူခဲ့သည်။

လက်ရှိတွင် ရန်ကုန်တိုင်းအတွင်း ခရိုင်အလိုက် Lot ၆ ခုဖွဲ့ထားပြီး အိမ်ခေါင်မိုးပေါ်ရှိ တာဝါတိုင်များကို Smart Pok ၊ Monopok အဖြစ် ပြောင်းရန် EOI ခေါ်ထားပြီးဖြစ်ကာ လျှောက်ထားသည့် ကုမ္ပဏီပေါင်း ၄၄ ခုရှိသည်။

ရန်ကုန်စည်ပင်အနေဖြင့် မြို့နယ်အချို့ရှိ ခွင့်ပြုချက်မဲ့ဆက်သွယ်ရေး သွယ်တန်းနေမှုများကို ပြည်လမ်း၊ အလုံလမ်းများအပါအဝင် လမ်းအလိုက် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် နေရာများကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် Lot အလိုက် တင်ဒါအောင်မြင်သော ကုမ္ပဏီများပေါ်ပေါက်လာပါက ထိုလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီကသာ စနစ်တကျထိန်းချုပ်သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်မည့် ကိစ္စများကို စည်ပင်ကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒွီ

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်း နှစ် (၃၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်(၃၀)ပြည့် အထိမ်းအမှတ်နှင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို နိုဝင်ဘာလ(၂၀) ရက်က နေပြည်တော်၊ သင်္ဂီဟာဟိ တယ်၌ ကျင်းပခဲ့သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ယနေ့သည် ၂၀၁၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ဖြစ်သကဲ့သို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားလည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကလေးများအားလုံး တူညီသောအခွင့်အရေးများရရှိရေး တစ်ဦးတစ်ယောက်မျှမကျန်ရစ်စေအောင် အားလုံးပါဝင်စေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံ၌ ကလေးသူငယ်(၁၇)သန်းခန့်ရှိကြောင်း၊ ထိုကလေးငယ်များသည် အနာဂတ်နိုင်ငံကိုပုံဖော်မည့်သူများဖြစ်သောကြောင့် ယနေ့ အခမ်းအနားသည် ကလေးသူငယ်များအတွက် ကောင်းသောအမွေများ လက်ဆင့်ကမ်းပေးနိုင်ရန် မည်သို့ ဆောင်ရွက်ပေးရမည်ကို ဂရုစိုက်အာရုံပြုစေနိုင်သည့် အခမ်းအနားလည်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ယူနီဆက်မြန်မာမှ ဌာနေကိုယ်စားလှယ်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကော်မတီဥက္ကဋ္ဌများ စသည်ဖြင့်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်(၃၀)ပြည့် အထိမ်းအမှတ်နှင့် ၂၀၁၉ ခုနှစ်ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကလေးငယ်များ၊ ဆယ်ကျော်သက် လူငယ်များ ကစုစည်းပြီး ရွှေရောင်လင်းပြာ အဖွဲ့က မြို့နယ်အဆင့်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီကိစ္စ၊ ဓူဝံအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ကလေး သူငယ် လွတ်တော်ကော်မတီကိစ္စ၊ ဒို့အားလုံးရဲ့ အသံအဖွဲ့က အမျိုးသမီးနှင့် ကလေး သူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီတွင် လူငယ်များ ပိုမိုပါ ဝင်နိုင်ရန်နေရာတစ်ခု ဖန်တီးပေးခြင်းကိစ္စ၊ ဗေဒါအဖွဲ့က ကလေးသူငယ်များ၏ အခက်အခဲပြဿနာများကို ကိုယ်တိုင်တင်ပြဆွေးနွေးဖော်ဆောင်နိုင်သောနေရာ-လူငယ်လွတ်တော်ကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အသီးသီးက ဆန်းသစ်သောအကြံဉာဏ်များကို ပြသခြင်း၊ ကလေးသူငယ်များ၏ ထင်မြင်ယူဆချက်များကို တာဝန်ရှိသူများက ပုံမှန်နားထောင်နိုင်သည့် နည်းလမ်းအတွေးအမြင်သစ်များကို ရှင်းလင်းတင်ပြခြင်းများကို ပြခန်း (၅) ခန်းဖြင့်ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က ပြခန်းတစ်ခန်းချင်းအလိုက်ကလေးငယ်များ၏ အသံများကိုနားထောင်၍ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

ES

# MTB ဘဏ် နှင့် UMTA ၏ Tourism MSME Development ကော်မတီတို့ပူးပေါင်း၍ ခရီးသွားလုပ်ငန်းရှင်များအတွက် SME ချေးငွေဝန်ဆောင်မှု မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

MTB ဘဏ်နှင့် UMTA ၏ Tourism MSME Development ကော်မတီတို့ပူးပေါင်း၍ ခရီးသွားလုပ်ငန်းရှင်များအတွက် SME ချေးငွေဝန်ဆောင်မှု မိတ်ဆက်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက်က ရန်ကုန်မြို့၊ PANDA HOTEL ၌ ကျင်းပခဲ့သည်။

"SME LOANS ပေးဖို့ဆိုတာ ခရီးသွားကဏ္ဍမှာ SME သမားတွေ အများကြီးရှိတဲ့အတွက် အဓိက က သူတို့ကိုပေးဖို့ပါ။ တစ်ဦးကို သိန်း ၂၀၀ ကနေစပြီးပေးမှာပါ။ အဓိက ဒီလုပ်ငန်းကို စိတ်ဝင်စားမှုရှိတာ ခရီးသွားလုပ်ငန်းတွေပေါ့။ မြန်မာ့ခရီးသွားကဏ္ဍမှာက အသင်းပေါင်း ၁၁ သင်းနဲ့ အမျိုးအစားပေါင်းအများကြီးရှိပါတယ်။ အဲ့ဒီထဲမှာ ပထမဦးဆုံးစပေးဖို့ လုပ်နေတာကတော့ ခရီးသွားအသင်းမှာရှိတဲ့ SME လုပ်ငန်းသမားတွေပေါ့။ ပြီးရင်တော့ တခြားလိုအပ်တဲ့ အသင်းအဖွဲ့တွေကို ဆက်ပြီးပေးသွားမှာပါ" ဟု MTB BANK ၏ ဥက္ကဋ္ဌ ဦးရန်ဝင်းမှပြောသည်။

ဆက်လက်၍ MTB BANK ၏ Deputy Managing Director ဖြစ်သူ ကိုအန်ဒရူးခန့်မှလည်း "ဒီနေ့ပြုလုပ်တဲ့ အခမ်းအနားကတော့ မြန်မာ့ခရီးသွားဘဏ်ကနေပြီးတော့ ခရီးသွားလုပ်ငန်းရှင် UMTA Member တွေအားလုံးအတွက် SME Loan ချေးငွေလေးကို ကျွန်တော်တို့က မိတ်ဆက်ချင်တာပါ။ အဲ့ဒီချေးငွေဟာ အာမခံမလိုတဲ့ချေးငွေပေါ့။ အာမခံမလိုဘူး ဒါပေမယ့် Credit Currently Insurance ဝယ်ပြီးတော့ သူတို့အတွက် Working Capital အတွက်ရော Investment အတွက်ရော အဆင်ပြေစေမယ့် ချေးငွေမျိုးလေးကို စပြီးတော့မိတ်ဆက်ချင်တာပါ။ အဓိက ကတော့ amount လေးကမများပါဘူးသိန်း ၂၀၀ အများဆုံးပေါ့နော်။ အဲ့ဒီတော့ ဒီဟာက အစပဲရှိပါသေးတယ်။ စပြီးတော့ Customer တွေနဲ့ relationship က ၁ နှစ်၊ ၂ နှစ်၊ ၃ နှစ် ဖြစ်လာခဲ့မယ်ဆိုရင် ကျွန်တော်တို့က ဒီ Customer တွေရဲ့ Business ကို လေ့လာလို့ရသွားပြီဆိုရင် ကျွန်တော်တို့က နောက်ပိုင်းမှာဒီထက်အများကြီး သူတို့လုပ်ငန်းအတွက် အဆင်ပြေစေမယ့် ချေးငွေမျိုးပေါ့နော် ဘဏ်ဆိုတာမျိုးက ချေးငွေတစ်ခုတည်းပေးတာမဟုတ်ပဲနဲ့ အပေါင်ပစ္စည်းယူပြီး တော့ ငွေချေးပေးတာမျိုးတစ်ခုတည်းမဟုတ်ပဲနဲ့ သူတို့ရဲ့လုပ်ငန်းအတွက် အသုံးဝင်စေမယ့် cash flow base လိုမျိုး ကျွန်တော်တို့က သွားချင်ပါတယ်။ ကျွန်တော်တို့က တော့ UMTA ကနေ recommend ပေးတဲ့ Member တွေအားလုံးကို Service ပေးမယ်လို့ ရည်ရွယ်ထားပါတယ်။

ချေးငွေထုတ်ချေးဖို့ ကန့်သတ်ချက်ကတော့ ကျွန်တော်တို့ပထမဆုံး အာမခံမလိုတဲ့အတွက် ချေးငွေရဲ့အာမခံကို ထားပေးရတယ်။ ချေးငွေအာမခံဆိုတာ ကား Insurance ဝယ်သလိုပဲပေါ့။ Credit Insurance ဆိုတာရှိတယ်။ မြန်မာ့အာမခံကနေပြီး offer လုပ်တာပါ။ အဲ့ဒီ Insurance Facility ကလည်း SME အတွက်ပဲပေးတာ။ ဒါကြောင့် SME Member ဖြစ်ရမယ်။ SME Member ဖြစ်ကိုဖြစ်ရမယ်။ ပြီးရင် Ministry of Industry ပေါ့နော်။ စက်မှုနန်ကြီးဌာနက ထုတ်ပေးထားတဲ့ SME recommendation ရှိရမယ်။ အဲ့ recommendation ဘာလို့တောင်းတာလဲဆိုတော့ ဒါ update ဖြစ်တယ်။ သူတို့ရဲ့လုပ်ငန်း ဘယ်လိုလည်ပတ်နေလဲဆိုတာ အဲ့ဒီ recommendation ထဲမှာပါတယ်" ဟုဆိုသည်။

UMTA အသင်းဝင်ခရီးသွားလုပ်ငန်းများအတွက် ချေးငွေထုတ်ယူရာတွင် လိုအပ်သောအချက်အလက်များမှာ လုပ်ငန်းလည်ပတ်မှုအနည်းဆုံး (၃) နှစ်ရှိရန်၊ UMTA ၏ ထောက်ခံချက်ရရှိရန်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက် (သို့) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းရှိ SME Agency မှ ထုတ်ပေးသော Recommendation Letter ရရှိရန်၊ SME Development Center မှ ထုတ်ပေးသော SME Member Card ရရှိရန်၊ ဟိုတယ်ခရီးမှထုတ်ပေးသော လုပ်ငန်းလိုင်စင်ရှိရန်၊ လုပ်ငန်းနှင့် ပတ်သက်သော Profile အားတင်ပြရန်နှင့် လုပ်ငန်း၏ နှစ်စဉ် Audited Financial Statement များ (၃) နှစ်စာရှိရမည်။ လစဉ် ငွေထွက်စာရင်းများ နောက်ဆုံး (၁၂) လစာ ရှိရမည်ဖြစ်သည်။

Transcom

---

**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ အစ္စလာမ်မွစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ ၌ တရားစွဲဆိုခဲ့သော ဂမ်ဘီယာနိုင်ငံ၏သီကောင်းစရာအချို့အား ဖော်ပြအပ်ပါသည်။ ။**

**(ဂမ်ဘီယာနိုင်ငံသည်မြန်မာနိုင်ငံ၏အနောက်ဘက် ကီလိုမီတာ ၁၁၅၄ (မိုင်ပေါင်း ၇၃၃၁ ဒဿမ ၇၈ ခန့်အကွာ၊ အိန္ဒိယသမုဒ္ဒရာအနောက်ဘက်၊ အာဖရိကတိုက်၏ အနောက်ဘက်ကမ်းခြေ၊ အတ္တလန်တိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ရှိပြီး အာဖရိကတိုက်ရှိ အသေး ငယ်ဆုံးနိုင်ငံ ဖြစ်သည်။)**

နှစ်ပေါင်း ၂၀၀ ခန့် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်တွင် ဂမ်ဘီယာသည် ၁၉၆၅ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၈၂ မှ ၁၉၈၉ အတွင်းဆီနီဂေါနှင့် သက်တမ်းတိုသော စီနီဂမ်ဘီယာအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

၁၉۹۶ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှုက သမ္မတ အားဖြုတ်ချပြီး နိုင်ငံရေးလှုပ်ရှားမှုများကို ပိတ်ပင်ခဲ့သည်။ သို့သော် ၁၉۹۶ အခြေခံဥပဒေနှင့် သမ္မတရွေးကောက်ပွဲများအပြီးနှင့် ၁၉۹۷ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲအပြီးတွင်အရပ်သားအုပ်ချုပ်ရေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၀၂ ခုနှစ် အစောပိုင်းတွင် သမ္မတသည် သမ္မတနှင့် ဥပဒေပြုရွေးကောက်ပွဲများ ပြုလုပ်ခဲ့သည်။ အာဏာသိမ်းမှု၏ခေါင်းဆောင် Yahya A.J.J.JAMMEH သည် နောက်ဆက်တွဲရွေးကောက်ပွဲအားလုံးတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် သမ္မတရွေးကောက်ပွဲကို ဂမ်ဘီယာတွင်ကျင်းပခဲ့ပြီး အတိုက်အခံကိုယ်စားလှယ် ADAMA BARROW အနိုင်ရသည်။

| | |
|---|---|
| တရားဝင်အမည် | -ဂမ်ဘီယာသမ္မတနိုင်ငံ၊ယခင်ဆီနီဂမ်၊ ဆီနီဂေါနှင့် ဖက်ဒရေးရှင်း (1982– 1989) |
| မြို့တော် | -Banjul (လူဦးရေ ၃၅၅၀၀၀၊ မြို့ဆင်ခြေဖုံး (၅၀၀၀၀၀)၊ |
| အခြားမြို့ များ | – Serrekunda (လူဦးရေ ၂၀၀,၀၀၀)၊ Basse Santa Su၊ Georgetown (Jang jang–bureh), Juffureh ။ |
| ဖွဲ့စည်းပုံအခြေခံ | -၁၆ ဇန်နဝါရီလ ၁၉၉၇။ဥပဒေ |

**ပထဝီဝင် (ဂမ်ဘီယာနိုင်ငံသည် အာဖရိကတိုက်ရှိ အသေးငယ်ဆုံးနိုင်ငံဖြစ်သည်။)**

| | |
|---|---|
| တည်နေရာ | -အနောက်အာဖရိက၊မြောက်အတ္တလန္တိတ်သမုဒ္ဒရာနှင့်ဆီနီဂေါတို့ဝန်းရံထားသည်။ |
| ဧရိယာ | - ၁၁၃၀၀ စတုရန်းကီလိုမီတာ။ (၄၃၆၀ စတုရန်းမိုင် ။) |
| နိုင်ငံသား | -ဂမ်ဘီယာ (များ)။ လူဦးရေ ၁.၉ သန်း (၂၀၁၅ UN ခန့်မှန်း) |
| လူမျိုးစုအုပ်စုများ | -မင်ဒီကာ ၄၀%၊ ဖူလာ ၁၈%၊ ဝူလိုဖ် ၁၄%၊ ဂျိုလာ ၁၀%၊ ဆာရာဟူး ၉%၊ Serere ၈%၊ Krio/Aku Marabout, Manjago, Bambara လူဦးရေ၏ ၁၃% မှာဂမ်ဘီယာ မဟုတ်ပါ။ |
| ဘာသာစကားများ | -အင်္ဂလိပ် (တရားဝင်)၊ မင်ဒင့်ကာ၊ ဝူလို၊ ဖူလာ (ပလာရာ)၊ ဂျိုလာနှင့် အခြား ဌာနေတိုင်းရင်းသား ဘာသာစကားများ |
| စာတတ်မြောက်မှု | -၃၈% |
| ဘာသာတရား | -မွတ်စလင် ၉၅%၊ ခရစ်ယာန် ၄%၊ နတ်ကိုးကွယ်သူများ။ |

**နိုင်ငံတော်သမ္မတ အဒမ်ဘာရိုး**

| | |
|---|---|
| မြို့တော် | -ဘန်ဂျူး |
| ငွေကြေး | -ဂမ်ဘီယာ Dalasi |
| နိုင်ငံတော်အလံ | -ဂမ်ဘီယာ၏အမျိုးသားအလံသည် အနီ၊ အပြာနှင့်အစိမ်းရောင်သုံးချပ်ရှည်များရှိပြီးအဖြူရောင်အကာအရံနှစ်ခုဖြင့်ခွဲထားသည်။ |
| သယ်ယူပို့ဆောင်ရေး | -ဂမ်ဘီယာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဘန်ဂျူးဆိပ်ကမ်း |
| သဘာဝအရင်းအမြစ်များ | -ငါး၊ တိုက်တေနီယမ်၊ သံဖြူ။ |
| စိုက်ပျိုးရေးထုတ်ကုန်များ | - မြေပဲ၊ ဆန်၊ နုံစားစေ့၊ ငါး၊ စားအုန်းဆီ၊ ဟင်းသီးဟင်းရွက်၊ မွေးမြူရေးနှင့်သစ်တောလုပ်ငန်း။ |
| စက်မှုလုပ်ငန်းများ | -မြေပဲထုတ်ကုန်များ၊ ဆောက်လုပ်ရေး၊ဆက်သွယ်ရေး၊ခရီးသွားလုပ်ငန်း။ |
| ပို့ကုန်/ကုန်ကြမ်း | -မြေပဲထွက်ကုန်များ၊ငါး၊ချည်သားများ |
| ပို့ကုန်/ မိတ်ဖက်များ | -တရုတ် ၄၇.၆%၊ အိန္ဒိယ ၂၇.၂%၊ ပြင်သစ် ၅.၉%၊ ယူကေ ၄.၉% (၂၀၁၅) |

# သိမ်းမြစ်၊ ယန်စီ၊ ရောဝတီ

ဇော်ငြိမ်းဦး (MPA)



သိမ်းမြစ်၊ ယန်စီ၊ ရောဝတီလို့ ခေါင်းစဉ်တပ်မိတယ်။ လန်ဒန်မြို့ကိုကွေ့ဝိုက်ကာ ဖြတ်သန်းစီးဆင်းနေတဲ့ သိမ်းမြစ်ပေါ်မှာခရီးသွားရင်း အတွေးတွေက ဟိုရောက် ဒီရောက်နဲ့ သိမ်းမြစ်ကမ်းနားမှာ အထင်ကရအဆောက်အဦးတွေ သမိုင်းဝင်နေရာတွေ ဘာသာရေးဆိုင်ရာဘုရားကျောင်းတွေရှိတယ်။ သိမ်းမြစ်က အင်္ဂလန်တောင်ပိုင်းမှာ လန်ဒန်မြို့ကို ဖြတ်စီးဆင်းတယ်။ သိမ်းမြစ်ကမ်းပါးတွေမှာ အင်္ဂလန်သမိုင်းကိုပြောနိုင်တဲ့ အဆောက်အဦးတွေ သင်္ဘောကျင်းတွေ ယဉ်ကျေးမှုနှင့် ပတ်သက်တဲ့ အဆောက်အဦးတွေ စီးပွားရေးဆိုင်ရာအဆောက်အဦးတွေရှိသလို စားနပ်ရိက္ခာအတွက် ရေကြောင်းကုန်သွယ်မှုတွေအတွက် သိမ်းမြစ်က အရေးပါတယ်။ Severn မြစ်ပြီးလျှင် အင်္ဂလန်မှာ ဒုတိယအရှည်ဆုံးမြစ်က သိမ်းမြစ်။ ရေအရင်းအမြစ် ရဲ့ ၃ ပုံ ၂ ပုံလောက်ကိုလည်း သိမ်းမြစ်ကအထောက်အကူပေးတယ်။

သိမ်းမြစ်က နယ်နိမိတ်ပိုင်းခြားသတ်မှတ်တဲ့ နယ် မြေသတ်မှတ်တဲ့ မျဉ်းတစ်ကြောင်းဖြစ်ခဲ့တယ်။ သိမ်းမြစ် ကိုစတွေ့တော့ အရှေ့လန်ဒန်ရဲ့ Island Garden မှာ အဲ့ဒီနေ့က မြူတွေကျနေတယ်။ နေရောင်ကောင်းကောင်း မပွင့်သေးတဲ့ အင်္ဂလန်နွေရာသီရဲ့မနက်ခင်း လန်ဒန် ကနေတစ်နာရီခွဲလောက် ကားမောင်းလာရတဲ့ Canterbury လို နေရာကလာတဲ့ မြန်မာနိုင်ငံသားကျွန်တော့် အတွက်သိမ်းမြစ်ဆိုတာ စာထဲရုပ်ရှင်ထဲမှာသာ တွေ့ဖူးခဲ့တာ။ သိမ်းမြစ်ရဲ့ ဟိုဘက်ကမ်းမှာတော့ ကုန်သွယ် ရေကြောင်းလောကမှာ ကမ္ဘာ့ရေကြောင်းသမိုင်းမှာ နာမည်ကြီးတဲ့ တက္ကသိုလ်တွေ၊ ကျောင်းတွေ၊ ပြတိုက်တွေရှိတဲ့ Greenwich ရပ်ကွက် ၁၉ ရာစုက ရွက်သင်္ဘော ကြီး Cutly Sark တို့ National Maritime Museum တို့ Old Royal Naval ကောလိပ်တို့ရှိတယ်။ နောက် ကျွန်တော်တို့အသုံးပြုနေတဲ့ နာရီတွေ၊ နေ့ရက်တွေ၊ အချိန်တွေကို သတ်မှတ်ပေးတဲ့သုညဒီဂရီ လောင်ဂျီတွဒ် မျဉ်းကလည်း Greenwich အရပ်မှာ ရေးဆွဲထားတာ၊ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းကို ဆက်စပ်ရေး ဆွဲထားတဲ့ စိတ်ကူးမျဉ်းကြောင်းရှိတဲ့နေရာ Greenwich Observatory က သိမ်းမြစ်ဟိုဘက်ကမ်းမှာ အဲ့ဒီဘက် ကမ်းကိုသွားဘို့ သိမ်းမြစ်ကိုစဖြတ်ရတယ်။ ရေပေါ်က တော့မဟုတ်။ရေအောက်မှာ ဆောက်ထားတဲ့ ပေ(၁၂၀၀) ကျော်ရှည်တဲ့ လူသွားဥမင်လိုဏ်ခေါင်းကနေ လမ်းလျှောက်ရတာ။ သိမ်းမြစ်အောက်ကနေစဖြတ်ရတယ်။ သိမ်းမြစ်ရဲ့ မြောက်ဘက်နှင့် တောင်ဘက်ကိုဆက်သွယ်တဲ့ လူသွားဥမင်ကို ၁၉၀၂ ခုနှစ်မှာဖွင့်လှစ်တယ်။ ဒုတိယ ကမ္ဘာစစ်မှာပျက်စီးခဲ့တော့ ပြန်ပြင်တယ်။ တောင်ဘက်ကမ်းက Isle of dogs ပေါ် ဓာတ်လှေကားနဲ့ ပြန်တက်ရတယ်။ ၁၉ ရာစုက ရွက်သင်္ဘော်ကြီး Cutty Sark ကတော့ ပြတိုက်သင်္ဘော်အဖြစ်နဲ့ ကုန်းပေါ်ကကြိုနေတယ်။ အဲ့ဒီနားမှာ Greenwich တက္ကသိုလ်ရှိတယ်။ Old Royal Naval ကောလိပ်ရှိတယ်။ Greenwich Maritime Institute ရှိတယ်။ National Maritime Museum ရှိတယ်။ ရေတပ်သမိုင်းတွေ၊ ရေတပ်စစ်ပွဲတွေ၊ ရေတပ်သုံးအသုံးအဆောင်တွေကို အရပ်လေးမျက်နှာအဆောင်တွေသတ်မှတ်ပြီးပြထားတယ်။ နပိုလီယန်ဦးဆောင်တဲ့ ပြင်သစ်ရေတပ်နှင့် စပိန်ရေတပ်ကိုနိုင်လိုက်တဲ့ ဇြတိသျှ ရေတပ်ဗိုလ်ချုပ်ကြီးနယ်လ်ဆင်ရဲ့ ထရောဗော်ဂါတိုက်ပွဲကို တခမ်းတနားသီးသန့်ကို ပြထားတာ၊ အခြားရေကြောင်း တိုက်ပွဲစဉ်တွေကိုလည်း ပြထားတယ်။ ကျွန်တော်တို့နားယဉ်နေတဲ့ အရှေ့အိန္ဒိယကုမ္ဗဏီ အင်္ဂလိပ်-တရုတ်စစ်ပွဲတွေကိုလည်း ပြထားတယ်။

၁ နာရီလောက် ပြတိုက်ထဲမှာ အချိန်ဖြုန်းလိုက်တယ်။ ပြီးတော့ ကျယ်ပြန့်တဲ့ Greenwich ပန်းခြံကြီးကို ဖြတ်ပြီး Greenwich Meridiam Line ရှိတဲ့နေရာကို ရောက်တယ်။ Royal Observatory Greenwich နေရာက တောင်ကုန်းမြင့်မြင့်မှာ၊ အဲ့ဒီကနေ အရှေ့လန်ဒန်ဘက်ခြမ်းကို အပေါ်စီးကမြင်နေရတယ်။ Greenwich ပန်းခြံထဲမှာတော့ ရိုမန်တွေရဲ့ ဘုရားကျောင်းပျက်ရှိတယ်။ ရေတပ်အရာရှိငယ်ဘဝက ကျက်မှတ်ထားတဲ့ စာတွေကခေါင်းထဲပြန်ရောက်လာတယ်။ လမ်းလျှောက်ထားတာရယ် မနက်စောစောကတည်းက Canterbury က လာတဲ့ရယ်ပေါင်းပြီး ဗိုက်ဆာဆာနဲ့ Nondo's Greenwich ဆိုတဲ့ ပေါ်တူဂီဆိုင်မှာ မနက်စာစားဖြစ်တယ်။

ဥရောပကလာတဲ့ ခရီးသည်တွေတော်တော်များများတွေ့တယ်။ သိမ်းမြစ်တစ်လျှောက်ပြေးဆွဲတဲ့ City Cruises စီးတယ်။ သိမ်းမြစ်တစ်လျှောက်တော့ အပျော်စီးရွက်သင်္ဘောတွေ၊ အုပ်စုလိုက်လှည့်ပတ်တဲ့ ကမ္ဘာလှည့် ခရီးသည်တင်သင်္ဘောတွေသွားနေတယ်။ Canary Wharf ကတော့ လန်ဒန်ရဲ့ ငွေကြေးဆိုင်ရာစီမံခန့်ခွဲတဲ့ ကုမ္ဗဏီတွေ၊ ရုံးတွေ၊ ဘဏ်တွေရှိတဲ့နေရာလို့ဆိုတယ်။ Canary Wharf မရောက်ခင် သိမ်းမြစ်ကမ်းတစ်ဘက် တစ်ချက်စီမှာ သင်္ဘောကျင်းတွေတွေ့တယ်။ Millwall dock တို့၊ တောင်ပိုင်းသင်္ဘောကျင်းတို့ကိုတွေ့တယ်။ Tower Bridge အောက်ဖြတ်တယ်။ ခိုင်ခံ့ပြီးထုထည် ကြီးတဲ့တံတားအုတ်မြစ်တွေကို အနီးကပ်မြင်တွေ့ခွင့်ရခဲ့တယ်။

Tower Bridge ဆိုတော့ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ တတိယစစ်ပွဲကာလကို ပြန်အမှတ်ရစေတယ်။ ကိုယ်တွေက ကိုယ်အာဏာရဖို့ ရုပ်သေးဘုရင်တင်နိုင်ဖို့ အချင်းချင်းသတ်လို့ကောင်းနေတုန်း၊ ဘယ်လိုသတ်ရ မလဲလို့ ကစားကွက်ပြင်နေတုန်း၊ ရန်ဖြစ်လို့ကောင်းတုန်းအချိန်မှာ အင်္ဂလိပ်ရဲ့နည်းပညာက မြင့်မားနေပြီး Tower Bridge ကို ၁၈၈၆ ခုနှစ်ကနေ ၁၈၉၄ ခုနှစ်အထိ တည်ဆောက်ခဲ့တယ်။ ကြိုးတံတားကို ၁၈၉၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှာ ဖွင့်လှစ်ခဲ့တယ်။ ဗိသုကာလက်ရာ မြောက်တယ်။ နည်းပညာမြင့်တယ်။ အခုထိလည်းကားတွေသွားနေတယ်။ သိမ်းမြစ်ထဲမှာ သင်္ဘော်ဖြတ်ရင် တံတားကိုအပေါ်ဆွဲတင်လို့ရတဲ့ ဟိုက်ဒရောလစ်နည်းပညာနဲ့ ဆောက်ခဲ့တယ်။ အမ္ဘာမျှော်စင်နှစ်ခုရှိတယ်။ London Bridge လို့ အထင်မှားကြတယ်။

Tower Bridge ပေါ်မှာ လမ်းလျှောက်ရင်း အတွေးတွေက ရောဝတီကမ်းပါးကိုရောက်တယ်။ သပြေတန်းခံတပ်၊ မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ အစေခံ ခံတပ်တွေကိုမြင်တယ်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီး မြန်မာတို့သည် အထက်မြန်မာနိုင်ငံ လုံခြုံရေးကိုအထူးဂရုစိုက်လုပ်ဆောင်လာခဲ့ကြတယ်၊ ရေကြောင်းမှ အလွယ်တကူ ဝင်ရောက်မစွက်ဖက်လာနိုင်အောင် အချက်အချာကျသောနေရာများတွင် ခံတပ်ကြီးများကို ပြင်သစ်အင်ဂျင်နီယာတွေနဲ့ ခိုင်ခိုင်မာမာတည်ဆောက်ခဲ့ကြတယ်။ ကာကွယ်ရေးအစီအရင်များအဖြစ် ဆင်ပေါင်ဝဲစစ်အောင်ခန်းခံတပ်၊ ပန်းတော်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ အဝခံတပ်၊ စစ်ကိုင်းခံတပ်၊ သပြေတန်းခံတပ်တို့မှာ အထူးထင်ရှားတယ်။ ဘုံဘောဘားမားကုမ္ဗဏီသစ်ခိုးထုတ်မှုကိုအကြောင်းပြု၍ အင်္ဂလိပ်-မြန်မာ တတိယစစ်ဖြစ်ပွားခဲ့တယ်။ မင်းလှခံတပ်များကို ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလတိုက်ပွဲစဉ်များတွင် ဂျင်နရယ်ပရင်ဒါကတ်ဦးစီးတဲ့ ဗြိတိသျှတပ်များက သိမ်းပိုက်ခဲ့ပြီး မြန်မာနိုင်ငံဟာ နယ်ချဲ့လက်အောက်ကို ကျရောက်သွားခဲ့ရလေတယ်။ မြန်မာတို့ အင်္ဂလိပ်တို့အား စစ်ရှုံးရခြင်းက ခေါင်းဆောင်တို့၏ညီညွတ်မှုမရှိ ခြင်းကြောင့်ဖြစ်တယ်။ မြန်မာနိုင်ငံနန်းတွင်းရေး မင်ဗြိမ်သက်မှုများကြောင့် နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးအုပ်စုကွဲများ များပြားလာလေပြီ။ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးကွဲ၍ စည်းလုံးညီညွတ်ခြင်းမရှိသဖြင့် အုပ်ချုပ်ရေးညံ့ဖျင်းလာခဲ့တယ်။ အမိန့်နာခံမှုမရှိ၊ စည်းကမ်းသေဝပ်ခြင်းကင်းမဲ့လာခဲ့တယ်။ စီးပွားရေးဘက်မှာလည်း တောင့်တင်းမှုမရှိခဲ့။ အင်္ဂလိပ်တို့က လက်နက်အင်အား၊ လူအင်အား၊ ထောက်ပံ့ပို့ဆောင်မှုစွမ်းအင်များမှာ မြန်မာတို့မယှဉ်သာအောင် ကောင်းမွန်လျက်ရှိတယ်။ မြန်မာနိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်နေပြီး နန်းတွင်းရေးအရှုပ်အထွေးများကြောင့် အမြဲတမ်း မြန်မာတပ်မတော်နှင့် အရေးပေါ်ဆင့်ခေါ်၍ ဖွဲ့စည်းထားသောတပ်များက အင်္ဂလိပ်တို့အား တစည်းတလုံးတည်းတိုက်ခိုက်ခြင်း၊ အချိန်ကိုက်၍ တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ခြင်းသည်လည်း အကြောင်းအရင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။ စည်းလုံးညီညွတ်သော ဦးဆောင်မှုများလည်းကင်းမဲ့နေခဲ့ပြီ။ မြန်မာတို့သည် ခေတ်နှင့် အလိုက်တိုးတက်လျက်ရှိသော စစ်ပညာများကို လစ်လျူရှုခဲ့မိတဲ့အတွက် ပထမနှင့် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲများရှုံးနိမ့်ခဲ့ရလေပြီ။

ရောက်ဖူးတဲ့ အိန္ဒိယ Red Fort ခံတပ်နှိုင့် အာဂရာခံတပ်၊ ဂိုအာခံတပ်တို့ကို မြင်ယောင်တယ်။ အခိုင်အခဲ့ထုနဲ့ထည်နဲ့ ဆောက်ထားခဲ့တာ။ ကနောင်မင်းသားကြီးက မြင်ကွန်းမြင်းခုန်တိုင်မင်းသား (၂)ပါးကြောင့် အသတ်ခံရတာမှန်ပေမဲ့ အခြားပယောဂပါသေးလား တွေးမိတယ်။ အဲ့ဒီခေတ် အဲ့ဒီကတည်းက သူများနောက်မှာ အခုအချိန်ထိလည်း သူများကျွေးတဲ့အဆိပ်စားပြီး ရန်ဖြစ်လို့ကောင်းကြတုန်း။ Tower Bridge အမ္ဘာမျှော်စင်မှာ ရှေ့ခေတ်က အစောင့်စစ်သည်တွေထားရှိခဲ့တယ်။ Tower Bridge နားမှာ Tower of London ဆိုတာက သိမ်းမြစ်ရဲ့မြောက်ဘက်ကမ်းနားမှာ တော်ဝင်မင်းမျိုး

စာ-၉ »

> “ မြန်မာတို့သည် ခေတ်နှင့်အလိုက် တိုးတက်လျက်ရှိသော စစ်ပညာများကို လစ်လျူရှုခဲ့မိတဲ့အတွက် ပထမနှင့် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲများရှုံးနိမ့်ခဲ့ရလေပြီ ”

# Qualcomm® 215 64–bit processor အား ကမ္ဘာပေါ်တွင် ပထမဦးဆုံးထည့်သွင်း အသုံးပြုထားသည့် စမတ်ဖုန်းကို VinSmart မှ မိတ်ဆက်

VinSmart သည် ၎င်း၏ ဒုတိယမျိုးဆက် စမတ်ဖုန်းမော်ဒယ်များဖြစ်သည့် Vsmart Live, Vsmart Bee, Vsmart Star နှင့် Vsmart Joy2+ တို့အား မကြာသေးမီက မြန်မာနိုင်ငံဈေးကွက်အတွင်း စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါ စမတ်ဖုန်းများအနက် Vsmart Star သည် သင့်တင့်သောဈေးနှုန်းနှင့် အကောင်းမွန်ဆုံးသောအသုံးပြုမှု အတွေ့အကြုံများအား ယူဆောင်လာပေးနိုင်မည့် စမတ်ဖုန်းအမျိုး အစားသစ်တစ်မျိုးဖြစ်ပြီး လူကြိုက်များပြီးလှပသော ဒီဇိုင်းပိုင်းနှင့် အဆင့်မြင့်မားသော လုပ်ဆောင်ချက်များအား ထည့်သွင်းပေးထားကြောင်း သိရသည်။

Vsmart သည် Qualcomm® 215 64–bit processor အမျိုးအစားအား Vsmart Star တွင် ထည့်သွင်းပေးထားသည့်အတွက် အဆိုပါ processor အမျိုးအစားအား ကမ္ဘာပေါ်တွင် ပထမဦးဆုံးထည့်သွင်းအသုံးပြုထားသည့် စမတ်ဖုန်းဖြစ်လာခဲ့သည်။ ဤ Qualcomm® 215 64–bit processor အား ထည့်သွင်းပေးထားသည့်အတွက် Vsmart Star စမတ်ဖုန်းသည် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်လာပြီး (CPU စွမ်းဆောင်ရည် ၄၅% အထိ ပိုမိုမြင့်မားလာပြီး GPU စွမ်းဆောင်ရည် ၂၈% အထိ ပိုမိုမြင့်မားလာသည်) ဘက်ထရီ၏ ကြာရှည်ခံမှုကိုလည်း ပိုမိုကောင်းမွန်လာစေသည့်အတွက် ဗီဒီယိုများ ကြည့်ရှုခြင်းနှင့် ဂိမ်းများကစားခြင်းတို့ကို စိတ်ကြိုက်ပြုလုပ်နိုင်မည် ဖြစ်သည်ဟုဆိုသည်။

ပြီးပြည့်စုံသော အတွေ့အကြုံများအား ရရှိနိုင်မည့် water drop မျက်နှာပြင်ပါဝင်သည့် လူကြိုက်များသော ဒီဇိုင်း၊ ယုံကြည်မှုအပြည့်ရှိစေမည့် အဆင့်မြင့် dual ကင်မရာ၊ ပိုမိုအဆင်ပြေလွယ်ကူမှုရှိပြီး ကောင်းမွန်သော စွမ်းဆောင်ရည်ကောင်းများရရှိစေမည့် အဆင့်မြင့်လုပ်ဆောင်ချက်များနှင့် VSmart Star စမတ်ဖုန်းတွင် နောက်ဆုံးပေါ် Android ပလက်ဖောင်းအားအခြေခံ၍ တီထွင်ဆန်းသစ်ထားသည့် ကိုယ်ပိုင် operating system VOS 2.0 ကိုလည်း ထည့်သွင်းပေးထားကြောင်း VSmart က ဆိုသည်။ ထို့အပြင် Vsmart Star စမတ်ဖုန်းတွင် 2 GB RAM, 16 GB ROM နှင့် 10 W fast charging စနစ်ပါဝင်သည့် 3,000 mAh ဘက်ထရီလည်း ပါဝင်ကြောင်း သိရသည်။ အဆိုပါ Vsmart Star အား မြန်မာငွေကျပ် ၁၁၉,၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။

Vsmart စမတ်ဖုန်းများနှင့် ပတ်သက်သည့် ဒီဇိုင်း၊ လုပ်ဆောင်ချက်များ၊ လုပ်ဆောင်နိုင်မှုများနှင့် ဈေးနှုန်းများစသည့် အသေးစိတ်အချက် အလက်များအား https://vsmart.net/mm-mm/ တွင် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ES

# Yangon Water Bus ကို နည်းစနစ်အသစ်များဖြင့် ပြန်လည်ပြေးဆွဲနိုင်ရန် စီစဉ်နေ

Yangon Water Bus ကို နိုင်ငံခြားမှဝယ်ယူထားသည့် ရေယာဉ်များဖြင့် Payment စက်များတပ်ဆင်၍ ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး ရေယာဉ်အချို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပြေးဆွဲရန်စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ သိရသည်။

Yangon Water Bus ပြန်လည်ပြေးဆွဲရန်အတွက် နိုင်ငံခြားမှ ယာဉ်သစ်ခြောက်စင်းဝယ်ယူထားပြီးဖြစ်ကြောင်း၊ ခြောက်စင်းအနက် နှစ်စင်းမှာ Payment Machine တွေနဲ့ပတ်သက်ပြီး KBZ Pay၊ CB Pay၊ Visa၊ Master Card စသည့် ကတ်များနှင့်ပေးနိုင်ရန် စက်များ တပ်ဆင်လျက်ရှိကြောင်း၊ နှစ်စင်းမှာတပ်ဆင်ပြီးဖြစ်ကာ လေးစင်းမှာ တပ်ဆင်ရန်ကျန်ရှိကြောင်း YRTA ရုံးခွဲပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင်တွဲဖက်အတွင်းရေးမှူး ဦးလှအောင်ကပြောသည်။

အဆိုပါလုပ်ငန်းများပြီးစီးရန် ၂၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး လုပ်ငန်းများပြီးဆုံးပါက ပြန်လည်ပြေးဆွဲမည်ဖြစ်ကာ ယခင်ပြေးဆွဲခဲ့သည့် ပြေးဆွဲလမ်းကြောင်းများတွင်ရှိသည့် ဆိပ်ခံတံတားများကို အသစ်ပြန်လည်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယခင်ကပြေးဆွဲခဲ့သည့် ပြည်တွင်းထုတ်ယာဉ်ခုနစ်စင်းနှင့် နိုင်ငံခြားထုတ်ယာဉ်သုံးစင်းအား ဧရာဝတီတိုင်းတွင် ဒေါက်တင်ထားကာ အဆိုပါရေယာဉ်များကို ကုမ္ပဏီ၏တင်ပြချက်အရ Water Bus ရေယာဉ်တွေ ဧရာဝတီတိုင်းဒေသကြီးတွင်ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။

Yangon Water Bus ပြေးဆွဲလျက်ရှိသည့်လမ်းကြောင်းများကို စက်တင်ဘာလ ၂၇ ရက်မှစ၍ ရပ်နားခဲ့ပြီး ဆိပ်ကမ်းများ၏ မိုးရာသီ၌ ပျက်စီးမှုများအားပြုပြင်ရန်၊ ရေယာဉ်များ အကြီးစားပြုပြင်ရန်၊ ငမိုးရိပ်ချောင်းအတွင်းပြေးဆွဲမည့် ရေယာဉ်များတင်သွင်းရန်၊ ငမိုးရိပ်ချောင်းဆိပ်ကမ်းများ ဆောက်လုပ်ခွင့်ရရှိရန်၊ သန်လျင် ဆိပ်ကမ်းပြုပြင်ဆောက်လုပ်ရန်၊ ငွေပေးချေစနစ်သစ်အတွက် စက်များတပ်ဆင်ရန်တို့ကြောင့် Yangon Water Bus ပြေးဆွဲခြင်းကို ခေတ္တ ရပ်နားထားခြင်းဖြစ်သည်။

Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစတင်၍ ပြေးဆွဲခဲ့ပြီးလက်ရှိတွင် ခေတ္တရပ်နားထားကာ ယခင်က ဗိုလ်တထောင်–သမ္မတကမ်းခြေ၊ ပန်းဆိုးတန်းဆိပ်ကမ်း– အုံကြီး၊ ဗိုလ်တထောင်–အင်းစိန်၊ တံတွေးဘုရားဖူးလမ်းကြောင်း၊ ကျောက်တန်းရေလယ်ဘုရားဖူးလမ်းကြောင်း၊ ညနေပိုင်းအပျော်စီး Sunset ကြည့်ရှုလမ်းကြောင်းတို့တွင် သင်္ဘော (၁၁)စီးဖြင့်ပြေးဆွဲခဲ့ကြောင်း သိရသည်။

# OnDoctor App အာဆီယံ စီးပွားရေးထူးချွန်ဆုရရှိ

ပြည်တွင်းကျန်းမာရေး App တစ်ခုဖြစ်သည့် OnDoctor သည် ASEAN Business Awards(ABA) 2019 ကို Startup & IDE (Innovation Driven Entrepreneur) အမျိုးအစားအောက်မှာ ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ ASEAN Business Awards (ABA) 2019 ဆုကို နိုဝင်ဘာလ ၂ ရက်က ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး OnDoctor ရဲ့ CEO ဒေါက်တာထက်ဇံလင်းနဲ့ COO ဒေါက်တာဆုမွန်မွန်ထွန်းတို့က ဆုကိုလက်ခံရယူခဲ့ကြောင်း သိရသည်။

OnDoctor ရရှိခဲ့သည့်“ ASEAN Business Awards 2019 ” ဆုမှာ အာဆီယံဒေသအတွင်း ဂုဏ်သိက္ခာကြီးမားသည့်ဆုဖြစ်ပြီး အာဆီယံနိုင်ငံအသီးသီးမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကုမ္ပဏီတွေဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ဆုရရှိတာနှင့်ပတ်သက်၍ ဒေါက်တာထက်ဇံလင်းက “လုပ်ဖြစ်ခဲ့တဲ့ရည်ရွယ်ချက်က Universal Health Coverage လို့ခေါ်တဲ့ တစ်ကမ္ဘာလုံး ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကျတဲ့ Basic Essential Primary Health Care ပေါ့။ အဲ့ဒါကို လူတိုင်းငွေကုန်ကြေးကျအခက်အခဲမရှိဘဲ Accessible ဖြစ်နိုင်ရမယ် ရည်ရွယ်ပြီး Mobile App ကနေ ကျန်းမာရေးအတွက် ဖြေပေးခဲ့တာ အခုဆိုရင် သုံးနှစ်ကျော်လာပြီ။ လက်ရှိမှာ App သုံးစွဲသူ တစ်သိန်းကျော်ရှိတယ်။ နေ့စဉ်မေးတဲ့သူတွေလည်းအများကြီးရှိတယ်။ တကယ်လည်း Community မှာ အကျိုးကျေးဇူးများတဲ့အတွက် ဆုတွေဝင်ပြိုင်ဖြစ်တယ်။ ဒါကြောင့် ဆုတွေလည်းရခဲ့တာပါ” ဟုဆို သည်။

OnDoctor App ကို ၂၀၁၆ ခုနှစ် မှာ စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းမှာ အများပြည်သူအတွက် ကျန်းမာရေးမေးခွန်းများ နေ့စဉ်ဖြေကြားပေးမှု၊ ကျန်းမာရေးဆောင်းပါးများ၊ ရုပ်ပုံနှင့်ဗီဒီယိုများကို နေ့စဉ်တင်ဆက်ပေးမှုတို့ကို လုပ်ဆောင်လျက်ရှိသည်။

ES

»၈-၈

၈

မင်းနွယ်တွေရဲ့ ခံတပ်တစ်ခုအဖြစ်နဲ့ ၁၂ ဧကလောက်ရှိတဲ့မြေမှာ ခန့်ခန့်ထည်ထည်ရှိနေတုန်းပဲ။ အဲလိုဧဘက်ဘုရင်မကြီးပိုင်တယ်။ နော်မန်တွေ အင်္ဂလိပ်ကိုနိုင်တဲ့ ၁၀၆၆ ခုနှစ်ပတ်ဝန်းကျင်တည်းက ဆောက်ခဲ့တာလို့ အဆိုရှိတယ်။ အဖြူရောင်မျှော်စင်က ၁၀၇၈ ခုနှစ်မှာ ဆောက်တယ်။ အတွင်းဆောင်တွေကို ၁၁၉၀ ခုနှစ်ပတ်ဝန်းကျင်မှာ ဆောက်ခဲ့တယ်လို့ဆိုတယ်။ ၁၂၈၅ ခုနှစ်မှာ ပြန်ဆောက်ခဲ့တယ်။ ခုတော့ UNESCO ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်နေပြီ။

Tower House မှာတော့ သရဖူတွေ၊ နန်းစဉ်ရတနာတွေ၊ လက်နက်ခဲယမ်းတွေ၊ တော်ဝင်အသုံးအဆောင်တွေကို Jewel House မှာ ထိန်းသိမ်းပြသထားတယ်။ စိတ်ဝင်စားခဲ့တာက Traitor' Gate အပြစ်သားတွေကို အထုတ်အသွင်းလုပ်တဲ့တံခါးကို သိမ်းမြစ်ကမ်းပါးဘေးမှာ အက်ဒွပ် (၁)ဘုရင်လက်ထက်က ဆောက်လုပ်ခဲ့တယ်။ မြစ်ဘက်ကိုလှည့်ပြီးချိန်ထားတဲ့ အမြောက်ကြီး (၂)လက်ကလည်း သိမ်းမြစ်ကမ်းပါးမှာတွေ့ခဲ့တယ်။ Tower House က လှမ်းကြည့်လိုက်ရင် ၁၉၃၉ ခုနှစ်က တပ်တော်ဝင်ဝင်ခဲ့တဲ့ ခရစ်ဇာစစ်သင်္ဘောကြီး HMS Belfast ကို ကျောက်ချထားတာတွေ့ရမယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ တာဝန်ထမ်းဆောင်ရင်း ဂျာမန်ရေမြှုပ်မိုင်းဒဏ်ကြောင့် (၂)နှစ်လောက် ပြင်ဆင်ခဲ့ရတဲ့ သင်္ဘောကြီး၊ လက်နက်စနစ်တွေ၊ ရေဒါစနစ်တွေ ပြန်အဆင့်မြှင့်တင်ပြီး စစ်ဆင်ရေးတာဝန်တွေ ထမ်းဆောင်ခဲ့တဲ့သင်္ဘောကြီး နော်မန်ဒီကမ်းတက်တိုက်ပွဲမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကိုရီးယားစစ်ပွဲမှာပါဝင်ခဲ့တဲ့ သင်္ဘောခေတ်မီ ရေကြောင်းသွားလာရေးစနစ်တွေ၊ ပစ်ခတ်မှုထိန်းသိမ်းရေးစနစ်တွေ အဆင့်ဆင့်ပြောင်းလဲခဲ့တဲ့သင်္ဘောကြီး ၁၉၆၃ ခုနှစ်မှာ တပ်တော်ဝင်ကို ပယ်ဖျက်ခဲ့တယ်။ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလမှာ အများပြည်သူအတွက် ပြတိုက်သင်္ဘောအဖြစ်ရောက်ရှိလာခဲ့တယ်၊ သူတပ်တော်ဝင်စဉ် တာဝန်ထမ်းဆောင်ခဲ့တဲ့အရာရှိစစ်သည်တွေ လူလောကမှာမရှိတော့ပေမဲ့ ပြတိုက်သင်္ဘောအဖြစ် သိမ်းမြစ်ထဲမှာ တာဝန်ထမ်းဆောင်နေဆဲသူမှာလဲ စစ်ဆင်ရေးဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်တွေ ချောမွေ့မှုတွေ အပူဒဏ်တွေနဲ့။

ငယ်ငယ်ကသင်ခဲ့ရတဲ့ London Bridge ကတော့ သာမာန်တံတားတစ်စင်းအနေနဲ့ လန်ဒန်မြို့လည်မှာ သိမ်းမြစ်ကိုဖြတ်သန်းနေတယ်။ London Bridge Falling Down ကဗျာကြောင့် Tower Bridge နဲ့ အမှတ်မှားကြဖြစ်မယ်ထင်တယ်။ Bank site ဆိပ်ကမ်းမှာ ဆင်းပြီး ရှိတ်စပီးယားပြဇာတ်ရုံဘက်လမ်းလျှောက်ခဲ့တယ်။ ရှိတ်စပီးယားပြဇာတ်ကြည့်မယ့် သူတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေ ခြေကျင်းလိုမ့်နေတဲ့နေရာ၊ အဲ့ဒီနားမှာ ထောင်စုနှစ်တံတားလို့ဆိုတဲ့ Millennium Bridge စတီးလ်ကြိုးတံတားရှိတယ်။ သိမ်းမြစ်ရဲ့ မြောက်ဘက်ကမ်းနဲ့ တောင်ဘက်ကမ်းကို ဆက်သွယ်ထားတဲ့ တံတားတစ်စင်း လူကူးတံတားသက်သက်တည်ဆောက်ခဲ့တဲ့ စတီးလ်ကြိုးတံတားမြောက်ဘက်ထိပ်မှာ စိန်ပေါလ်ဘုရားကျောင်းကြီးရှိတယ်။ Church of England က ဆောက်ခဲ့တာ အဝေးကကြည့်ရင် အမေရိကန် ကွန်ကရက်အဆောက်အဦပုံစံမျိုးနဲ့ အင်္ဂလန်နိုင်ငံအတွင်းမှာ ဒုတိယအကြီးဆုံးဘုရားကျောင်း ချာလ်မင်းသားနဲ့ လေဒီဒိုင်ယာနာတို့ မင်္ဂလာဆောင်ခဲ့တဲ့နေရာ ရေတပ်ဗိုလ်ချုပ်ကြီးနယ်ဆင်၊ ဝယ်လန်တန်မြို့စားကြီး၊ ဝန်စတန်ချာချီရဲ့ အင်္ဂလန်ရဲ့ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်နဲ့ ၂၁ ရာစုမှ သက်တမ်းအရှည်ကြာဆုံးဝန်ကြီးချုပ်မာဂရက် သက်ချာစျာပနအခမ်းအနားကျင်းပခဲ့တဲ့နေရာ အရင် စိန်ပေါလ်ဘုရားကျောင်းက ၁၀၈၇ မှာဆောက်ခဲ့ကာ မီးလောင်ပျက်စီးပြီး အသစ်ပြန်ဆောက်တော့ ရောမန်လက်ရာကနေ ဂေါသစ်လက်ရာပြောင်းခဲ့တယ်။ မီးခဏခဏသင့်တဲ့ကျောင်းတော်ကြီးကို ၁၆၇၅ မှာ ပြန်ဆောက်ခဲ့တယ်၊ ပေါင် ၁၆၁ သန်းနဲ့ တည်ဆောက်ထားတဲ့ ကျောင်းတော်ကြီးရဲ့ အနုလက်ရာတွေကလည်း တော်တော်ကောင်းမွန်ခဲ့တယ်။ ၁၉၄၀ လန်ဒန်မြို့ မီးအကြီးအကျယ်လောင်တော့ ကျောင်းကြီးလဲ မီးခ ပြန်ဆောက်ရင်း ၁၉၈၁ ခုနှစ်မှာတော့ ကမ္ဘာ့သတင်းမီဒီယာတွေ စောင့်ကြည့်သတင်းယူခဲ့ရတဲ့ လေဒီဒိုင်ယာနာနှင့် ချာလ်မင်းသား မင်္ဂလာအခမ်းအနားကို စိန်ပေါလ်ဘုရားကျောင်းမှာ ကျင်းပခဲ့တယ်။ ဘုရားကျောင်းအပြင်နံရံက ကျောက်တုံးတွေကို ရေညီမတက်တဲ့ Port Land က ကျောက်တုံးတွေနဲ့ ဆောက်ခဲ့တယ်။ ထောင်စုနှစ်တံတားကိုလှမ်းပြန်လျှောက်ရင်း သိမ်းမြစ်တောင်ဘက်ကမ်း Bank Site ကနေ သင်္ဘောပြန်စီးခဲ့တယ်။ သိမ်းမြစ်ကမ်းနားမှာ အထင်ကရအဆောက်အဦတွေ၊ သမိုင်းဝင်နေရာတွေ၊ ခေတ်မီမြို့ပြအဆောက်အဦတွေကိုကြည့်ရင်း ဝါတာလူး (Water Loo Bridge) တံတားအောက်က ဖြတ်ခဲ့တယ်။ ဝါတာလူးတံတားကတော့ ဝယ်လင်တန် မြို့စားကြီးနဲ့ ပရပ်ရှားဗိုလ်ချုပ်ကြီး ဘလူးချား (Blu–cher) တို့ ခေါင်းဆောင်တဲ့ ခုနှစ်ပြည်ထောင်က နပိုလီယံ ဦးဆောင်တဲ့ ပြင်သစ်စစ်တပ်ကို ဘယ်လ်ဂျီယံ အဲ့ဒီအချိန်တုန်းက ဗြိတိသျှအပိုင်နယ်သာလန်မှာရှိတဲ့ ဝါတာလူးမှာစစ်နိုင်ခဲ့တဲ့အထိမ်းအမှတ်တံတား နာမည်ပေးထားခဲ့တာ။

ဝါတာလူးတံတားအကျော်မှာ (Clipper) ပေါ်ကဆင်းတယ်။ ထရော်ဗော်ဂါရင်ပြင်ကို လမ်းလျှောက်သွားဖြစ်တယ်။ ထရော်ဗော်ဂါရေကြောင်းတိုက်ပွဲက ဗြိတိသျှတော်ဝင်ရေတပ်နှင့် ပြင်သစ်–စပိန် ပူးပေါင်းရေတပ်ဖွဲ့တို့ အတ္တလန်တိတ်သမုဒ္ဒရာ စပိန်ရဲ့ အနောက်တောင်ဖက်ကမ်းရိုးတန်း ထရော်ဗော်ဂါအင္ဂနားမှာ ဖြစ်ခဲ့တဲ့ နပိုလီယံစစ်ပွဲတွေအတွင်းက ဗြိတိသျှရေတပ် အပြတ်အသတ်အနိုင်ရလိုက်တဲ့တိုက်ပွဲ၊ ဗြိတိသျှရေတပ် ဗိုလ်ချုပ်ကြီးဟိုရေးရှိုးနယ်ဆင်က HMS Victory ပေါ်ကကွပ်ကဲပြီး ပြင်သစ်–စပိန်ရေတပ်သင်္ဘော (၂၂)စီးကို ဖျက်ဆီးခဲ့တယ်။ ဗြိတိသျှရေတပ်သင်္ဘောတွေကတော့ တစ်စင်းမှ မဆုံးရှုံးခဲ့ဘူး။ ဒါပေမဲ့ ဗြိတိသျှရေတပ်ကြီး ဗိုလ်ချုပ်ကြီးနယ်ဆင်ကတော့ ပြင်သစ်စစ်သည် တစ်ယောက်လက်ချက်နဲ့ စစ်ပွဲပြီးဆုံးချိန်မှာ ကွယ်လွန်ခဲ့တယ်။ ပြင်သစ်ဗိုလ်ချုပ်နဲ့ သူ့သင်္ဘောကိုလက်ရဖမ်းဆီးနိုင်ခဲ့တယ်။ နယ်ဆင်က သူ့သင်္ဘော Victory ပေါ်ကနေ အင်္ဂလန်နိုင်ငံက တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန် မျှော်လင့်တယ်ဆိုတဲ့ အလံသင်္ကေတတွေကိုလွှင့်တင်ရင်း တိုက်ပွဲဝင်ခဲ့တယ်။ ထရော်ဗော်ဂါရင်ပြင်မှာ နယ်ဆင်ကော်လံဆိုပြီး ရေတပ်ဗိုလ်ချုပ်ကြီး ဟိုရေးရှိုးနယ်ဆင်ရှုပ်ထုကို ပေ ၁၆၉ အမြင့်မှာ အောက်ကခြေသော့်လေးကောင်ခြံရံပြီး တာခမ်းတနားစိုက်ထူပေးခဲ့တယ်။ ဝါတာလူးတို့ ထရော်ဗော်ဂါတို့ဟာ ဗြိတိသျှတွေရဲ့မဟာအောင်ပွဲလေ။

ဆက်လက်ဖော်ပြပါမည်။

# လေးကြိမ်မြောက် Myanmar Script Fund ဆုပေးပွဲ ကျင်းပ

တက်သစ်စ မြန်မာ့ရုပ်ရှင်ရိုက်ကူးသူများ၏ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသူများအတွက် MEMORY! ရုပ်ရှင်ပွဲတော်၏ အစီအစဉ်တစ်ခုဖြစ်သည့် လေးကြိမ်မြောက် Myanmar Script Fund ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ (၁၉)ရက်က ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ညွှန်းနှင့် သင်ကြားရေးအစီအစဉ်ကို နိုဝင်ဘာလ (၁၃)ရက်မှ (၁၉)ရက်အထိ ရုပ်ရှင်ဖွဲ့ဖြိုးရေးစင်တာ၌ ပြုလုပ်ခဲ့ပြီး ၎င်းတို့ အနက်အဖွဲ့လေးဖွဲ့ကို ဆုများရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ MSF Script Development awards ဆု နှစ်ခုအနက် တစ်ဆုကို Lucky ရုပ်ရှင်ပရောဂျက်အတွက် မျိုးမင်းထွေးနှင့် ကျန်တစ်ဆုကို The Rooster ရုပ်ရှင် ပရောဂျက်အတွက် မဆန်းဆန်းဦးတို့က ရရှိခဲ့သည်။ ထို့အပြင် Cinefabrique ရုပ်ရှင် ဇာတ်လမ်းတိုဆုကို Human ရုပ်ရှင်ပရောဂျက်အတွက် ဒါရိုက်တာ သန်းလွင်ဦးနှင့် ထုတ်လုပ်သူမပိုးပိုးတို့ကရရှိခဲ့ပြီး MSF Open Doors ဆုကို GARUDA DRAGON ရုပ်ရှင်ပရောဂျက်အတွက် ကိုလမင်းဦးက ရရှိခဲ့သည်။

Myanmar Script Fund ၏ တွဲဖက်တည်ထောင်သူ Gilles Duval နှင့် Severine Wemaera တို့က "ဒါကတော့ MSF ရဲ့ လေးကြိမ်မြောက် ပြုလုပ်တဲ့ပွဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက စတင်ခဲ့တဲ့အစီအစဉ်ဟာ ပိုပြီးအရှိန်ရလာတယ်။ ပြီးတော့ တိုးတက်မှုတွေရှိလာပါတယ်။ အရည်အသွေးကောင်းတဲ့ ရုပ်ရှင်ရိုက်ကူးရတာ ခက်ခဲရှည်လျားတဲ့ဆောင်ရွက်မှုတစ်ခုပါ။ ဒါမှသာလျှင် တစ်နေ့မှာ မြန်မာရုပ်ရှင်ကားတွေ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာ ပြသခွင့်ရပြီဆိုတဲ့ရလဒ်ကို ခံစားရမှာဖြစ်ပါတယ်" ဟုပြောသည်။

Myanmar Script Fund သည် တက်သစ်စမြန်မာရုပ်ရှင်ရိုက်ကူးသူများ ဖန်တီးထားသော ရုပ်ရှင်ကားဖန်တီးမှုများအတွက် စခန်းသွင်းလေ့ကျင့်ပေးသည့် အစီအစဉ်တစ်ခုဖြစ်ကာ နိုင်ငံတကာရုပ်ရှင်နယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များက မြန်မာရုပ်ရှင်ဖန်တီးသူများနှင့် ထုတ်လုပ်သူများအား ၎င်းတို့၏ပရောဂျက်များတွင် ဇာတ်ညွှန်းမှစ၍ ဌေကြေးစီမံမှုအထိ အချိန်ဇယားများပြုလုပ်ခြင်း အစရှိသည်တို့က ဘက်ပေါင်းစုံမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အောင်မြင်သောရုပ်ရှင်များဖြစ်လာစေရန် နည်းလမ်းညွှန်ပြပေးခြင်းများကို ပြုလုပ်ပေးခဲ့ကြခြင်းဖြစ်သည်။

ယင်းအစီအစဉ်၏ အကဲဖြတ်ဒိုင်များအဖြစ် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဖြိတိန်၊ ဂျာမနီ၊ တရုတ်နှင့် ချက်သမ္မတနိုင်ငံတို့မှ ဒါရိုက်တာ၊ ဇာတ်ညွှန်းပရော်ဖက်ဆာများနှင့် ရုပ်ရှင်ထုတ်လုပ်သူများ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

BPO

# METRO Wholesale Myanmar က ရှမ်းပြည်နယ်မှ စိုက်ပျိုးတောင်သူများအား GAP လက်မှတ်ပေးအပ်

မြန်မာနိုင်ငံတွင် စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများကို လက်ကားရောင်းချပေးနေသော METRO Wholesale Myanmar Limited မှ မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကျင့်သုံးမှု (GAP) လက်မှတ်ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၄ ရက်က အောင်ပန်းမြို့တွင် ကျင်းပခဲ့သည်။

စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်းများကို မြှင့်တင်ပေးခြင်းဖြင့် သီးနှံစိုက်ပျိုးရောင်းချသူများနှင့် စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်သွားရန်ဟူသည့် METRO Wholesale Myanmar ၏ ကတိကဝတ်အတိုင်း မြန်မာနိုင်ငံတွင်း ဒေသအသီးသီးမှ စိုက်ပျိုးတောင်သူများကို မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးမှု (GAP) လက်မှတ်များအောင်မြင်စွာ ရယူနိုင်ရန် မွမ်းမံသင်တန်းများပို့ချပေးခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်းတို့ကို ယမန်နှစ်ကစတင်၍ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယမန်နှစ်အတွင်း ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူ (၂၀၀) ကျော်အား သီးနှံစိုက်ပျိုးထုတ်လုပ်ရေး မွမ်းမံသင်တန်းများပို့ချပေးခဲ့ရာ (၆၂) ယောက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေးအပ်သော GAP အသိအမှတ်ပြုလက်မှတ်များကို အောင်မြင်စွာရယူနိုင်ခဲ့သည်။ METRO Wholesale Myanmar မှယခုပြုလုပ်သည့် အခမ်းအနားတွင် ရှမ်းပြည်နယ်မှ စိုက်ပျိုးတောင်သူပေါင်း (၄၈) ဦးမှ မြန်မာနိုင်ငံအသိအမှတ်ပြု GAP လက်မှတ်ကို လက်ခံရယူခဲ့သည်။ GAP လက်မှတ်ရရှိခဲ့သော ရှမ်းပြည်နယ်မှ စိုက်ပျိုးတောင်သူ (၄၈) ဦးတွင် အာလူးစိုက်ပျိုးသူများ၊ ကြက်သွန်ဖြူစိုက်ပျိုးသူများနှင့် ခရမ်းချဉ်သီးစိုက်ပျိုးသူများပါဝင်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် မတ်လ၌ မြန်မာနိုင်ငံတွင် တရားဝင်စတင်ခဲ့သော METRO သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အရည်အသွေးပြည့်မှီသော သီးနှံစိုက်ပျိုးရောင်းချသူများ၊ စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများနှင့်အတူ ပူးပေါင်းလုပ်ကိုင်နေပြီး ကြားခံရောင်းချသူမပါပဲ တိုက်ရိုက်ဘုံစနစ်ဖြင့် ဝယ်ယူမှုစနစ် (Common Sourcing and Purchasing Alliance Practice) ကို ဖန်တီးနေကြောင်းသိရသည်။

ES

# ကမ္ဘောဇောဏ်မှ ဌေကြေးဆိုင်ရာ အသိပညာပေးခြင်းအတွက် ကြိုးပမ်းလုပ်ဆောင်နေသည့် ၎င်းတို့၏ ကတိကဝတ်အကြောင်း ထပ်မံအသိပေး

ကမ္ဘောဇောဏ်မှ 'World Savings Day' အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝှမ်း လုပ်ဆောင်နေသည့် ဌေကြေးဆိုင်ရာအသိပညာပေးခြင်းအတွက် ကြိုးပမ်းလုပ်ဆောင်နေသည့် ၎င်းတို့၏ကတိကဝတ်အကြောင်း ထပ်မံအသိပေးလိုက်သည်။

ကမ္ဘောဇောဏ်မှ World Savings Day အထိမ်းအမှတ်အဖြစ် အဖွဲ့အစည်းများနှင့် အခြားသော တာဝန်သိ ဌေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲကာ အောင်ပွဲခံကျင်းပခဲ့သည်။ ဒုတိယနှစ်ကျင်းပသည့် World Savings Day အခမ်းအနားအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ကြီးမှူးကျင်းပပြီး GIZ ၊ UNCDF နှင့် JICA တို့ မှ ပူးပေါင်းပါဝင်ကာ ရန်ကုန်မြို့ ဝန်ကြီးများရုံးတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၂၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ကမ္ဘာတစ်ဝှမ်းတွင်အထိမ်းအမှတ် ပြုလုပ်ကျင်းပလာခဲ့ရာ ဌေကြေးကိုဘယ်လိုအကျိုးရှိရှိ စုဆောင်းရန်အကြောင်း ဗဟုသုတများဝေမျှရန်နှင့် ဌေကြေးစုဆောင်းခြင်း၏ အရေးပါပုံအကြောင်း ပြည်သူတွေ ပိုမိုသတိပြုလာဖို့အတွက် World Savings Day အား ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် World Savings Day အခမ်းအနားပွဲတွင် အစိုးရကိုယ်စားလှယ်ကြီးများနှင့် ဌေကြေးဆိုင်ရာကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များမှ မိန့်ခွန်းများနှင့် တင်ပြဆွေးနွေးချက်များမျှဝေခဲ့သည်။ ကမ္ဘောဇောဏ်နှင့် အခြားဌေကြေးဆိုင်ရာ လုပ်ငန်းများမှ ကျင်းပပြုလုပ်သည့် ပျော်စရာကောင်းပြီး အသိပညာများရရှိသည့် ဌေရေးကြေးရေးနှင့်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဆိုင်ခန်းများနှင့် လူပ်ရှားမှုများတွင် အများပြည်သူများပါဝင်နိုင်ရန် ဖိတ်ခေါ်ခဲ့ကြောင်းသိရပါသည်။

ES

# နိုင်ငံခြားမှ တင်သွင်းသည့် ဆေးဝါးများ၏ အရည်အသွေးအတိုင်း ထုတ်လုပ်နေသည်ဟု ဆိုသည့် YSI ဆေးဝါးစက်ရုံ

နိုင်ငံခြားမှတင်သွင်းလာသည့် ဆေးဝါးများနှင့် အရည်အသွေးတူ ထုတ်လုပ်နေသည်ဟုဆိုသည့် YSI ဆေးဝါးစက်ရုံမှဆေးဝါးစုစုပေါင်း ၅၂ မျိုးကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးနိုင်ရန်အတွက် FDA တွင် ဆေးဝါးမှတ်ပုံတင် ထားရှိပြီးဖြစ်ကြောင်း YSI ၏ဒါရိုက်တာ ဦးအေးမြတ်ကိုကပြောသည်။

အဆိုပါ YSI ဆေးဝါးစက်ရုံမှ ထုတ်လုပ်သည့်ဆေးဝါးများ မိတ်ဆက်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်က ရန်ကုန်မြို့ရှိ Wyndham Hotel ၌ ပြုလုပ်ခဲ့သည်။ YSI Pharmaceutical Factory သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်၍ အရည်အသွေးကောင်းမွန်သော ဆေးဝါးများကို ကမ္ဘာ့အဆင့်မီ manufacturing facilities များနှင့် ထုတ်လုပ် လည်ပတ်လျက်ရှိသော ပြည်တွင်းပုဂ္ဂလိက ဆေးဝါးစက်ရုံ တစ်ခုဖြစ်ပြီး စက်ရုံမှာ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် တည်ရှိကြောင်းသိရသည်။

YSI ဆေးဝါးစက်ရုံမှ ဆေးဝါးအသစ်များကို Research and Development ပြုလုပ်နိုင်ရန် R&D center ကိုလည်း WHO ၏ GMP လမ်းညွှန်ချက်များနှင့်အညီ တည်ဆောက်ထားပြီး R&D Center မှ ၂၀၁၈ ခုနှစ်အတွင်း Tablets၊ Capsules ၊ IV Products စုစုပေါင်း ၃၄ မျိုးစမ်းသပ်အောင်မြင်ခဲ့ပြီး ဖြစ်ကြောင်းသိရသည်။

အဆိုပါ စက်ရုံသည် မြန်မာပြည်သူလူထုအတွက် ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်ဝသော ဆေးဝါးများအား စိတ်ချယုံကြည်စွာ ဖြင့်သုံးစွဲနိုင်ရန် အရည်အသွေးပြည့် ဆေးဝါးများ ထုတ်လုပ်သည့်ဆေးဝါးစက်ရုံတစ်ခုအဖြစ် မြန်မာ့ကျန်းမာရေးကဏ္ဍတွင် တစ်ထောင့်တစ်နေရာမှ ရည်တည်နိုင်ရန်ရည်ရွယ်ကြောင်းသိရသည်။

Transcom

# လူငယ်တွေရဲ့ စွမ်းဆောင်ရည်များအပေါ် အပြည့်အဝ ယုံကြည်ကြသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆို

လူငယ်တွေရဲ့ စွမ်းဆောင်ရည်များအပေါ် အပြည့်အဝယုံကြည်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကပြောသည်။ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၏ စတုတ္ထအကြိမ်ညီလာခံကို နိုဝင်ဘာလ ၁၆ ရက်က ရန်ကုန်မြို့ရှိ Fortune Plaza ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ တက်ရောက်အမှာစကား ပြောကြားရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အမှာစကားပြောကြားရာတွင် လူငယ်တွေရဲ့ စွမ်းဆောင်ရည်များအပေါ် အပြည့်အဝယုံကြည်ပါကြောင်း၊ နိုင်ငံကို အေးချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ကြောင်း၊ လူငယ်တွေမှာ လူကြီးတွေထက်ပိုမိုဆန်းသစ်တဲ့ အတွေးအခေါ်တွေ၊ တီထွင်ဖန်တီးမှုတွေ၊ ရှုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတွေရှိပါကြောင်း၊ အဘက်ဘက်က စွမ်းရည်ပြည့်ဝတဲ့ လူငယ်မျိုးဆက်သစ်တွေ ပေါ်ပေါက်လာဖို့ ဖန်တီးပေးနိုင်မယ့် စီးပွားရေးမူဝါဒကိုချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် နောင်အနာဂတ်ခေါင်းဆောင်များဖြစ်လာမယ့် လူငယ်မျိုးဆက်သစ်တွေ ကြုံတွေ့ရမယ့်စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏မူဝါဒနှင့် မဟာဗျူဟာစီမံကိန်းတွေမှာ ထည့်သွင်းနိုင်ဖို့၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်ပြီး ရင်ပေါင်တန်းနိုင်တဲ့ လူငယ်တွေ ပေါ်ထွက်လာစေဖို့ စတဲ့အချက်တွေကိုထည့်သွင်း၍ လူငယ်ရေးရာမူဝါဒကို ရေးဆွဲခဲ့ပါကြောင်း၊ အစိုးရကအားပေးရမယ့် အပိုင်းတွေမှာလဲ မူဝါဒပိုင်း၊ လက်တွေ့အကောင်အထည်ဖော်ရမယ့် အပိုင်းအားလုံးမှာ ရှုထောင့်စုံက ကူညီပံ့ပိုးပေးနေပါကြောင်း၊ တစ်ဖက်မှာလည်း စီးပွားရေးလုပ်ငန်းတစ်ခုလုံး လွယ်လွယ်ကူကူချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေပါကြောင်းထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်ရည်နဲ့ အနာဂတ်ကို အပြည့်အဝယုံကြည်တဲ့အတွက် နိုင်ငံရေးသန့်ဌာန်အခိုင်အမာ ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ အနာဂတ်မှာကြုံတွေ့ရမဲ့ စက်မှု 4.0 (Industrial 4.0) အတွက် ကြိုတင်ပြင်ဆင်စရာရှိတာတွေကိုလည်း အာဆီယံနိုင်ငံတွေနဲ့အတူ မူဝါဒလုပ်ငန်းစဉ်တွေချမှတ်ပြီး၊ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံရဲ့လူမှု၊ စီးပွားတစ်ခုလုံးကို တိုးတက်စေရန် မြန်မာနိုင်ငံ၏ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) ကိုလည်း ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ စတင်ထူထောင်လုပ်ကိုင်တဲ့အဆင့်ကနေ စီးပွားရေးဝန်းကျင်တစ်ခုလုံး လုပ်သာကိုင်သာရှိတဲ့ လွယ်ကူချောမွေ့စေမဲ့အစီအမံများကိုလည်း စနစ်တကျချမှတ်ဆောင်ရွက်နေပါကြောင်း၊ ဒါ့ကြောင့် လူငယ်လုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အနာဂတ်မှာကြုံတွေ့ရမဲ့ စိန်ခေါ်မှုတွေကို အခွင့်အလမ်းအဖြစ်အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနဲ့အတူလက်တွဲဆောင်ရွက်နိုင်တဲ့ အင်အားတစ်ရပ်အဖြစ် ကြိုးပမ်းလုပ်ဆောင်ကြပါလို့ တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အနယ်နယ်အရပ်ရပ်မှ လူငယ်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြောင်းသိရသည်။ ES

# Austcham Myanmar Women In Business And Leadership Development Conference 2019

## သတင်းစာရှင်းလင်းပွဲ ပြုလုပ်

Austcham Myanmar Women In Business And Leadership Development Conference 2019 သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာလ ၁၉ ရက်က ဘိုကလေးစျေးလမ်းရှိ ပန်သူရိယ (အနုပညာဆုံမှတ်)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲသို့ Austcham Myanmar ၏ အလုပ်အမှုဆောင် အရာရှိချုပ်ဖြစ်သူ ဒေါ်ဇကေရီမော်၊ Wood side Myanmar ၏ Country Manager ဖြစ်သူ Michelle Grady၊ Wave Money ၏ Chief Marketing Officer ဖြစ်သူ Mr Arvinder Singh Grewal နှင့် ရိုးမဘဏ်၏ Chief HR Officer ဖြစ်သူ ဒေါ်မီမီသက်တို့ တက်ရောက်ခဲ့ကြသည်။

"ဒီနှစ်ရဲ့ ဆွေးနွေးဖလှယ်ပွဲက နေတစ်ဆင့် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းမှာ အမျိုးသမီးခေါင်းဆောင်တစ်ဦးအနေနဲ့ လုပ်ဆောင်နိုင်တဲ့ အစွမ်းအစတွေကို ရှုထောင့်မျိုးစုံက နေချပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အနာဂတ်လိုပဲ စီးပွားရေးလုပ်ကိုင်နေကြတဲ့ မြန်မာအမျိုးသမီးတွေအတွက် အခွင့်အလမ်းဖန်တီးနိုင်စေဖို့ အောင်မြင်နေတဲ့အမျိုးသမီးတွေက သူတို့အတွေ့အကြုံတွေနဲ့ ဗဟုသုတတွေကို ပြန်လည်မျှဝေပေးသွားမှာပါ။ ကျွန်မအနေနဲ့ အမျိုးသမီးစွမ်းရည်မြှင့်တင်မှုတွေ ကနေတစ်ဆင့် သြစတြေးလျနဲ့ မြန်မာနိုင်ငံအတွက် စစ်မှန်တဲ့အကျိုးရလဒ်ကောင်းတွေ ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု Austcham Myanmar ၏ အသစ်ခန့် အပ်ခြင်းခံရသော အလုပ်အမှုဆောင်အရာရှိချုပ် ဒေါ်ဇကေရီမော်မှ ပြောသည်။

Austcham Myanmar မှလေးကြိမ်မြောက်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသော အမျိုးသမီးများခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး Gala Dinner နှင့် ဆွေးနွေးဖလှယ်ပွဲကို နိုဝင်ဘာလ ၂၉ နှင့် ၃၀ ရက်တို့တွင် Rosewood ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ယခုနှစ်ခေါင်းစဉ်မှာ "ဖန်မျက်နှာကြက်ကိုဖောက်ထွက်ခြင်း"ဖြစ်ပြီး အောင်မြင်ကျော်ကြားသော ပညာရှင်များ၊ စီးပွားရေးခေါင်းဆောင်များနှင့် မြန်မာနိုင်ငံ၏ ကျားမရေးရာတန်းတူညီမျှရေးတွင် ဦးဆောင်နေသော အမျိုးသား၊ အမျိုးသမီးများမှ တက်တက်ကြွကြွပါဝင်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲထံမှ သိရသည်။

Austcham Myanmar နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက Lisa Allwood-lisaallwood@austchammyanmar.com သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လက်မှတ်များကိုလည်း Yangon Door2door တွင် လည်းကောင်း၊ connect@austchammyanmar.com တွင် လည်း ဝယ်ယူနိုင်သည်။

စိတ်ထက်

# အလုပ်အကိုင် အခွင့်အလမ်း (၁,၇၀၀) ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြု

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ယာအဆောက်အဦးကဏ္ဍနှင့် အခြားခွင့်ပြုလိုက်သည့် လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း (၁,၇၀၀)ကျော်ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုလိုက်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးအား နိုဝင်ဘာလ ၁၆ ရက်က ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာတွင် ယင်းသို့ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ယာအဆောက်အဦးကဏ္ဍတို့မှ လုပ်ငန်း(၈)ခု ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ (၁၆၅.၈၅၃) သန်းနှင့် ကျပ် (၉၉,၅၄၃.၃၅၈) သန်းရှိပြီး ပြည် တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁,၇၃၉) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ကော်မရှင်မှသိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

နိုင်ငံပေါင်း (၅၀)မှ စီးပွားရေးကဏ္ဍ(၁၂) ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၂၇.၂၉%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၅.၇၇%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၁၄.၀၄%) ဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ES

# ရောဂါပိုးများ၏ မျိုးဗီဇအစီအစဉ် အပြည့်အစုံကို စစ်ဆေးဖော်ထုတ်နိုင်သည့် နောက်ဆုံးပေါ် အဆင့်မြင့် ဆေးပစ္စည်းကိရိယာ နယူးဇီလန်မှ လျှုဒါန်း

နယူးဇီလန်နိုင်ငံ၊ University of Otago၊ New Zealand Myanmar Chamber of Commerce နှင့် Capital Diamond Star Foundation တို့မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ "ရောဂါပိုးများ၏ မျိုးဗီဇအစီအစဉ် အပြည့်အစုံကို စစ်ဆေးဖော်ထုတ်နိုင်သည့် အမေရိကန်ဒေါ်လာ (၂၅,၀၀၀) တန်ဖိုးရှိ နောက်ဆုံးပေါ် အဆင့်မြင့် ဆေးပစ္စည်းကိရိယာ illumina iSeq100 (Whole-Genome Sequencing, WGS) machine လျှုဒါန်းပေးအပ်ပွဲ" အခမ်းအနားသို့ နိုဝင်ဘာလ ၁၆ ရက်က Melia Hotel၊ ရန်ကုန်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ဇနီးဖြစ်သူ နယူးဇီလန်နိုင်ငံ၊ University of Otago မှ ပါရဂူဘွဲ့ရရှိခဲ့သည့် ဒေါက်တာရှေလွှမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်ထွေး၊ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြား ရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန) ဒေါက်တာ စိုးဦး၊ ညွှန်ကြားရေးမှူးချုပ် (ဆေး သုတေသနဦးစီးဌာန) ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ အဏုဇီဝဗေဒပညာရှင်များ၊ Deputy Head of New Zealand Mission to Myanmar Dr. Sarah Gollan, President of New Zealand Myanmar Chamber of Commerce Mr. Andrew Moraes, Executive Director of New Zealand Myanmar Chamber of Commerce Mr.Hugh Gollan, Secretary of New Zealand Myanmar Chamber of Commerce Mr. Ben Hickson, Executive Director of New Zealand Myanmar Chamber of Commerce Mr. Martin Weiss, Capital Diamond Star Foundation မှ မန်နေးဂျင်း ဒါရိုက်တာ ဒေါက်တာ ကိုကိုကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက် ရောက်ခဲ့သည်။

Transcom

# (၉၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် MPT ၏ (၉)ကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

MPT မှ (၉၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၉)ကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာနအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇)ခုရှိ ဆေးရုံများတွင် နိုဝင်ဘာလ (၂၀)ရက်က ကျင်းပပြုလုပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲသည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးပြီး ခွဲစိတ်ကုသမှုတိုင်းအတွက်သာမက သွေးကင်ဆာဝေဒနာရှင်များ၊ သွေးမတိတ်ရောဂါဝေဒနာရှင်များနှင့် သွေးသွင်းကုသရန်လိုအပ်နေသည့် လူနာတိုင်းအတွက် သွေးဖြင့်အသက်ကယ်ဆယ်နိုင်ရန်၊ လိုအပ်ချက်မြင့်တက်နေဆဲဖြစ်သည့် သွေးပမာဏကို ဖြည့်တင်းပေးနိုင်ရေးအတွက် စုပေါင်းအင်အားဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ထောက်ပံ့ပေးနိုင်ရန်နှင့် နိုင်ငံတစ်ဝှမ်းရှိပြည်သူများအားလုံးအတူတကွ အမွန်မြတ်ဆုံးသော သွေးအလှူကို MPT ဝန်ထမ်းများနှင့် စုပေါင်းပါဝင်လှူဒါန်းပြီး အများပြည်သူတို့အကြားတွင် သွေးလှူဒါန်းခြင်း၏အရေးပါပုံ၊ သွေးလှူဒါန်းမှု အလေ့အထကောင်းများကို ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

MPT ၏ (၉)ကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲတွင် နိုင်ငံတစ်ဝန်းရှိ MPT ဝန်ထမ်းနှင့် စေတနာသွေးအလှူရှင်ပေါင်း (၁,၁၀၀)ကျော်တို့ ပါဝင်လှူဒါန်းခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာအရ သွေးလီတာ (၁,၄၀၀)ခန့်ကို MPT နှင့် နိုင်ငံတစ်ဝန်းမှ စေတနာသွေးလှူရှင်များ လူမှုရေးအဖွဲ့အစည်းများမှ စုပေါင်းပြီးလှူဒါန်းနိုင်ခဲ့သည်။

MPT ဝန်ထမ်းများနှင့် နိုင်ငံတစ်ဝန်းရှိ သွေးလှူဒါန်းသူ စုစုပေါင်း (၅,၀၀၀)နီးပါး လှူဒါန်းနိုင်ခဲ့ပြီး လှူဒါန်းထားခဲ့သော သွေးအိတ်များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းမှ ဆေးရုံများသို့ အမျိုးသားသွေးဌာနမှ တစ်ဆင့် လိုအပ်သောနေရာများနှင့် လူနာများထံဖြန့်ဝေခဲ့ကြောင်း သိရသည်။

လှမျိုး၊ ဇွဲ

# တယ်လီနောဏ် အကြီးဆုံးပရိုမိုးရှင်း "ဟပ်ချလောင်း၊ သူဌေးလောင်း" အစီအစဉ် မိတ်ဆက်

"၂၀၁၉ ခုနှစ် ကုန်ဆုံးဖို့နီးလာတာနဲ့အမျှ တယ်လီနောရဲ့ သုံးစွဲသူတွေ ချက်ချင်းသူဌေးလောင်းဖြစ်နိုင်တဲ့ ဟပ်ချလောင်း၊ သူဌေးလောင်းအစီအစဉ်နဲ့ ပုံပိုးလုပ်ဆောင်ပေးဖို့ ရည်ရွယ်ထားပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ခဲ့သမျှထဲမှာ အကြီးဆုံးကျေးဇူးတုံ့ပြန်ခြင်းအစီအစဉ်တွေထဲကတစ်ခုပါ" ဟု တယ်လီနောမြန်မာ၏ စျေးကွက်ဖော်ဆောင်ရေးအရာရှိ ချုပ် Amaresh Kumar မှ ပြောသည်။

အဆိုပါပရိုမိုးရှင်းတွင် နေ့စဉ်ဆုများကို My Telenor App ရှိ ဟပ်ချလောင်း၊ သူဌေးလောင်းကစားခြင်းမှရယူနိုင်ပြီး ကူပွန်များများအသုံးပြု၍ Samsung Galaxy A20၊ ဘလူးတူစပီကာ၊ နားကြပ်၊ ပါဝါဘန့်၊ ဒေတာအပိုဆု၊ KFC နှင့် မဟာမိုဘိုင်းလ်၊ တယ်လီနော မိတ်ဖက်ကူပွန်များစသည့် နေ့စဉ်ဆုမဲပေါင်းများစွာ ရရှိနိုင်မည်ဖြစ်သည်။ အပတ်စဉ်ဆုများအတွက် Hondascoopy Prestige ဆိုင်ကယ်အစီး (၃၀)၊ လက်မ (၅၀) Samsung စမတ်တီဗီများအပြင် KIA Picanto ကားသစ် (၄)စီးအား အထူးဆုကြီးအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

BPO

တယ်လီနောမြန်မာသည် ကျပ်သန်းပေါင်းများစွာတန်ဖိုးရှိ ဆုများပါဝင်သည့် နှစ်ကုန်ပရိုမိုးရှင်းအစီအစဉ်သစ်ဖြစ်သည့် "ဟပ်ချလောင်း၊ သူဌေးလောင်း" ကို နိုဝင်ဘာလ (၂၂)ရက်မှ စတင်၍ သုံးစွဲသူများထံသို့ မိတ်ဆက်လိုက်ကြောင်း သိရသည်။

ဆုများရယူနိုင်ရန် အသုံးပြုသူများသည် My Telenor App၊ Website၊ USS D၊ SMS နှင့် E-load အစရှိသည့် ချန်နယ်များမှ ပက်ကေ့ချ်များဝယ်ယူရာမှ ရရှိလာသော Lucky Chance ကူပွန်များကို အသုံးပြုရန် လိုအပ်ပြီး ကူပွန်အရေအတွက်သည် ဝယ်ယူသော ပက်ကေ့ချ်ပေါ်တွင်မူတည်ပြီး ပက်ကေ့ချ်များများဝယ်ယူသည်နှင့် အမျှ ကူပွန်အရေအတွက် များများရရှိမည်ဖြစ်သည်။ ထို့အပြင် အသုံးပြုသူများအနေဖြင့် မည်သည့်ချန်နယ်မှ မဆို ပက်ကေ့ချ်များ ဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ကူပွန်မည်မျှရရှိသည်၊ ထိုကူပွန်များကို မည်သည့်နေရာတွင် အသုံးပြုပြီးဆိုသည့် ကူပွန်မှတ်တမ်းများကို My Telenor App အဓိကစာမျက်နှာရှိ ဟပ်ချလောင်း၊ သူဌေးလောင်းကိုနှိပ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

# ရွှေအိုးထဲမှာ ရွှေဒင်္ဂါးရှာ အစီအစဉ်တွင် ကံထူးရှင်သုံးဦးမှ ရွှေအိုးကြီးများအား ကံထူးဆွတ်ခူး

Ooredoo VIP မှ ရွှေအိုးထဲမှာ ရွှေဒင်္ဂါးရှာအစီအစဉ်၏ တတိယမြောက်ရွှေအိုး အထူးဆုကံထူးရှင်ကို နိုဝင်ဘာလ ၂၂ ရက်တွင် ကြေညာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှ ကိုဝဏ္ဏထွန်းသည် ဖုန်းငွေဖြည့်ပြီး My Ooredoo App ပေါ်တွင် ရွှေအိုးရွေးချယ်ခြင်းကို ၄ ကြိမ်ကံစမ်းခဲ့ရာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် ကျင်းပသည့် ရွှေဒင်္ဂါးအပြား ၆၀ ပါဝင်သည့် VIP အထူးဆုကြီး ကံထူးရှင်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

ရွှေအိုးထဲမှာ ရွှေဒင်္ဂါးရှာအစီအစဉ်သည် အူရီဒူးသုံးစွဲသူများအားလုံးအတွက် VIP အစီအစဉ်မှ သုံးစွဲသူတွေအတွက် ကံထူးစေမည့်ဆုလက်ဆောင်ကုတ်တစ်ခုကို ပေးအပ်ပြီး ၎င်းကုတ်ကိုအသုံးပြု၍ သုံးစွဲသူများသည့် My Ooredoo App ပေါ်တွင် ရွှေအိုးရွေးချယ်၍ ကံစမ်းနိုင်ပြီး ဆုပေါင်းများစွာဖြစ်သည့် ရွှေဒင်္ဂါးပြားများ၊ ၁၀၀ GB ဒေတာ၊ VIP ရမှတ်များနှင့် ဆုပေါင်းများစွာကို ကံစမ်းခြင်းဖြင့် ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သုံးစွဲသူများအား အံ့အားသင့်ဖျော်ရွှင်စေရန် အဆိုပါ ပရိုမိုးရှင်းအစီအစဉ်ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ တိုးမြှင့်ပေးကာ အူရီဒူးသုံးစွဲသူများအနေဖြင့် *565# ကို ဖုန်းခေါ်ဆိုပြီး (သို့မဟုတ်) Google PlayStore/ Apple App Store တို့မှ My Ooredoo App ကို ဒေါင်းလုတ်ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

ရွှေအိုးထဲမှာရွှေဒင်္ဂါးရှာအစီအစဉ်ရဲ့ လစဉ်အထူးဆုကြီး ကံထူးရှင် ၃ ဦးစလုံးကိုရော မြန်မာနိုင်ငံအနှံ့အပြားက နေ့စဉ်ရွှေဒင်္ဂါးဆုအတွက် ကံထူးရှင်ပေါင်း ၃၀၀ နီးပါးအတွက်ကိုပါ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုက်ကြောင်းအပြင် ဆန်းသစ်တီထွင်ဖန်တီးမှုတွေကို ဆက်လက်လုပ်ဆောင်ပြီး ကောင်းမွန်ထူးကဲတဲ့ VIP အတွေ့အကြုံတွေကို ဆက်လက်ပေးအပ်သွားဖို့ တိုက်တွန်းအားပေးလိုက်တာပဲဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာ၏ Chief Commercial Officer ဖြစ်သူ Mr.Alok Verma က ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၃၀ ရက်တွင် မဲနှိုက်ရွေးချယ်မည့် ရွှေဒင်္ဂါးပြား ၂၀ ပါဝင်သည့် နောက်ထပ်အုံ့အားသင့်စရာ ရွှေအိုးကြီးတစ်လုံး ကျန်လျက်ရှိနေသေးကြောင်း ဆုပေါင်းများစွာဖြစ်တဲ့ ရွှေဒင်္ဂါးပြားများ၊ ၁၀၀ GB ဒေတာ၊ VIP ရမှတ်များနှင့် ဆုပေါင်းများစွာကို ကံစမ်းပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးများရှိကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

# အောက်တိုဘာလအတွက် MytelPay မှ ဆုကြေးငွေများ ထပ်မံပေးအပ်

MytelPay ၏ မိုးရွာတုန်းငွေခံ ကံစမ်းမဲအစီအစဉ်မှ အောက်တိုဘာလအတွက် အပတ်စဉ်နှင့်လစဉ်ကံထူးသူများကို MytelPay Facebook Page မှ တစ်ဆင့် live လွှင့်ကာ ရွေးချယ်ကြေညာပေးခဲ့ကြောင်း နိုဝင်ဘာလ (၈) ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အောက်တိုဘာလအတွက် "မိုးရွာတုန်းငွေခံ" အပတ်စဉ်ဆုမဲများဖြစ်သော ပထမဆု ကျပ် (၂) သိန်း၊ ဆု-၁ဆု၊ ဒုတိယဆု ကျပ်(၁)သိန်းဆု-၃ဆုနှင့် တတိယဆု ကျပ် (၅) သောင်းဆု-၃ ဆု၏ ကံထူးသူအသီးသီးကို ဖုန်းဆက်အသိပေးကာ ကြေညာပေးခဲ့သည်။ အောက်တိုဘာလအတွက် ကျပ် (၁၀)သိန်း တန်ဖိုးရှိ လစဉ်အထူးဆုကြီးကို ချောက်မြို့တွင်နေထိုင်သူ ကိုတိုးဝေဖြိုးမှ ကံထူးသွားခဲ့ကြောင်းသိရသည်။

ထို့အပြင် Live Session ကို အားပေးကြည့်ရှုနေသူများနှင့်လည်း မိနိုဂိမ်းများကစားကာ E Money ဆုကြေးများလည်း ချီးမြှင့်ပေးခဲ့ပါသည်။ မိုးရွာတုန်းငွေခံအစီအစဉ်၏ ကံစမ်းမဲကာလမှာ စက်တင်ဘာလ ၁ ရက် ၂၀၁၉ မှ နိုဝင်ဘာလ ၃၀ ရက် ၂၀၁၉ အထိဖြစ်ပြီး ယခုကဲ့သို့ Live Session မျိုး နောက်ထပ် ၁ ကြိမ်ထပ်မံပြုလုပ်ရန် ကျန်ရှိနေသေးသောကြောင့် MytelPay အသုံးပြုသူများအနေဖြင့် ဝင်ရောက်ကံစမ်းခွင့်များ ကျန်ရှိနေသေးကြောင်း သိရသည်။

MytelPay ဖြင့် အဆင်ပြေလွယ်ကူစွာ ငွေလွှဲနိုင်သည့်အပြင် two-factor authentication စနစ်ပါဝင်သဖြင့် လုံခြုံစိတ်ချစွာ ငွေလွှဲနိုင်ခြင်း၊ မည်သည့်မိုဘိုင်းလ်ကွန်ရက်အသုံးပြုသူမဆို အသုံးပြုနိုင်ခြင်း၊ ဖုန်းဘေလ်ဖြည့်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း MytelPay Application ကို အသုံးပြုကာ ဘေလ်ပေးဆောင်ခြင်းများ၊ iTunes ကတ်၊ Game ကတ်များ ဝယ်ယူနိုင်ခြင်းတို့အပြင် online shopping များအတွက် ငွေပေးချေခြင်းများလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

# ၂၀၁၉ ခုနှစ် MPT တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ တစ်နိုင်ငံလုံးအဆင့် ဗိုလ်လုပွဲစဉ်များ စတင်ကျင်းပ

၂၀၁၉ ခုနှစ် MPT တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ မြန်မာတစ်နိုင်ငံလုံးအဆင့် ဗိုလ်လုပွဲဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ နိုဝင်ဘာလ (၂၀)ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အထက်မြန်မာပြည်မှ ရွေးချယ်ခံ အမျိုးသား၊ အမျိုးသမီး ဘောလုံးချန်ပီယံအသင်း ၂ သင်းစီနှင့် အောက်မြန်မာပြည်မှ ရွေးချယ်ခံအမျိုးသား၊ အမျိုးသမီး ဘောလုံးချန်ပီယံအသင်း ၂ သင်းစီတို့က ယခုရက်သတ္တပတ်မှစတင်ကာ ဗိုလ်လုပွဲအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ၏ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးဗိုလ်လုပွဲစဉ်ကိုလည်း နိုဝင်ဘာလ ၂၇ ရက်တွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

MPT အနေဖြင့် ဘောလုံးအားကစားအရှိန်အဟုန်ဖြင့် အခြေခံအဆင့်မှစတင်ပြီး ကူညီထောက်ပံ့လျက်ရှိပြီး MFF ၊ MNL နှင့် ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းစီစဉ်ကျင်းပပြုလုပ်သည့် နိုင်ငံတော်အဆင့် တက္ကသိုလ်၊ ဒေါ်ကရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအကြား ချစ်ကြည်ရင်းနှီးစွာ နေထိုင်မှု၊ တက်ကြွကျန်းမာသည့် လူနေမှုပုံစံနှင့် အသင်းအဖွဲ့လိုက် စုစည်းပူးပေါင်းမှုစိတ်ဓါတ်၊ အားကစားစိတ်ဓါတ်စသည့် အခြေခံကောင်းများလည်း ရရှိစေနိုင်မည်ဖြစ်သည်။

MPT တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို လွန်ခဲ့သည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက စတင်ကျင်းပခဲ့ပြီး မျိုးဆက်သစ်လူငယ်ကစားသမားများ မွေးထုတ်ပေးနိုင်ရန် MPT နှင့် MNL တို့ သုံးနှစ်တာရည်ရွယ်ပူးပေါင်းဆောင်ရွက်ခဲ့မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည့်အပြင် လူငယ်ကစားသမားများ ဘောလုံးစွမ်းရည်တိုးတက်လာစေရေးအတွက် လူငယ်ခြေစွမ်းပြဘောလုံးပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ ဘောလုံးသင်တန်းများပေးခြင်းနှင့် ဘောလုံးအားကစားအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ်အတွက် MPT တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၁၁ ရက်က စတင်ကျင်းပပြုလုပ်ခဲ့ပြီး အောက်မြန်မာပြည်ပွဲစဉ်များကို ရန်ကုန်မြို့၌ ပဒုမ္မာအားကစားကွင်းနှင့် တက္ကသိုလ်များ ဘောလုံးကွင်း၊ အထက်မြန်မာပြည်ပွဲစဉ်များကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းနှင့် တက္ကသိုလ်များ ဘောလုံးကွင်းတို့၌ ပြုလုပ်ခဲ့ကြသည်။

MPT – University Football Tournament 2019

National Level Fixture (Men)

| No | Date | Home | Vs | Away | Venue | Result | | Kick Off |
|---|---|---|---|---|---|---|---|---|
| 1 | 21.11.19 | Lower University (A) | Vs | Upper University (B) | Mandalar Thiri Stadium | | | 8:00 |
| 2 | 21.11.19 | Upper University (A) | Vs | Lower University (B) | Mandalar Thiri Stadium | | | 15:30 |
| Rest Day | | | | | | | | |
| 3 | 23.11.19 | Upper University (A) | Vs | Upper University (B) | Mandalar Thiri Stadium | | | 8:00 |
| 4 | 23.11.19 | Lower University (A) | Vs | Lower University (B) | Mandalar Thiri Stadium | | | 15:30 |
| Rest Day | | | | | | | | |
| 5 | 25.11.19 | Upper University (B) | Vs | Lower University (B) | University Stadium | | | 8:00 |
| 6 | 25.11.19 | Upper University (A) | Vs | Lower University (A) | Mandalar Thiri Stadium | | | 8:00 |
| Rest Day | | | | | | | | |
| Final Match | | | | | | | | |
| 7 | 27.11.19 | Group 1st Team | Vs | Group 2nd Team | Mandalar Thiri Stadium | | | 15:00 |

MPT – University Tournament 2019

National Level Fixture (Women)

| No | Date | Home | Vs | Away | Venue | Result | | Kick Off |
|---|---|---|---|---|---|---|---|---|
| 1 | 20.11.19 | Upper University (B) | Vs | Lower University (A) | University Stadium | | | 8:00 |
| 2 | 20.11.19 | Upper University (A) | Vs | Lower University (B) | Mandalar Thiri Stadium | | | 15:30 |
| Rest Day | | | | | | | | |
| 3 | 23.11.19 | Upper University (A) | Vs | Upper University (B) | University Stadium | | | 8:00 |
| 4 | 23.11.19 | Lower University (A) | Vs | Lower University (B) | Mandalar Thiri Stadium | | | 15:30 |
| Rest Day | | | | | | | | |
| 5 | 25.11.19 | Lower University (A) | Vs | Upper University (A) | Mandalar Thiri Stadium | | | 15:30 |
| 6 | 25.11.19 | Lower University (B) | Vs | Upper University (B) | University Stadium | | | 15:30 |
| Rest Day | | | | | | | | |
| Final Match | | | | | | | | |
| 7 | 27.11.19 | Group 1st Team | Vs | Group 2nd Team | Mandalar Thiri Stadium | | | 8:00 |

ယခုပြိုင်ပွဲမှာ ၂ နှစ်တစ်ကြိမ်ကျင်းပသည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်မည့် အရည်အချင်းရှိသော ကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် MPT တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ မြန်မာတစ်နိုင်ငံလုံးအဆင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်း မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

# CANAL+ နှင့် MPT တို့မှ ရုပ်သံလိုင်း (၁၁)လိုင်းအား မိုဘိုင်းလ်ဖုန်းများပေါ်တွင် တိုက်ရိုက်ကြည့်ရှုနိုင်မည့် "အမိုက်စား အစီအစဉ်" စတင်

မြန်မာနိုင်ငံ၏ အခပေးရုပ်သံလိုင်းတစ်ခုဖြစ်သည့် CANAL+ နှင့် MPT တို့သည် MPT ဆင်းမ်ကတ်အသုံးပြုသူများအားလုံးအတွက် အခပေးအထူးရုပ်သံလိုင်း (၉)လိုင်းနှင့် အခမဲ့ရုပ်သံလိုင်း (၂)လိုင်းတို့အား myCANAL Myanmar မိုဘိုင်းလ်ဖုန်းအက်ပလီကေးရှင်းမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခွင့်ရမည့် "အမိုက်စားအစီအစဉ်" တစ်ရပ်ကို တရားဝင်ပူးပေါင်းတင်ဆက်ပေးနေသည်။

MPT အသုံးပြုသူများသည် အမျိုးအစားစုံလင်သော CANAL+ ကိုယ်ပိုင်ရုပ်သံဖန်တီးမှု ရုပ်သံဇာတ်လမ်းတွဲများ၊ လက်ရှေ့နှင့် အားကစားအစီအစဉ်၊ တိုက်ရိုက်ထုတ်လွှင့်မှုများ၊ မြန်မာပရိသတ်အကြိုက် ရုံတင်ရုပ်ရှင်ဇာတ်ကားကောင်းများ၊ နာမည်ကြီးအဆိုတော်များ၏ တေးသီချင်းဗီဒီယိုများ၊ ပညာပေးဖျော်ဖြေရေးအစီ အစဉ်များကို မြန်မာပရိသတ်အတွက် (၁၀၀) ရာခိုင်နှုန်းပြည့် မြန်မာစာတန်းထိုး၊ မြန်မာနောက်ခံစကားပြောတို့ဖြင့် တင်ဆက်ပေးနေသော အခပေးရုပ်သံလိုင်း (၉)လိုင်းနှင့် အခမဲ့ရုပ်သံလိုင်း (၂)လိုင်းကို တိုက်ရိုက် ကြည့်ရှုနိုင်မည့်အစီအစဉ်အား တရားဝင်စတင်မိတ်ဆက်သည့်အနေနှင့် တစ်ပတ်လျှင် အထူးစျေးနှုန်း (၈၀၀) ကျပ်တည်းဖြင့် ခံစားနိုင်မည့်အစီအစဉ်ကို နိုဝင်ဘာလ (၁၄)ရက်က ဆူးလေလမ်းရှိ Pull Moon Hotel ၌ စတင်မိတ်ဆက်ခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ MPT အနေနဲ့ မြန်မာပရိသတ်အကြိုက် မြန်မာမှုပြုထားတဲ့ အစီအစဉ်တွေကို ဖန်တီးထုတ်လုပ်သူတွေ၊ ဆန်းသစ်တဲ့ မိုဘိုင်းလ်ဖုန်းအက်ပလီကေးရှင်းတွေကို တီထွင်သူတွေနဲ့ လက်တွဲပူးပေါင်းမှုတွေကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်နဲ့ အမျိုးအစားအများအပြား လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ CANAL+ အနေနဲ့လည်း မြန်မာပရိသတ်တွေရဲ့အကြိုက်ကို သိရှိပြီး အမျိုးအစားစုံလင်လှတဲ့ ဖျော်ဖြေရေးဝန်ဆောင်မှုတွေကို ပိုမိုတိုးမြှင့်ပြီး လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်" ဟု MPT-KSGM Joint Operation ၏ Chief Commerical Officer ဖြစ်သူ Mr. Reizo Umeda က ပြောသည်။

Myanmar မိုဘိုင်းလ်ဖုန်း အက်ပလီကေးရှင်းတွင် ကြည့်ရှုနိုင်မည့် အထူးရုပ်သံလိုင်းများမှာ CANAL+ ZAT LENN (ဇာတ်လမ်း)၊ CANAL+ SPORTS (အားကစား)၊ CANAL+ HA HA (ဟာဟာ)၊ CANAL+ CHATATE (ချာတိတ်)၊ CANAL+ PUPTUTUE (ပူတူးတူး)တို့ဖြစ်ပြီး အခမဲ့ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 နှင့် Channel 7 တို့လည်း ပါဝင်ပါသည်။

My CANAL MPT သုံးစွဲသူများအနေဖြင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက MPT Call Center နံပါတ် (၁၀၆)သို့ ဆက်သွယ်မေးမြန်းခြင်း၊ MPT official Facebook Page ဖြစ်သည့် https:www.facebook.com/mptofficialpage/ သို့မဟုတ် MPT official website www.mpt.com.mm တို့သို့ ဝင်ရောက်လေ့လာ နိုင်ကြောင်း သိရသည်။

လှမျိုး(ဆ.သ.ရ)၊ စိတ်ထက်

# ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်မှု စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ၊ Sojitz Corporation တို့သည် JICA ODA Loan ဖြင့် ဆောင်ရွက်သည့် ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်မှုစီမံကိန်းအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်၊ (၁၀:၀၀) နာရီ၌ နေပြည်တော်ရှိ Kempinski Hotel တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးသာဦး၊ ဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama ၊ JICA Myanmar Office မှ Chief Representative Mr. Masayuki Karasawa ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အကြံပေးကုမ္ပဏီ JTEC-JV နှင့် Sojitz Corporation တို့မှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦးက အဖွင့်အမှာစကားပြောကြားပြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama က ဝမ်းမြောက်စကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ Sojitz Corporation Managing Executive Officer Mr. Koichi Yamaguchi က စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သဘောတူစာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်း၊ Sojitz Corporation Managing Executive Officer Mr. Koichi Yamaguchi တို့က လက်မှတ်ရေးထိုးပြီး စာချုပ်ကိုအပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အဆိုပါ ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် Project Feasibility Study ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စတင်ဆောင်ရွက်ခဲ့ကာ ဂျပန်ယန်းငွေ (၁၀.၅) ဘီလီယံပမာဏရှိ ချေးငွေစာချုပ်ကို မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရ (JICA) တို့အကြား ၂၀၁၅ ခုနှစ်၊ မတ်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံတကာတင်ဒါခေါ်ယူ၍ တင်သွင်းလာသော ကုမ္ပဏီများအား အဆင့်ဆင့်စိစစ်ပြီးနောက် Sojitz Corporation ကို အပြီးသတ်ရွေးချယ်ကာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကာ စီမံကိန်းအရ ရန်ကုန်မြို့တွင်းအပါအဝင် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များကို ဆက်သွယ်ထားသော ဆက်သွယ်ရေးအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်း၊ National Gateway နှင့် ISP များ အဆင့်မြှင့်တင်ခြင်း၊ သီလဝါအထူးရေစီးပွားဇုန်တွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ စုစုပေါင်း (၂) နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

## WANHAI LINE Ltd မှ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအား Scholarship ပေးအပ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် 15th Batch ရေကြောင်းသိပ္ပံဘာသာရပ်မှ ကျောင်းသား (၂) ဦး၊ 14th Batch မှ ရေကြောင်းအင်ဂျင်နီယာကျောင်းသား (၆)ဦး စုစုပေါင်း ကျောင်းသား (၈) ဦးတို့အား WANHAI LINE Ltd ၏ Scholarship ပေးအပ်ပွဲကို နိုဝင်ဘာလ (၁၈) ရက်၊ နံနက် (၁၁:၃၀) နာရီအချိန်တွင် ပါမောက္ခချုပ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (တာဝန်)၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် ပညာသင်ဆုရရှိကြသည့် ကျောင်းသားများတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ရှေးဦးစွာ ပါမောက္ခချုပ်မှ Scholarship ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Scholarship Award ရရှိသည့် ကျောင်းသားများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများမှ WANHAI LINE Ltd မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၏ (ဒုတိယနှစ်ဝက်) အတွက် ဒုတိယအကြိမ်အဖြစ် တစ်ဦးလျှင် USD (300) နှုန်းနှင့် စုစုပေါင်း (၈) ဦးအတွက် USD (2400) အား ပေးအပ်ချီးမြှင့်ခဲ့သည်။

WANHAI LINE Ltd အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ရေကြောင်းသိပ္ပံဘာသာရပ်နှင့် ရေကြောင်းအင်ဂျင်နီယာဘာသာရပ်တို့မှ ကျောင်းသားများအား ၂၀၁၃ ခုနှစ်မှစတင်၍ ပညာသင်ဆုများပေးအပ်ခဲ့ရာ ယခုနှစ်ထိ (၇) ကြိမ်တိုင်ရှိပြီး စုစုပေါင်းကျောင်းသား (၅၆) ဦးတို့အား ၎င်းတို့၏ ကုမ္ပဏီပိုင် သင်္ဘောများတွင် ပညာသင်ဆုများပေးအပ်၍ အလုပ်ခန့်ထားပေးနိုင်ခဲ့ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်

## မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ Training on Internal Quality Assurance နှင့် Training on Quality Management System သင်တန်းအား ဖွင့်လှစ်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော သင်ကြားရေးဌာနများမှ ဆရာ/ဆရာမများအား သင်ကြားရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသည့် QA လုပ်ငန်းစဉ်များအား ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် လက်တွေ့အသုံးချဆောင်ရွက်သွားနိုင်ရန် Training on Internal Quality Assurance သင်တန်းအားလည်းကောင်း၊ စီမံရေးဌာနများ အရာထမ်း/အမှုထမ်းများအား Quality Management System ကို လက်ရှိအခြေအနေထက် ပို၍ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ရန်နှင့် တက္ကသိုလ်၏စီမံရေးရာလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်နိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ Training on Quality Management System သင်တန်းများအား တက္ကသိုလ်ပင်မဆောင်ရှိ MTCC-Asia ရုံးခန်းတွင် (၁၉. ၁၁. ၂၀၁၉) ရက်မှ (၂၂. ၁၁. ၂၀၁၉) ရက်ထိ နံနက် (၉:၃၀)နာရီမှ ညနေ (၅:၀၀)ထိ သင်ကြားပို့ချပေးခဲ့ပါသည်။

အဆိုပါသင်တန်းများသို့ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် Quality Management System Office မှ တွဲဖက်ပါမောက္ခ ဒေါက်တာနီလာတိုးတို့မှ Introduction to QA Higher Education, Teaching and Learning Strategies, Writing SAR, QA Experiences and PDCA Approach to Self-assessment at programme Level, Change Management, SWOT Analysis, Quality Management System, What is PDCA, Mission, Vision, Quality Manual, Internal Audit, Management Review, Feedback System စသည့်ခေါင်းစဉ်များဖြင့် သင်ကြားပို့ချပေးခဲ့ပြီး ၎င်းသင်တန်းသို့ သင်ကြားရေးဌာနများမှ ဆရာ/ဆရာမ (၄၀) ဦးနှင့် စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်း (၂၅)ဦး စုစုပေါင်း (၆၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Transcom

# မြန်မာနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန် နယ်သာလန်နိုင်ငံ The Hague မြို့သို့ စေလွှတ်မည့် ကိုယ်စားလှယ်အဖွဲ့ကို စနစ်တကျ ဖြင်ဆင်စုဖွဲ့၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဦးဆောင်သွားရောက်မည်

မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးခွဲ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ပြန်လည်တုံ့ပြန်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကျော်တင်တို့က ရှင်းလင်းတင်ပြခြင်းအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်၊ နံနက် ၉ နာရီ ခွဲအချိန်တွင် နိုင်ငံတော်သမ္မတ အိမ်တော်၊ ဝုရှေ့ဝါခန်းမ၌ကျင်းပပြုလုပ်သည်။

အဆိုပါရှင်းလင်းပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

ပထမဦးစွာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရှင်းလင်းတင်ပြရာတွင်-

- ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ သြဂုတ်လများ၌ ARSA အကြမ်းဖက်အဖွဲ့က နယ်ခြားစောင့် ရဲစခန်းများအား စတင်တိုက်ခိုက်မှုနှင့် ပြန်လည်တုံ့ပြန်နှိမ်နင်းမှုကြောင့် ဖြစ်ပွားခဲ့သည်ဆိုသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး တာဝန်ခံမှုရှိစေရေး (accountability)အတွက် ယခုလအတွင်းတွင် နိုင်ငံတကာမျက်နှာစာ၌ နည်းလမ်း

စာ- ၂၀ »

# ပြည်ထောင်စုဝန်ကြ

# (၂၅) ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်

**ရန်ကုန်၊ နိုဝင်ဘာလ (၁၃)ရက်**

ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ (၁၄) ရက်မှ (၁၅) ရက်အထိကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (ATM) နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညပိုင်း (၁၉:၀၀) အချိန်တွင်ထွက်ခွာရာ ဌာနဆိုင်ရာအကြီးအကဲများ နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Ms. Luan Thuy Duong တို့မှ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဦးနေမျိုးဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန လိုက်ပါသွားခဲ့ကြောင်းသိရှိရသည်။

**ဟန္ဒိုင်း၊ နိုဝင်ဘာ ၁၄**

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ (၁၄)ရက်၊ နံနက်ပိုင်းတွင် Melia Ha Noi, Ballroom တွင် ကျင်းပပြုလုပ်သည့် 25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS OPENING CEREMONT အခမ်းအနားတက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Trinh Dinh Dung မှ အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် ATM နှင့် ဆက်စပ်အစည်းအဝေးများ ဆက်လက်တက်ရောက်ခဲ့သည်။ နိုဝင်ဘာလ (၁၁) ရက်မှစတင်ကာ 25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS အကြိုလုပ်ငန်းများဆောင်ရွက်ရန် ဦးဝင်းခန့်အမြဲတမ်းအတွင်းဝန်၊ STOM Leader နှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစိုးနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၊ ဦးထောင်ရှန်ကမ်း အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား ဦးအောင်ရဲထွန်း လက်ထောက်အတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဦးနေဝင်း ညွှန်ကြားရေးမှူး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနတို့ ရောက်ရှိနေကြသည်။

**ဟန္ဒိုင်း၊ နိုဝင်ဘာ ၁၅**

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ (၁၄)ရက်၊ နံနက်ပိုင်းတွင် Melia Ha Noi, Ballroom တွင် ကျင်းပပြုလုပ်သည့် 25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS OPENING CEREMONT အခမ်းအနားတက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Trinh Dinh Dung မှ အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် ATM နှင့် ဆက်စပ်အစည်းအဝေးများ ဆက်လက်တက်ရောက်ခဲ့သည်။ နိုဝင်ဘာလ (၁၁) ရက်မှစတင်ကာ 25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS အကြိုလုပ်ငန်းများဆောင်ရွက်ရန် ဦးဝင်းခန့်အမြဲတမ်းအတွင်းဝန်၊ STOM Leader နှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစိုးနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူ ဦးစီးဌာန၊ ဦးထောင်ရှန်ကမ်း အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား ဦးအောင်ရဲထွန်း လက်ထောက်အတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဦးနေဝင်း ညွှန်ကြားရေးမှူး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနတို့ ရောက်ရှိနေကြသည်။

**ဟန္ဒိုင်း၊ နိုဝင်ဘာ ၁၅**

အစည်းအဝေးဒုတိယနေ့မစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ မွေးနေ့အထိမ်းအမှတ်အား ASEAN–Japan Transport Ministers နှင့် ကိုယ်စားလှယ်များက ကျင်းပပြုလုပ်ပေးခဲ့ကြသည်။

25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS ၏ ဆက်စပ်အစည်းအဝေးတစ်ရပ်ဖြစ်သည့် 17th ASEAN AND JAPAN TRANSPORT MINISTERS MEETING (17th ATM+JAPAN) အား နိုဝင်ဘာလ (၁၅)ရက်၊ နံနက်ပိုင်းအစည်းအဝေးမကျင်းပမီ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ မွေးနေ့အထိမ်းအမှတ်အား ASEAN–Japan Transport Ministers နှင့် ကိုယ်စားလှယ်များက ကျင်းပပြုလုပ်ပေးခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် 25th ASEAN TRANSPORT MINISTERS MEETING AND DIALOGUE PARTNER MEETINGS ၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ–ကိုရီးယားသမ္မတနိုင်ငံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ပြီး ကိုရီးယားသမ္မတနိုင်ငံ၊ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ မြို့ပြပို့ဆောင်ရေးကော်မရှင်ဥက္ကဋ္ဌ H.E. Mr. KEE CHOO CHOI နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြားပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 25th ATM and Dialogue Partners Signing, Closing Ceremony and Press Conference အခမ်းအနားကို ဆက်လက်တက်ရောက်ခဲ့သည်။

**ဟန္ဒိုင်း၊ နိုဝင်ဘာ ၁၆**

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းလိုက်ပါ၍ Hanoi Metro မိုးပျံရထားလမ်းတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့သွားရောက်ရာ စီမံကိန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး၊ Cath Linh ဘူတာမှ Vanh Dai 3 ဘူတာအထိလိုက်ပါစီးနင်း၍ လေ့လာကြည့်ရှုခဲ့ပါသည်။ ထို့နောက် စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ (PMU) ရုံးခန်းတွင် တာဝန်ရှိသူများက Hanoi Metro စီမံကိန်းနှင့် PMU ဖွဲ့စည်းဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပါသည်။

Hanoi Metro (Cath Linh–Ha Dong Line) သည် အရှည်အားဖြင့် (၁၃.၁) ကီလိုမီတာ၊ ဘူတာ (၁၂)ဘူတာ ပါဝင်ပြီး စီမံကိန်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း (၈၆၈) သန်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ပြီး မကြာမီဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Vietnam Railway ရုံးချုပ်သို့ရောက်ရှိရာ Deputy Director General ဖြစ်သူ Mr. Phan Quoc Anh နှင့် အဖွဲ့က ကြိုဆိုနှုတ်ဆက်၍ ဗီယက်နမ်နိုင်ငံရထားကဏ္ဍ လက်ရှိအခြေအနေနှင့် အနာဂတ်အစီအမံများကို ရှင်းလင်းတင်ပြကြပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာလ (၁၆)ရက်ညပိုင်းက ဗီယက်နမ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ပြည်လည်ရောက်ရှိခဲ့ကြောင်းသတင်းရရှိသည်။

ဝါဖလေ

# ဦး ဦးသန့်စင်မောင်

# ုးအဝေး (ATM) နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်



# ၂၀၁၈-၂၀၁၉ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး နေပြည်တော်ဘူတာကြီးရှိ ပုဗ္ဗသိရိမင်္ဂလာခန်းမ၌ ကျင်းပ

မြန်မာ့မီးရထား၏ ၂၀၁၈-၂၀၁၉ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နိုဝင်ဘာလ (၂၂) ရက်တွင် ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မြန်မာ့မီးရထား တိုင်း ၁၁ တိုင်းမှ တာဝန်ရှိသူအရာထမ်းများ တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် မြန်မာ့မီးရထားဟာ အခုအချိန်မှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် နိုင်ငံတကာမှပညာရှင်များရဲ့ နည်းပညာများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့ဝန်ထမ်းများမှ ကြိုးစားလေ့လာပြီး မြန်မာ့မီးရထားလုပ်ငန်းများနှင့် အတူလိုက်ပါတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ ရထားလမ်းများအားလုံးကို ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော်လည်း အရေးကြီးသည့် လမ်းကြီး (၄) ခုကိုသာ အဓိကထား ပြုပြင်ဆောင်ရွက်နေရပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြီးခဲ့သည့် ဆောင်ရွက်ချက်များကို သင်ခန်းစာယူပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ အရာထမ်းများအနေနဲ့ မိမိတို့လက်အောက်ရှိ ဝန်ထမ်းများ အားလုံးကိုလည်း ပကတိအခြေအနေမှန်များကို သိရှိနိုင်ရန် ရှင်းလင်းပြဖို့လိုအပ်ပါကြောင်း ဝန်ထမ်းများ၏ အခွင့်အရေး၊ အခက်အခဲများကိုသိရှိသော်လည်း အလုံးစုံပြည့်စုံအောင် ချက်ချင်းဆောင်ရွက်မပေးနိုင်ခြင်းကို ဝန်ထမ်းများမှ နားလည်ပေးစေလိုကြောင်း မှာကြားပါသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက တိုင်းအသီးသီးမှ အစည်းအဝေးတက်ရောက်သူများအား အမှာစကားပြောကြားရာတွင် မိမိတို့ရဲ့ တိုင်း၊ စက်ရုံ၊ ဌာနအလိုက် မီးရထားလုပ်ငန်း စွမ်းဆောင်ရည်တိုးတက်ရန် ဆောင်ရွက်ခဲ့မှုများကို မျှဝေခြင်းနှင့် ပိုမိုကောင်းမွန်သော အကြံပြုချက်များရရှိစေရန် ယခုအစည်းအဝေးကို ကျင်းပပေးတာဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားရဲ့ ခေတ်နောက်ကျနေတဲ့လုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပုံရိပ်ကောင်းများရရှိလာစေဖို့ ဝန်ထမ်းအားလုံး အတူကြိုးစားဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း သို့မှသာ ခရီးသွားပြည်သူတွေကို ကောင်းမွန်ပြည့်စုံတဲ့ ဝန်ဆောင်မှုများ ပေးနိုင်မှာဖြစ်ပါကြောင်း ရထားလမ်းများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရထားအချို့ ခေတ္တရပ်နားထားခြင်း၊ တစ်လမ်းမောင်း စနစ်ကို ကျင့်သုံးခြင်းများကြောင့် ခရီးကြန့်ကြာမှုများကို ဝန်ထမ်းများအနေဖြင့် ပိုမိုကြိုးစားဆောင်ရွက်ခြင်းဖြင့် အချိန်ကြန့်ကြာမှုလျော့နည်းအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရထားအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆောင်ရွက်ကြဖို့လိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနဲ့ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပါသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက ရထားစီးခရီးသည် ကနေဒါနိုင်ငံသူ၏ ကျောပိုးအိတ်အားခိုးယူသွားသည့် တရားခံအားဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဦးဃဉ်ထွေးနှင့် အဖွဲ့ ဂုတ်ထိပ်ရုံပိုင်နှင့် ရထားရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်သူ ဦးစီးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။

ထို့နောက် တိုင်းအလိုက်တာဝန်ရှိသူများမှ မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ချက်များ၊ လျာထားချက်မပြည့်မီရခြင်း၊ လုပ်ငန်းသုံးသပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်များအား တင်ပြဆွေးနွေးကြပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့မီးရထား၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၂) ရက်နှင့် (၂၃) ရက်များတွင် (၂) ရက်ကြာ ကျင်းပသွားမှာဖြစ်ကြောင်းသိရှိရသည်။

မြန်မာ့မီးရထား

# ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်နေသကဲ့သို့ ဆေးလိပ်နှင့် ဆေးရွက်ကြီး အခွန်အခများကို တိုးမြှင့်ကောက်ခံရန် တင်ပြ

ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်နေသကဲ့သို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးအခွန်အခများကို တိုးမြှင့်ကောက်ခံရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဒေါက်တာ ကျော်ကံကောင်းနှင့် အဖွဲ့ကနိုဝင်ဘာလ ၂၂ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄)၊ အစည်းအဝေးခန်းမ၌ လာရောက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း အတွင်းရေးမှူးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Knowledge Hub for Smokeless Tobacco နှင့် ရန်ကုန်မြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ နေပြည်တော် Park Royal Hotel တွင် နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုထိန်းချုပ်ရေးမူဝါဒနှင့် ဥပဒေအား ပြန်လည်သုံးသပ်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲနိုင်ရေးနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးချက်နှင့် အကြံပြုချက်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းနှင့်အဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ယင်းသို့ထည့်သွင်းတင်ပြခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များကို တင်ပြရာတွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သည့် ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်နေသကဲ့သို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးအခွန်အခများကို တိုးမြှင့်ကောက်ခံရန်၊ မြန်မာနိုင်ငံသို့ တင်သွင်းသော၊ ထုတ်လုပ်ရောင်းချသော ဆေးလိပ်ဘူးခွံများကို မူလအမှတ်တံဆိပ်နှင့် အရောင်အသွေးမပါဝင်ဘဲ ထုပ်ပိုးခြင်း "စံသတ်မှတ်ထုပ်ပိုးမှုပုံစံ (plain packaging)" ဖြင့်သာထုပ်ပိုးရန်နှင့် WHO FCTC တွင် ပါဝင်သောအချက်များနှင့် ကိုက်ညီပြီး ထိရောက်မည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး ဥပဒေသစ်ကို ရေးဆွဲသွားရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းထိန်းချုပ်ခြင်းနှင့် ပတ်သက်သည့်မူဝါဒနှင့် နည်းဗျူဟာများအား ပြန်လည်ရေးဆွဲမည်ဖြစ်ပါကြောင်း၊ နှီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအားလည်း အားဖြည့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပြည်သူ့ဝန်ထမ်းများမှ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များအားပြုစု၍ လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့် အညီ ဥပဒေစိုးမိုးမှုရှိစေရန် သက်ဆိုင်ရာဌာနများက မိမိအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသက်(၁၈)နှစ်အောက် ကလေးများကို ဆေးလိပ်နှင့် ဆေးရွက်ကြီးရောင်းချမှုများကို ထိရောက်စွာ တားမြစ်အရေးယူသွားရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကိစ္စအကြောင်းအရာတစ်စုံတစ်ခုအတွက် ထောက်ပံ့ကာ ပုံရိပ်မြှင့်တင်ခြင်း (Tobacco Advertising, Promotion, and Sponsorship) တို့ကို ထိန်းချုပ်တားမြစ်ခြင်းများ ပိုမိုဆောင်ရွက်သွားရန်တို့ကို နှီးနွယ်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများတွင်ပါဝင်သည့် ဓါတုပစ္စည်းနှင့် အခြားပစ္စည်းများပါဝင်မှု ပမာဏများအား စစ်ဆေးနိုင်ရန်အတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေးကို အမြန်ဆုံးခေါ်ယူ၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆) အား ပြန်လည်ဆန်းစစ်၍ အသစ်ပြန်လည်ရေးဆွဲရန်၊ ဆေးလိပ်ဘူးခွံများထုပ်ပိုးမှုကို ဆေးလိပ်မူလအမှတ်တံဆိပ်နှင့် အရောင်အသွေးမပါဘဲ စံသတ်မှတ်ထုပ်ပိုးမှုပုံစံဖြင့် ထုတ်လုပ်စေရန်အတွက် ဆောင်ရွက်သွားရန်၊ ဆေးလိပ်ငွေ့ကင်းစင်သော ဒေသများ ပိုမိုသတ်မှတ်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူအားဆေးလိပ်ငွေ့ အန္တရာယ်မှ ကာကွယ်ပေးရန်အတွက် စည်ပင်သာယာရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး မူဝါဒအသစ်ကို အမျိုးသားကျန်းမာရေးမူဝါဒ အသစ်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲရန် စသည်ဖြင့် လမ်းညွှန်ခဲ့ကြောင်းသိရသည်။

ES

# AIA Myanmar မှ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် "AIA GO! FOR LIGHT" အပြေးပြိုင်ပွဲ ပုဂံတွင်ကျင်းပ

အသက်အာမခံကုမ္ပဏီအဖြစ် ရပ်တည်လျက်ရှိသော AIA သည် ၎င်း၏နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယူနက်စကိုစာရင်းဝင် ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်သည့် ပုဂံ၌ နိုဝင်ဘာလ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

နှစ်တစ်ရာ ပြည့်အခမ်းအနားကို ပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သော ဘဝများပိုင်ဆိုင်နိုင်စေရန် "AIA GO! FOR LIGHT" ဟူသည့် အပြေးပြိုင်ပွဲတစ်ခုကို ထီးလိုမင်းလို ဘုရားဝင်းအတွင်း ကျင်းပပြုလုပ်ခဲ့ကာ ရှေးဟောင်းမြို့တော်ဖြစ်သည့် ပုဂံမြို့၏ရှုခင်းအလှအပများကိုကြည့်ရှုရင်း ရှေးဟောင်းပုဂံဘုရားများအကြားတွင် ၅ ကီလိုမီတာရှိ တာတိုအပြေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အယောက် ၂၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် လျှပ်စစ်မီးမရှိသော ပုဂံတူရွင်းတိုင်ရှာရှိ အိမ်ခြေ ၁၀၀ ခန့်ကို နေစွမ်းအင်သုံး ဆိုလာပြား ၁၀၀ ခန့် လျှပ်ဒါန်းခဲ့သည်။

AIA သည် ၎င်း၏ နှစ်တစ်ရာပြည့်အခမ်းအနားကို ပြည်သူများပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သောဘဝများ ပိုင်ဆိုင်နိုင်စေရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလုပ်အကိုင်များကို ပရော်ဖက်ရှင်နယ်အတွက်သာမက ပုဂ္ဂိုလ်ရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရေရှည်အခွင့်အရေးများ ပေးစွမ်းနိုင်ရန် စသည့်အချက်များကို ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

AIA Group Limited နှင့် ကုမ္ပဏီခွဲများ (စုပေါင်းအားဖြင့် "AIA" သို့မဟုတ် "အဖွဲ့")တွင် လွတ်လပ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီကြီးဖြစ်သော Pan-Asian အသက်အာမခံအဖွဲ့ဖြင့် ဖွံ့စည်းထားပြီး ဟောင်ကောင်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်ပြည်မ၊ ဂိုဏ်းယား၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ နယူးဇီလန်၊ မကာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ AIA ၏ စီးပွားရေးလုပ်ငန်းကို ၁၉၁၉ ခုနှစ်၌ ရှန်ဟိုင်းတွင်စတင်တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်လ ၃၀ ရက်မှစ၍ စုစုပေါင်းပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၅၆ ဘီလီယံ ခန့်ရှိကြောင်းသိရသည်။ BPO

# သဘာဝလက်ဖက်စိမ်းနှင့် ရှားစောင်းလက်ပပ်၏ အဆီအနှစ်ဖြင့် ပြုလုပ်ထားသော Lifebuoy Matcha ရေချိုးဆပ်ပြာ အသစ်ကို မိတ်ဆက်

Unilever ၏ ကမ္ဘာ့နံပါတ်တစ်ရောင်းအားအကောင်းဆုံး ကျန်းမာရေးဆပ်ပြာ အမှတ်တံဆိပ်တစ်ခုဖြစ်သော Lifebuoy သည် မြန်မာနိုင်ငံအတွက် အသစ်ရောက်ရှိလာသော သဘာဝလက်ဖက်စိမ်းနှင့် ရှားစောင်းလက်ပပ် အဆီအနှစ်ဖြင့် ပြုလုပ်ထားသော ရောဂါပိုးမွှားသန့်စင်စေသည့် Lifebuoy Matcha ရေချိုးဆပ်ပြာ မိတ်ဆက်ခြင်းအခမ်းအနားအား နိုဝင်ဘာလ ၁၃ ရက်က ရန်ကုန်မြို့ရှိ Sule Shangrila ဟိုတယ်တွင်ကျင်းပခဲ့သည်။

Lifebuoy ရေချိုးဆပ်ပြာအသစ်သည် သဘာဝပါဝင်ပစ္စည်းများဖြစ်သည့် Matcha လက်ဖက်စိမ်းနှင့် ရှားစောင်းလက်ပပ် အဆီအနှစ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားပြီး သုံးစွဲသူများအတွက် ခန္ဓာကိုယ်ပေါ်ရှိ ရောဂါပိုးများနှင့် အသားအရေ ပြဿနာများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ Matcha သဘာဝလက်ဖက်စိမ်းနှင့် ရှားစောင်းလက်ပပ်အဆီအနှစ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသော ရေချိုးဆပ်ပြာသည် Lifebuoy မှ သဘာဝပစ္စည်းများကို အသုံးပြု၍ Activ Silver ဖော်မြူလာအစွမ်းနှင့် ပေါင်းစပ်ထားသော ထုတ်ကုန်ပစ္စည်းအသစ်တစ်ခုဖြစ်ပြီး ထိုစွမ်းအားကြောင့် မမြင်နိုင်သောရောဂါပိုး ၁၀ မျိုးကို သေစေနိုင်ပြီး သဘာဝ antioxidant ဂုဏ်သတ္တိနှင့် ရောဂါပိုးမွှားကာကွယ်ပေးနိုင်သည့် Matcha လက်ဖက်စိမ်းပါဝင်သောကြောင့် ပိုးမွှားရောဂါကာကွယ်မှုကို ၁၀ ဆပိုမိုကောင်းမွန်စေသည်။ Lifebuoy ၏ ရေချိုးဆပ်ပြာအသစ်သည် Lifebuoy ထုတ်ကုန်များအား လုံးကွဲသို့ပင် ရောဂါပိုးမွှားအန္တရာယ်မှ ၉၉.၉% ကာကွယ်မှုပေးနိုင်သည်။

"Lifebuoy အမှတ်တံဆိပ်ကို စတင်မိတ်ဆက်ကတည်းက ကျွန်တော်တို့ရဲ့ antibacterial လက်ဆေးဆပ်ပြာနဲ့ ရေချိုးဆပ်ပြာတွေ ကတစ်ဆင့် လူသားတိုင်း ပိုမိုကောင်းမွန်တဲ့ တစ်ကိုယ်ရည်သန့်ရှင်းမှုတွေ ရရှိစေရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ Lifebuoy အမှတ်တံဆိပ်ဖြစ်တည်မှု နှစ်ပေါင်းကြာရှည်လာတာနဲ့အမျှ Lifebuoy ၏ ထုတ်ကုန်ပစ္စည်းတွေကို ပိုမိုဆန်းသစ်ပြီး သုံးစွဲသူများအားလုံး ပိုမိုအဆင်ပြေစေရန် ပြုလုပ်ပေးလျက်ရှိပါတယ်" ဟု Unilever EAC Myanmar ၏ Marketing Director (BPC) Myanmar, Cambodia & Laos ဖြစ်သူ Mr.Nipun Talwar ကပြောသည်။

Lifebuoy ၏ အမှတ်တံဆိပ်သံတမန်ဖြစ်သူ ချစ်သုဝေမှအရေပြား ဧဝကမ္ဘဏ္ဍာနှင့် ရောဂါပိုးမွှားဖြစ်ပေါ်ရသော အကြောင်းအရင်းများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များနှင့် အထွေထွေဗဟုသုတများကိုပါ မျှဝေပေးခဲ့သည်။

Lifebuoy ဆပ်ပြာသည် နိုင်ငံပေါင်း (၆၀)ကျော်တွင် ရောင်းချလျက်ရှိသော ကမ္ဘာ့နံပါတ်တစ်ရောင်းအားအကောင်းဆုံး တစ်ကိုယ်ရေသန့်ရှင်းရေး ဆပ်ပြာဖြစ်ပြီး အရည်အသွေးပြည့်ဝ၍ စျေးနှုန်းချိုသာသော ပစ္စည်းများကို ဆန်းသစ်တီထွင်မှုများနှင့် ပေါင်းစပ်ကာ ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များကို ထောက်ခံအားပေးခြင်းဖြင့် ပိုမိုကောင်းမွန်သောပြောင်းလဲမှုများအတွက် ဦးဆောင်လုပ်ကိုင်နေသည်။ အဆိုပါ ရည်ရွယ်ချက်ကို အခြေခံထား၍ Lifebuoy မှ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဘီလီယံသော ပြည်သူလူထု၏ လက်ဆေးခြင်းအလေ့အကျင့်ကို ပြောင်းလဲပေးရန်၊ မျှော်မှန်းထားသည်ထက် တစ်နှစ်စောပြီး ပြည့်မြောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Lifebuoy သည် ၎င်းတို့၏ လက်ဆေးခြင်းအစီအစဉ်များမှတစ်ဆင့် သန်း ၂၀ သော လူများကို အသိပညာပေးနိုင်ရန် ရည်ရွယ်ကြောင်းသိရသည်။ BPO

» စာ - ၁၅

မျိုးစုံဖြင့် အရှိန်မြှင့် ဆောင်ရွက်လာသည်ကိုတွေ့မြင်နေရကြောင်း၊

– ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား ပဋ္ဌိပက္ခ အခြေအနေများသည် ၂၀၁၂ ခုနှစ်မှစတင်၍ တစ်ကျော့ပြန် ကြီးထွားလာခဲ့ကြောင်း၊ လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကိုစတင်ယူချိန်မှစ၍ ရခိုင်ပြည်နယ်အရေးကိစ္စအား အဓိကဦးစားပေး လုပ်ငန်းတစ်ရပ်အနေနှင့်ကိုင်တွယ်ဖြေရှင်းရန် အလေးထားကြိုးပမ်းခဲ့ကြောင်း၊

–ယင်းပဋ္ဌိပက္ခများအား အလေးပေးဖြေရှင်းနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ မေလတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းဆောင်ရွက်သည့် အပြင် ရခိုင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များတင်ပြနိုင်ရေး အတွက် နိုင်ငံတကာကလေးစားသောကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ဆက်လက်ဖွဲ့စည်းခဲ့ကြောင်း၊

– ဖွံ့ဖြိုးမှုနောက်ကျသော ရခိုင်ပြည်နယ်အတွက် စီးပွားရေးနှင့် လူမှုအခွင့်အလမ်းများ တိုးတက်လာစေရန် အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အပြုသဘောဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံ၏ဒီမိုကရေစီအရေးနှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများအား ကုလသမဂ္ဂအပါအဝင်ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုခဲ့ကြပြီး၊ အပြုသဘောတုံ့ပြန်ခဲ့ကြကြောင်း၊

– အကျိုးဆက်အားဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ၌ ၁၉၈၁ ခုနှစ်မှစ၍ အီးယူက နှစ်စဉ်တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအဆိုမူကြမ်းကို ၂၀၁၆ ခုနှစ်တွင် ဆက်လက်တင်သွင်းခြင်းမရှိတော့ဘဲ ရပ်ဆိုင်းခဲ့သည့် အပြင်အမေရိကန်နိုင်ငံကလည်း မြန်မာနိုင်ငံအပေါ်မှာ ချမှတ်ထားသည့် စီးပွားရေး ကန့်သတ်ပိတ်ပင်မှုတွေကို ယင်းနှစ်စက်တင်ဘာလတွင် ဖယ်ရှားပေးခဲ့ကြောင်း၊

– သို့သော် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၉ရက် နှင့် ၂၀၁၇ခုနှစ်၊ သြဂုတ်လ ၁၁ရက်တို့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးစခန်းများအား ARSA (Arakan Rohingya Salvation Army) အဖွဲ့၏ စတင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ် နယ်စပ်ဘက်နှင့်ရခိုင်ပြည်နယ် တောင်ပိုင်း လုံခြုံသည့်နေရာများသို့နေရပ်စွန့်ခွာသူ အမြောက်အမြား တိမ်းရှောင်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊

– ယင်းကဲ့သို့ လူသားချင်းစာနာမှုအခြေအနေများကြောင့် နိုင်ငံတကာက ရခိုင်ကိစ္စအပေါ်အထူးအာရုံစိုက်လာကြပြီး၊ မြန်မာနိုင်ငံအပေါ်နိုင်ငံတကာ၏ ဖိအားပေးမှုများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ပြည်တွင်းမှ တုံ့ပြန်ဖြေရှင်းမှုနှင့် သဘောထားအမြင်များကို နိုင်ငံတကာဘက်မှလျစ်လျူရှု၍ ဖိအားပေးမှုများသာ ပိုမိုပြုလုပ်ခဲ့ကြကြောင်း၊

– မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား တတ်နိုင်သမျှအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ နေရပ်စွန့်ခွာသူများအားပြန်လည်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်နှစ်နိုင်ငံသဘောတူညီချက်(၃)ခုကိုလက်မှတ်ရေးထိုးခဲ့ကြောင်း၊

– ပြန်လည်ရောက်ရှိလာသူများအတွက်ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက်လည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊အာဆီယံနှင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊

– အာဆီယံ အနေဖြင့် ရခိုင်ပြည်နယ်တွင် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး၊ အစီရင်ခံစာပါအကြံပြုချက်များအား အကောင်အထည်ဖော်ရေးအတွက် ဦးစားပေးစီမံချက်(၇)ခုကို အကောင်အထည်ဖော်ရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ယာယီ အထောက်အကူပြုအဖွဲ့(Ad hoc support team)တစ်ခုကို ထားရှိပေးရန်ရှိကြောင်း၊ ပြည်တွင်းရှိ နေရပ်စွန့်ခွာသူများ၏ ယာယီစခန်းများအား စနစ်တကျ ပိတ်သိမ်းရေး မဟာဗျူဟာကိုလည်း ၁၉-၁၁-၂၀၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊

– တာဝန်ခံမှု (accountability) ရှိစေရေးအတွက် အစိုးရအနေဖြင့် လျစ်လျူရှုထားခြင်းမရှိဘဲဒုတိယသမ္မတ (၁) ဦးဆောင်သည့် ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကိုဖွဲ့စည်းခဲ့ပြီး အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့သည့် အပြင် သံအမတ်ကြီး Rosario Manaloဦးဆောင် သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် စတင်တည်ထောင်ပေးခဲ့ပြီး၊ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးမှု များ ပြုလုပ်လျက်ရှိကြောင်း၊

– တပ်မတော်ဘက်ကလည်းစုံစမ်းစစ်ဆေးရေးခုံရုံးကို တည်ထောင်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ICOE ၏တွေ့ရှိချက် အစီရင်ခံစာကို ယခုနှစ်မကုန်မီ တင်သွင်းသွားမည် ဖြစ်ကြောင်း၊ ICOE အချက်အလက်ရှာဖွေရေး အဖွဲ့အနေဖြင့် ကော့ဇ်ဘဇားဘက်သို့ သွားရောက်ပြီး စုံစမ်းမေးမြန်းခွင့်ရရှိရေးအတွက် ဘင်္ဂလားဒေ့ရှ် ဘက်မှ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း၊ ICOE အစီရင်ခံစာအရ သက်သေ ထင်ရှားသော ချိုးဖောက်မှုများ ရှိသည်ဆိုပါက ဥပဒေကြောင်းအရ လိုအပ်သည့် အရေးယူမှုများ ပြုလုပ်သွားမည်ဟု ရပ်တည်ပြောကြားထားကြောင်း၊

– အစိုးရအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်အရ ရခိုင်ပြည်နယ်တွင်နေထိုင်ခဲ့သူဖြစ်ကြောင်း စိစစ်တွေ့ရှိသူများ အားလုံးကို ပြန်လည်လက်ခံရန် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နှင့် ၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်တို့တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လွှဲပြောင်းရန် နှစ်ဖက်စီစဉ်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နေရပ်စွန့်ခွာသူများအား ပြန်လည် ပို့ဆောင်ခဲ့ခြင်းမရှိသည့်အတွက် အထမမြောက်ခဲ့ကြောင်း၊

– နေရပ်စွန့်ခွာသူများအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားမှု အစီအစဉ်များကို သိရှိစေနိုင်ရန် ကော့ဇ်ဘဇားသို့အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီး ရှင်းလင်းမှုများပြုလုပ်ခဲ့ကြောင်း၊ နောက်တစ်ကြိမ် အလားတူအဖွဲ့စေလွှတ်ရန်ကိုလည်း ဘင်္ဂလားဒေ့ရှ် ဘက်သို့အဆိုပြုထားကြောင်း၊

– သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်နေရပ်စွန့်ခွာသူများအရေးကို ဖြေရှင်းနိုင်ရေး အတွက်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့်အစား မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးဖိအား ပိုမိုပေးနိုင်ရေး အတွက်သာ OIC နိုင်ငံများ၏အင်အားကိုယူ၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာပေါင်းစုံတွင် ချဉ်းကပ်စည်းရုံးနေသည်ကိုတွေ့မြင်ရကြောင်း၊

– မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍လူ့အခွင့်အရေးကောင်စီ၊ အထူးအစီရင်ခံစာတင်သွင်းသူ၊ နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)၊ လွတ်လပ်သော စုံစမ်း စစ်ဆေးရေးယန္တရား(IIMM)၊ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၊ အထွေထွေညီလာခံ တတိယကော်မတီနှင့် လုံခြုံရေးကောင်စီစသည့် ကုလသမဂ္ဂယန္တရား(၇)ခုဖြင့် မြန်မာနိုင်ငံကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း၊

– ပြဿနာများအား ငြိမ်းချမ်းစွာစေ့စပ်ဖြေရှင်းပေးရမည့် ကုလသမဂ္ဂအနေဖြင့်လည်း ပြဿနာဖြေရှင်းရေးထက် တာဝန်ခံမှု (Accountability) ကိစ္စပေါ်တွင် ငွေကြေး အမြောက်အမြား အကုန်ကျခံပြီး ပိုမိုအလေးထား ဆောင်ရွက်နေခြင်းကိုတွေ့ရှိရကြောင်း၊

– မြန်မာနိုင်ငံအနေဖြင့် ပြဿနာဖြေရှင်းရေးအတွက် လက်တွေ့ကျပြီး မျှတမှုရှိသော ချဉ်းကပ်မှုမျိုးဖြင့် ကူညီပံ့ပိုးမှုများကို ကြိုဆိုသွားမည်ဖြစ်ကြောင်း၊

– ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွား ခဲ့ပြီးနောက် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက လူ့အခွင့်အရေးကောင်စီမှ တာဝန်ပေးအပ်မှုမရှိဘဲ ရခိုင်ဒေသအခြေအနေ ဆိုင်ရာ 'flash report' တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း၊

– ယင်းအစီရင်ခံစာကို တရားဝင်ဖြစ်စေရေးအတွက် အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သွားရောက်လေ့လာစေခဲ့ပြီး ၂၀၁၇ ခုနှစ်၊ မတ်လတွင် ကျင်းပသည့် (၃၄)ကြိမ် မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် ၎င်း၏အစီရင်ခံစာတွင် 'flash report' ပါ အချက်အလက်များကို ကိုးကားဖော်ပြခဲ့ကြောင်း၊

– ယင်းအစီရင်ခံစာပေါ်အခြေခံ၍ မစ္စတာဒါရှစမန်ဦးဆောင်သည့် အဖွဲ့ဝင် (၃) ဦးပါ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊

– မြန်မာနိုင်ငံအနေဖြင့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ ဖွဲ့စည်းမှု၊ လုပ်ပိုင်ခွင့်နှင့်တရားမျှတစွာ လုပ်ဆောင်နိုင်မှုများအပေါ် ယုံကြည်မှုမရှိသည့်အတွက် ယင်းအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်ကပင် ကန့်ကွက်ခဲ့ကြောင်း၊

– FFM သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး၊ လူအခွင့်အရေးချိုးဖောက်မှုကျူးလွန်သူများအား ICC သို့ တင်ပြရေးအတွက် တောင်းဆိုခဲ့ကြောင်း၊

– FFM ၏ ထောက်ခံတင်ပြချက်အရ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် လူ့အခွင့်အရေးကောင်စီက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIM) တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအား တရားစွဲဆိုမည်ဆိုပါက လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်ရေးအတွက် IIM ကို ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊

– လူ့အခွင့်အရေး ကောင်စီအနေဖြင့် IIM အားဖွဲ့စည်းခြင်းသည် ယင်း၏ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်လုပ်ဆောင်နေသည့်အတွက် OICနိုင်ငံ အချို့ကပင် လက်မခံဘဲ ချင်းချက်ပြုခြင်း (Reservation) ပြုလုပ်ခဲ့ကြကြောင်း၊

– IIM ၏ အကြီးအကဲအဖြစ် ခန့်အပ်ထားသည့် Mr. Nicholas Koumjian က ယခုလဆန်းပိုင်းတွင် ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအား ခုံရုံးတင်ရန်ရည်ရွယ်ချက်ဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIM) တည်ထောင်ခြင်းကိုလည်း မြန်မာနိုင်ငံမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ထားကြောင်း၊

– အလားတူ ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ တတိယကော်မတီတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ၂၀၁၇ ခုနှစ်မှစ၍ OICနှင့် အီးယူတို့က ပူးတွဲ ပြန်လည်တင်သွင်းခဲ့ပြီး၊ အဆိုပါအဖွဲ့ (၂) ဖွဲ့မှာ စုစုပေါင်းအဖွဲ့ဝင်နိုင်ငံ (၈၅)နိုင်ငံ ပါဝင်သဖြင့် ၎င်းတို့၏ အဆိုမူကြမ်းများကို လွယ်ကူစွာတင်သွင်းနိုင်သည့် အနေအထားတွင် ရှိနေကြောင်း၊

– ယခင်နှစ်များက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ 'The Situation of human rights in Myanmar' ခေါင်းစဉ်ဖြင့် တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင်မူ ရခိုင်ပြည်နယ်မှတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေခေါင်းစဉ်ဖြင့် အမည်ပြောင်း၍ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊

– ယင်းအဆိုအပေါ် မြန်မာနိုင်ငံ အနေဖြင့် ကန့်ကွက်မဲပေးခဲ့ကြောင်း၊ (သို့သော် ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံအား ICJတွင် တရားစွဲဆိုရေးအတွက် တောင်းဆိုသည့် စာသားကို အဖွဲ့ဝင်နိုင်ငံအချို့က လိုလားကြသော်လည်း နိုင်ငံအများစုက လက်မခံသည့်အတွက် မပါဝင်ခဲ့ကြောင်း၊

– အဆိုပါ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ တာဝန်ပေးထားသည့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးနှင့်မူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ အထူးကိုယ်စားလှယ်၏ နဝမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ကို ယခုလအတွင်း စီစဉ်ပေးခဲ့ကြောင်း၊

– ကုလသမဂ္ဂယန္တရားများအရ မြန်မာနိုင်ငံကို အရေးယူနိုင်မည့် အခြေအနေ မရှိသေးသည့်အတွက် OIC နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှု လမ်းကြောင်းမှ မြန်မာနိုင်ငံအား အရေးယူဆောင်ရွက်နိုင်ရေးနည်းလမ်းကို ကြိုးပမ်းလာကြခြင်းဖြစ်ကြောင်း၊

– ယခု နိုဝင်ဘာလအတွင်း (လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် ပတ်သက်၍ တာဝန်ခံမှုရှိစေရေး (Accountability) အတွက်အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ ဂမ्ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် တရားစွဲဆိုမှု၊ လူ့အခွင့်အရေး အဖွဲ့များက Universal Jurisdiction 'ကမ္ဘာ့နေရာတိုင်းမှာ စုံစမ်းစီရင်ပိုင်ခွင့်' မူဖြင့် အာဂျင်တီးနားဖက်ဒရယ်တရားရုံး၌ တရားစွဲဆိုမှုနှင့်အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာ တရားရုံး ICC က မြန်မာနိုင်ငံအပေါ် တရားဝင် စုံစမ်းစစ်ဆေးခွင့်ပြုကြောင်း အမိန့်ချမှတ်မှုများ တစ်ဆက်တည်းဖြစ်ပေါ်ခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းပေးထားသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIM) ကလည်း သက်သေအချက် အလက်များရှာဖွေစုဆောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊

– ICC နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် Rome Statute ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် အတွက် မြန်မာနိုင်ငံအပေါ် စီရင်ခွင့်အာဏာ မရှိကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် တရားဝင်ထိတွေ့ဆက်သွယ် ဖြေရှင်းမည်မဟုတ်ကြောင်း၊ သို့သော် မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်များအား သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစည်းအဝေးများ၌ထုတ်ဖော်ပြောကြားခြင်းများဆောင်ရွက်ခဲ့ကြောင်း၊

– အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအား ICC တွင် အရေးယူနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် လွှဲပြောင်းပေးမှသာ ဖြစ်နိုင်ကြောင်း၊

– မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင် မဟုတ်သော်လည်း အဖွဲ့ဝင်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လူများအစုလိုက်အပြုံလိုက်မောင်းထုတ်မှုဖြစ်ခဲ့သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ ICC တရားရုံး Prosecutor တစ်ဦး၏ လျှောက်ထားချက်အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခွင့်ပေလိုက်ခြင်းဖြစ်ကြောင်း၊

– "Universal Jurisdiction"မူအရ မြန်မာနိုင်ငံ အစိုးရ၊ တပ်မတော် ခေါင်းဆောင်များအားလူသားမျိုးနွယ်များအပေါ် ကျူးလွန်မှုနှင့်လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ကို ကာကွယ်တားဆီးအပြစ်ပေးအရေးယူခြင်း မပြုလုပ်ခဲ့သည့်အတွက် လူ့အခွင့်အရေးအဖွဲ့များက အာဂျင်တီးနားဖက်ဒရယ်တရားရုံး၌ တရားစွဲဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းမှာလူမျိုးသုဉ်းသတ်ဖြတ်မှု ကိစ္စမျိုးဖြစ်ပါကမည်သည့်နိုင်ငံကမဆို အရေးယူခွင့်ရှိရမည်ဆိုသည့် "Universal Jurisdiction" မူဖြင့် မဟုတ်မမှန်စွပ်စွဲထားသည့် ကိစ္စဖြစ်ကြောင်း၊

– ယင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းခြင်းပြုမည် မဟုတ်ကြောင်း၊ သို့သော် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အခြေအနေများမှာ လူမျိုးသုဉ်းသတ်ဖြတ်မှုမဟုတ်ကြောင်းနှင့် ပကတိဖြစ်ရပ်မှန်များကိုသံတမန်လမ်းကြောင်းအရ နိုင်ငံတကာကိုဆက်လက်ရှင်းလင်းပြောကြားမှုများ ပြုလုပ်သွားမည်သာ ဖြစ်ကြောင်း၊

– နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂမ्ဘီယာနိုင်ငံက မြန်မာနိုင်ငံအား ICJ ၌ တရားစွဲဆိုကြောင်းကို ICJ မှ မြန်မာနိုင်ငံအစိုးရဘက်သို့ တရားဝင်အသိပေး အကြောင်းကြားလာကြောင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စများတွင် မြန်မာနိုင်ငံသည် Genocide ကွန်ဗင်းရှင်းဟုခေါ်ဆိုသည့် ကုလသမဂ္ဂ၊ လူမျိုးသုဉ်းသတ်ဖြတ်မှုကို တားဆီးရေးနှင့် အရေးယူအပြစ်ပေးရေးဆိုင်ရာ ကွန်ဗင်းရှင်းအား လိုက်နာမှုမရှိဟူသည့် စွပ်စွဲချက်ဖြင့် လျှောက်ထားခဲ့ခြင်းဖြစ်ပြီး၊ အပြီးသတ်စီရင်ချက် မချမှတ်မီ "Provisional Measures" ဟု ခေါ်သည့်ကြားဖြတ်စီမံဆောင်ရွက်ချက်များ ဆောင်ရွက်ရေးအတွက်အမိန့်ချမှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း၊

– ICJ ရှေ့မှောက် ရင်ဆိုင်ရသည့်အမှုတစ်ခုအနေဖြင့် ဖြေရှင်းရသော အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကြာမြင့်လေ့ရှိရာ၊ ယခုဖြစ်ပေါ်နေသည့် အခြေအနေကို ပိုမိုဆိုးရွား မလာစေရန် ကာကွယ်တားဆီးရေးအတွက် အဆိုပါ Provisional Measures ကို ရက်တို အတွင်းချမှတ်ရန် တောင်းဆိုလာခြင်း ဖြစ်ကြောင်း၊

– ဂမ्ဘီယာနိုင်ငံ၏ တရားစွဲဆိုထားမှုနှင့်ပတ်သက်၍ လာမည့် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ရက်

စာ - ၂၁ »

»စာ- ၂၀

အထိ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့မှ နှုတ်ဖြင့် လျှောက်လဲချက်တင်သွင်းရန် အပြည်ပြည်ဆိုင်ရာတရားရုံးက အချိန်ဇယားသတ်မှတ်ခဲ့ကြောင်း၊

- ကုလသမဂ္ဂပဋ္ဌာဉ်အရအပြည်ပြည်ဆိုင်ရာတရားရုံးသည် ကုလသမဂ္ဂ၏ တရားစီရင်ရေးဆိုင်ရာ အဓိကအစိတ်အပိုင်းဖြစ်ပြီး၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အလိုအလျောက်အဖွဲ့ဝင်များဖြစ်ကြကြောင်း၊ ICJ အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေအရ အငြင်းပွားမှုရှိပါကဖြေရှင်းဆုံးဖြတ်ပေးသည့် တရားရုံးဖြစ်ကြောင်း၊

- မြန်မာနိုင်ငံသည် Genocide ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်လည်း ဖြစ်ကြောင်း၊ ယင်းကွန်ဗင်းရှင်း၏ အခန်း (၉) အရ ကွန်ဗင်းရှင်းကိုလိုက်နာခြင်းနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအကြားအငြင်းပွားမှုများပေါ်ပေါက်ခဲ့ပါက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ တင်သွင်းနိုင်သည်ဟု ဖော်ပြထားကြောင်း၊

- ထို့ပြင် ICJ ၏ စာချုပ်၊ အပိုဒ် ၅၃(၁)အရတစ်ဖက်အမှုသည်နိုင်ငံသည် တရားရုံး၌ သွားရောက်အမှုရင်ဆိုင်ခြင်းမရှိလျှင် သို့မဟုတ် အမှုကိုကာကွယ်ချေပခြင်းမရှိလျှင် အခြားတစ်ဖက်အမှုသည်နိုင်ငံက အမှုကို ယင်းအား အနိုင်ပေးဆုံးဖြတ်ရန် တရားရုံးသို့ တောင်းဆိုနိုင်မည် ဖြစ်ကြောင်း၊

- ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ်နိုင်ငံများအဖွဲ့ (OIC) ကိုယ်စား မြန်မာနိုင်ငံအား တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်ပဋ္ဌိပက္ခများမှာ ဂမ်ဘီယာနိုင်ငံအပေါ်တိုက်ရိုက်သက်ရောက်ခဲ့ခြင်း မရှိသော်လည်း အစ္စလာမ်ဘာသာဝင်များအရေးနှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံသည် OIC အတွင်း တက်ကြွစွာပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊

- ရခိုင်အရေးကိစ္စကို ဖြေရှင်းရေးအတွက် OIC က ယမန်နှစ် မေလအတွင်း ဒါကာမြို့တွင်ကျင်းပခဲ့သည့် OIC နိုင်ငံခြားရေးဝန်ကြီးများကောင်စီ အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သည့် ဝန်ကြီးအဆင့် ad hoc ကော်မတီတစ်ရပ်ကို ဂမ်ဘီယာနိုင်ငံက ဦးဆောင်ခဲ့ကြောင်း၊

- ဂမ်ဘီယာနိုင်ငံက OIC ကိုယ်စား မြန်မာနိုင်ငံအား ICJတွင် တရားစွဲဆိုရန် တိုက်တွန်းခဲ့ကြောင်း၊ မေလကုန်တွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် OIC ထိပ်သီးညီလာခံတွင် အတည်ပြုခဲ့သည့် အပြီးသတ်ကြေညာချက်တွင်ထည့်သွင်းဖော်ပြခဲ့ကြောင်း၊

- ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံနှင့် ၁၃-၁-၂၀၁၁ရက်တွင် သံတမန်ဆက်ဆံမှုတည်ထောင်ထားသည်မှအပ နှစ်နိုင်ငံဆက်သွယ်မှု မရှိလောက်နည်းပါးသည့် နိုင်ငံဖြစ်ကြောင်း၊

- မြန်မာနိုင်ငံအနေဖြင့် ယင်းအမှုအားရင်ဆိုင်ဖြေရှင်းသွားရန် ကျွမ်းကျင်သည့်ရှေ့နေများဥပဒေအကြံပေးများ ၄ဦးရမ်းထားပြီးဖြစ်ကြောင်း၊

- ICC သည် နိုင်ငံတကာပြစ်မှုကျူးလွန်သူကို ပစ်မှတ်ထား၍ ICJ သည် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကာကွယ်တားဆီးမှုနှင့် အရေးယူဆောင်ရွက်မှုမရှိခြင်းတို့အတွက် နိုင်ငံတော် (State)ကိုအရေးယူမှု ပြုလုပ်လာနိုင်ကြောင်း၊

- သို့ဖြစ်ရာ ICJ တွင် မြန်မာနိုင်ငံအား ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားမှုအပေါ် စနစ်တကျပြင်ဆင်၍ ဖြစ်ရပ်မှန်များ တင်ပြနိုင်ရေးနှင့် အစိုးရ၏ ကြိုးပမ်း ဆောင်ရွက်မှုများနှင့် လက်ရှိနိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကိုအစိုးရအဖွဲ့ဝင်များ သာမက အများပြည်သူသိရှိနားလည်စေရန် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဌင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေကရှင်းလင်းတင်ပြရာတွင်-

- ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့် ပတ်သက်၍ ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် တရားစွဲဆိုမှုတစ်ခု တင်သွင်းခဲ့ကြောင်း၊

- ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များမှာ မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသည့်လူမျိုးစုအပေါ်တွင် ဖိနှိပ်ဆက်ဆံမှုများကိုဆယ်စုနှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ခြင်း၊ ထို လူမျိုးစု၏ တရားဝင် ရပိုင်ခွင့်များကို ပေးရန် ငြင်းဆန်ခဲ့ခြင်း၊ဌင်းတို့အား ဆန့်ကျင်သည့် အမုန်းတရားများကို ဝါဒဖြန့်ခဲ့ခြင်း၊ ထိုလူမျိုးစုများကို အစုအဖွဲ့တစ်ခုအဖြစ်ပစ်မှတ်ထား၍ အစုလိုက်၊ အပြိုလိုက် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်နေခြင်း၊ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးများကို ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်း၊ ထိုလူမျိုးစုအား လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းစသည်တို့ဖြစ်ကြောင်း၊ ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်များမှာ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှု၊ ကာကွယ်ခြင်းနှင့်ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှု ဆိုင်ရာ ကွန်ဗင်းရှင်း ၁၉၄၈) ၏ ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့အရ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့ခြင်းအတွက် တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်၍ တာဝန်ရှိသည်ဟူ၍ဖြစ်ကြောင်း၊

- ဂမ်ဘီယာနိုင်ငံ၏ လျောက်ထားချက်များမှာ မြန်မာနိုင်ငံသည် ပုဒ်မ(၃)၊ အပိုဒ်ခွဲ(က)အရ လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခြင်း ၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ခ)အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန်လှုံ့ဝှက်ကြံစည်ခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ဂ) အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန်လှုံ့ဆော်ခြင်းနှင့် စီမံညွှန်ကြားခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ဃ) အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန်ကြံစည်ခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(င)အား ချိုးဖောက်၍လူမျိုးတုံးသတ်ဖြတ်မှုအား ပါဝင်ကျူးလွန်ခြင်း၊ ပုဒ်မ(၁) အရ လူမျိုးတုံးသတ်ဖြတ်မှုအား တားမြစ်ရန်ပျက်ကွက်ခြင်း၊ ပုဒ်မ(၁)၊ ပုဒ်မ(၄)နှင့် ပုဒ်မ(၆)တို့အရ လူမျိုးတုံး သတ်ဖြတ်မှု အား အပြစ်ပေးရန် ပျက်ကွက်ခြင်း၊ ပုဒ်မ(၅)အရ လူးမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူများ (သို့မဟုတ်) ပုဒ်မ(၃)တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို ကျူးလွန်သူများအားထိရောက် သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် လိုအပ်သော ပြဋ္ဌာန်းထားမှုမရှိခြင်း တို့ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားကြောင်း၊

- ထို့ပြင် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)အနေဖြင့် ကြားဖြတ်စီမံ ဆောင်ရွက်ရန် တောင်းဆိုထားသောအချက်များမှာ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ လူမျိုးတုံးသတ်ဖြတ်မှုဥပဒေအားလိုက်နာအကောင် အထည်ဖော်ရန် မြန်မာနိုင်ငံမှ လိုအပ်သည့် ဆောင်ရွက်ရမည့်ကိစ္စအားလုံးကို အမြန်ဆုံး ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ တပ်မတော်၊ တပ်မတော်အား အထောက်အကူပြုသည့် လက်နက်ကိုင်အဖွဲ့အစည်း၊ ပြည်သူ့စစ် (သို့မဟုတ်) အမြဲတမ်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသာမက အခြားသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့်လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်ခြင်း၊ ကျူးလွန်ရန်ကြံစည်ခြင်းများ မပြုလုပ်ရန်၊ လျှောက်ထားချက်တွင် ဖော်ပြထားသည့် လူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်သော သက်သေများအား မြန်မာနိုင်ငံအနေဖြင့်ဖျက်ဆီးခြင်းမပြုရန်၊ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့အနေဖြင့် မည်သည့်လက်တို့ပြန်ဆောင်ရွက်ချက်မျှ မပြုလုပ်ရန်နှင့် လျှောက်ထားချက်တွင် ပါရှိသော လက်ရှိအငြင်းပွားမှုအား ပိုမိုဆိုးရွားစေမည့် မည်သည့်ဆောင်ရွက်ချက်ကိုမှ မပြုလုပ်ရန်၊ မြန်မာနှင့် ဂမ်ဘီယာ နှစ်နိုင်ငံမှ ကြားဖြတ်စီမံဆောင်ရွက်ချက်များနှင့် ပတ်သက်သည့်ဆောင်ရွက်ထားရှိမှုအစီရင်ခံစာအား ကြားဖြတ်စီမံဆောင်ရွက်ချက်များ စတင်ချမှတ်သည့်နေ့မှစ၍ (၄) လထက် နောက်မကျစေဘဲ တရားရုံးသို့ တင်ပြရန်စသည် တို့ဖြစ်ကြောင်း၊

- အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)က ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ရန် လိုအပ်သည့် အကြောင်းပြချက်များအဖြစ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသည့် လူမျိုးစုဝင်များအား သတ်ဖြတ်ခြင်း၊ အဆိုပါလူမျိုးစု၏ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအခမ်းပြုခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများဖြင့် ထိခိုက်စေခြင်း၊ ထိုလူမျိုးစုဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ညှင်းပမ်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းနှင့်အခြား သော ရက်စက်သည့် ပြုမူဆက်ဆံခြင်းများခံစားရစေခြင်း၊ ထိုလူမျိုးစုအား တစ်ခုလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ ဖျက်ဆီးရန် ရည်ရွယ်၍ အစားအစာ၊ နေအိမ်နှင့် အခြားမရှိမဖြစ်လိုအပ်သော အရာများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ဖြတ်တောက်ခြင်းများကို မြန်မာနိုင်ငံကဆောင်ရွက်ခဲ့သည်ဟု တင်သွင်းထားကြောင်း၊

- ကုလသမဂ္ဂပဋ္ဌာဉ်စာချုပ်အရ မြန်မာနိုင်ငံ အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လူမျိုးတုံး သတ်ဖြတ်မှု ရာဇဝတ်မှု၊ ကာကွယ်ခြင်းနှင့်ပြစ်ဒဏ်ချမှတ်ခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ယင်းကွန်ဗင်းရှင်းကို ၁၉၅၆ ခုနှစ် မတ်လ ၁၄ ရက်တွင် Ratification အသက်ဝင်ခဲ့ပြီး ယင်းနေ့တွင်ပင် ခြွင်းချက်ကြေညာခြင်း(Reservation/Declaration) (၂)ခုပြုလုပ်ခဲ့ကြောင်း၊

- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ကြားနာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁၀ရက်တွင် ဂမ်ဘီယာနိုင်ငံက ပထမအကြိမ်ထွက်ဆိုခြင်း၊ ၁၁ ရက်တွင် မြန်မာနိုင်ငံက ပထမအကြိမ်ထွက်ဆိုခြင်း၊ ၁၂ ရက်တွင် ဂမ်ဘီယာနိုင်ငံနှင့် မြန်မာ နိုင်ငံတို့က ဒုတိယအကြိမ် ပြန်လည်ထွက်ဆိုခြင်း ပြုလုပ်မည်ဖြစ်ကြောင်း၊

- အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးစီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဂမ်ဘီယာနိုင်ငံ၏တရားစွဲဆိုချက်ကို တုံ့ပြန်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ကျွမ်းကျင်သည့် ဥပဒေပညာရှင်ရှေ့နေကြီးများ ၄းရမ်းထားပြီးဖြစ်ကြောင်းဖြင့်ရှင်းလင်းတင်ပြပါသည်။

သာမန်အားဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ရင်ဆိုင်ဖြေရှင်းကြရာ၌ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်လေ့မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း ၎င်းတို့၏ တရားရေးဝန်ကြီးနှင့်ရှေ့နေချုပ်ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏အကျိုးစီးပွား၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခံရခြင်းနှင့်ပတ်သက်သည့် အရေးကိစ္စအားလုံးကို ထိထိရောက်ရောက် ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်း၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေကို ပူးတွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန်အတွက် နယ်သာလန်နိုင်ငံ The Heague မြို့သို့ စေလွှတ်မည့်ကိုယ်စားလှယ်အဖွဲ့ကို စနစ်တကျ ပြင်ဆင်စုဖွဲ့၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဦးဆောင်သွားရောက်ရန်ရှိကြောင်း သတင်းရရှိသည်။

## Transcom News journal Cartoons

# မိုးခေါင်ရေရှား ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှားဘေးနှင့်ပတ်သက်သည့် အတွေ့အကြုံများအား ဖလှယ်မျှဝေရန်နှင့် အာဆီယံအဆင့် မိုးခေါင်ရေရှားဘေးကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချနိုင်ရန်ရည်ရွယ်၍ မိုးခေါင်ရေရှားမှုဘေးဒဏ် ခံနိုင်ရည်ရှိစေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၈ ရက်က နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ကုလသမဂ္ဂအာရှ ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia and Pacific–UNESCAP) တို့ ပူးပေါင်းလေ့လာမှုဖြင့် Ready for the Dry Years: Building Resilience to Drought in South-East Asia အားအစီရင်ခံစာကိုပြုစုခဲ့ပြီး၊ အဆိုပါအစီရင်ခံစာအား ၂၀၁၉ ခုနှစ်၊ ဧပြီလအတွင်း၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများတွင်မိတ်ဆက်အတည်ပြုခဲ့ပြီး အဆိုပါလေ့လာဆန်းစစ်မှုအရ ယင်းသို့ မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပခြင်း ဖြစ်ကြောင်းသိရသည်။

United Nations Economic and Social Commission for Asia and Pacific–UNESCAP ၏ Chief of Space Applications ဖြစ်သူ Mr. Keran Wang က အစီရင်ခံစာတွင် မိုးခေါင်ရေရှားဘေး လေ့လာဆန်းစစ်မှု ဆောင်ရွက်ခဲ့သည့် အာဆီယံနိုင်ငံများအနက် နိုင်ငံတော်အဆင့်မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိုးခေါင်ရေရှား ဘေးကျရောက်ခြင်းသည် လူမှုစီးပွားရေးအပေါ် များစွာဆိုးကျိုး သက်ရောက်မှုများရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးကို ဦးစားပေးသည့် နိုင်ငံများအတွက် ပို၍အရေးကြီးပါကြောင်း၊ မိုးခေါင်ရေရှားဘေးအတွက် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးပွဲများကို အခြားသောအာဆီယံ နိုင်ငံများတွင်လည်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှားဘေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်းကောင်း၊ မိုးခေါင်ရေရှားဘေး အစီရင်ခံစာနှင့်စပ်လျဉ်း၍ UNESCAP နှင့်ပူးပေါင်း၍ အာဆီယံအဆင့် မိုးခေါင်ရေရှားဘေးအတွက် ဆောင်ရွက်မည့် ရေလုပ်ငန်းစဉ်အား အာဆီယံအတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူများကလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ES

# MSMEs Expo 2020 ကုန်စည်ပြပွဲ ကျင်းပမည်

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် (MSMEs Expo 2020) ကုန်စည်ပြပွဲကို ရန်ကုန်မြို့ရှိ Fortune Plaza (သာကေတ)တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ (၃)ရက်မှ (၅)ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

ယင်းပြပွဲကို MSMEs Association Yangon ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ဆိုင်ခန်းပေါင်း (၂၄၀)ကျော်ကို ကဏ္ဍအလိုက် ခင်းကျင်းပြသရောင်းချရန် စီစဉ်ထားကြောင်း ယင်းဌာနထံမှ သိရသည်။

ပြပွဲတွင် မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင်များနှင့်အတူ ထိုင်းနိုင်ငံမှ One Tambon One Product (OTOP) လုပ်ငန်းရှင်များ အာဆီယံနှင့် အာရှနိုင်ငံအချို့မှ SME လုပ်ငန်းရှင်များကလည်း ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင်များအတွက် ပြခန်းဈေးနှုန်းများကို Booth Price အတွက် ကျပ်ငွေ (၄၀၀,၀၀၀)ဖြစ်ပြီး MSME အဖွဲ့ဝင်များအတွက် အထူးလျှော့ဈေးအနေဖြင့် (၃၀)ရာခိုင်နှုန်း သတ်မှတ်ထားကာ ပါဝင်ပြသရောင်းချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများသို့ ဒီဇင်ဘာလ (၄)ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။

စိတ်ထက်

# Grab က ထောင်ပေါင်းများစွာသော Grab မိတ်ဖက်ယာဉ်မောင်းများနှင့် Grab Fun Fair ပြုလုပ်

Grab က ထောင်ပေါင်းများစွာသော Grab မိတ်ဖက်ယာဉ်မောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များ ပါဝင်ဆင်နွှဲနိုင်သည့် Grab Fun Fair ပွဲတော်ကြီးကို ရန်ကုန်မြို့ သုဝဏ္ဏဘူမိကွင်းတွင် နိုဝင်ဘာလ ၁၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သုဝဏ္ဏဘူမိကွင်းပြင်တွင်ကျင်းပသော ပွဲတော်ကြီးတွင် ဖျော်ရွှင်စရာဂိမ်းအစီအစဉ်များ၊ စားသောက်ဖွယ်ရာများနှင့် ဖျော်ဖြေရေးအစီအစဉ်များစွာပါဝင်ပြီး မိတ်ဖက်ယာဉ်မောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအနေနှင့် အတူတကွ တေးဂီတဖျော်ဖြေမှုများ၊ စိတ်လှုပ်ရှားစရာဂိမ်းမျိုးစုံနှင့် မိသားစုများအတူသုံးဆောင်နိုင်ရန် အစားအသောက်ဘူးများလည်း ဝေမျှပေးခဲ့ကြောင်း သိရသည်။

Grab မိတ်ဖက်ယာဉ်မောင်းများမှ ခရီးစဉ်များပိုမိုရရှိစေရန်နှင့် ဝင်ငွေအခွင့်အလမ်းများ ပိုမိုရရှိစေရန် ကူညီပံ့ပိုးခြင်းအပြင် Better 365 စီမံကိန်းမှတစ်ဆင့် အကျိုးခံစားခွင့်အသစ်များကို ဆက်လက်ဖြည့်ဆည်း မိတ်ဆက်ပေးလျက်ရှိသည်။ ယခုနှစ်အစောပိုင်းတွင် Grab က မိတ်ဖက်ယာဉ်မောင်းများမှ မိမိတို့၏ဝင်ငွေများကို တစ်နေ့တာ၏ မည်သည့်အချိန်တွင်မဆို နိုင်ငံတစ်ဝှမ်းရှိ CB ဘဏ်၏ ATM စက်များတွင် ငွေသားချက်ချင်းထုတ်ယူနိုင်ရန်အတွက် ယာဉ်မောင်းအက်ပလီကေးရှင်းတွင် ထည့်သွင်းထားသည့် "ချက်ချင်းလွှဲ ချက်ချင်းရောက်" လုပ်ဆောင်ချက်အသစ်ကို မိတ်ဆက်ပေးခဲ့သည်။

Grab သည် ဒေသတွင်း အင်္ဂါးယာဉ်ဝန်ဆောင်မှု အမျိုးအစား အများဆုံးကို ဝန်ဆောင်မှုပေးနေပြီး အစားအသောက်၊ ပစ္စည်းပို့ဆောင်ရေး၊ မိုဘိုင်းလ်ငွေပေးချေစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို အရှေ့တောင်အာရှ (၈) နိုင်ငံရှိ မြို့ပေါင်း (၃၃၉) မြို့တွင် ပေးအပ်လျက်ရှိသည်။ အသေးစိတ် အချက်အလက်များ ထပ်မံသိရှိလိုပါက http://www.grab.com နှင့် www.facebook.com/GrabMM တွင် ဝင်ရောက်လေ့လာနိုင်သည်။

ES

# မြန်မာနိုင်ငံသို့ ဂျပန်ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဂျပန်စျေးကွက် ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ဆွေးနွေး

ဂျပန်လူမျိုးများ၏ အားလပ်ရက်များရရှိသော ဧပြီလ၊ မေလ၊သြဂုတ်လ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်စေရန် အစီအစဉ်များ ရေးဆွဲနိုင်ရေးအတွက်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်စျေးကွက်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၉ ရက်က Sule Shangri-La Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာ-ဂျပန်နှစ်နိုင်ငံ ပိုမိုနက်ရှိုင်းသောချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခြင်းမှ ခရီးသွား လုပ်ငန်းမြှင့်တင်ရေး၊ ဝန်ကြီးဌာနက အကောင်အထည်ဖော်နေသော Digital Tourism Promotion တွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် ကြီး H.E. Mr. Ichiro MARUYAMA နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က အသီး သီးအမှာစကားများ ပြောကြားခဲ့ကြပါသည်။ ဆက်လက်၍ မြန်မာ-ဂျပန် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များအားလည်းကောင်း၊ ဂျပန် Inboundလုပ်ကိုင်နေသော ခရီးသွားကုမ္ပဏီများက မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံသားများ ဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းစျေးကွက် မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ က ဂျပန်ခရီးသွားစျေးကွက်မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ခရီးစဉ်အဖွဲ့ဝင်များ၏ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်နေမှုများအား အသီးသီးဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr.Ichiro Maruyama နှင့် သံရုံးတာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီး ဌာန တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ ဝင်များ၊ ဂျပန် Inbound လုပ်ကိုင်နေသော ခရီးသွားကုမ္ပဏီများမှ ကိုယ်စားလှယ် များတက်ရောက်ခဲ့ကြကြောင်း သိရသည်။ ES

# ဝိညာဉ်၊ သရဲ ထက်ပိုကြောက်ဖို့ ကောင်းတဲ့

# Stalkerware

## ဦးကာတွန်း

လောကမှာ ဝိညာဉ်၊ သရဲတွေရှိခြင်း /မရှိခြင်း က လည်း အငြင်းပွားလျက်ရှိဆဲဖြစ်ပြီး တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးတဲ့သူတွေကလည်း အနည်းအကျဉ်းမျှသာရှိတဲ့ အပြင် အများစုက ကောလာဟလအဖြစ် တခြားသူ ပြန်လည်ပြောပြတာတွေကိုသာ လက်ဆင့်ကမ်းချဲ့ကား ပြောဆိုနေကြတာပါ။ ဝိညာဉ်၊ သရဲရှိလားဆိုတော့ ရှိ တော့ရှိနိုင်ပါတယ်။ ဒါပေမယ့် ဘယ်သူမှ တိတိကျကျ မဖော်ထုတ်နိုင်ဘူး၊ ဘယ်လောက်အန္တရာယ်ပေးနိုင် တယ်ဆိုတာကလည်း သေသေချာချာမတွက်ချက်နိုင် ပါဘူး။ အဲ့ဒီလို ဘုမသိ၊ ဘမသိ စိုးရိမ်ကြောက်ရွံ့စရာ ကောင်းတာတွေထက် လက်တွေ့မှာပိုမိုကြောက် စရာကောင်းတာက Stalkerware ပဲဖြစ်ပါတယ်။

မကြာသေးမီက နည်းပညာလောကတွင် စမတ်ဖုန်း များအပေါ် Stalkerware ၏ ရိုက်ခတ်မှုအနည်းငယ် တွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့်လည်း Stalkerware ဆိုတာကို ရှင်းရှင်းလင်းလင်း အသေးစိတ်သိရှိသူ နည်းပါးပါတယ်။ Stalkerware ဆိုတာဘာလဲ၊ အခု ချိန်မှာ ဘာကြောင့်မိုဘိုင်းလ်ဖုန်းတွေကို အဓိကပစ်မှတ် ထားနေရသလဲ။

Stalkerware ဆိုတာကတော့ စောင့်ကြည့်လို့ရတဲ့ ဆော့ဖ်ဝဲလ် သို့မဟုတ် Spyware ဖြစ်ပြီး ခြေရာခံစောင့် ကြည့်ဖို့ အသုံးပြုကြပါတယ်။ Stalkerware ဆိုတာ ကိရိယာ (Device) တစ်ခုခုထဲသို့ ထည့်သွင်းသောအချက် အလက်များအား မှတ်တမ်းတင်ထားနိုင်ပြီး ကြားခံ အသုံးချပရိုဂရမ် install လုပ်ထားသောစက်သို့ အချက် အလက်များ ဖြန့်ဝေပေးပို့နိုင်ပါတယ်။ Stalkerware က စောင့်ကြည့်ခံရတဲ့သားကောင်ကို မသိရှိစေဘဲ သူတို့ရဲ့သတင်းအချက်အလက်တွေကို အညွှန့်ခွဲးဆွတ် သွားနိုင်ပါတယ်။ မလိုလားအပ်တဲ့ ပရိုဂရမ်ဖြစ်ပြီး အတွင်းရေးကို ချိုးဖောက်နှောင့်ယှက်နိုင်ပါတယ်။ Stalkerware က သတင်းအချက်အလက်မျိုးစုံကို နည်းလမ်းပေါင်းစုံနဲ့ ခြေရာခံနိုင်ပါတယ်။ ဥပမာ စောင့် ကြည့်ခြင်းခံရတဲ့သားကောင်ရဲ့ စာတို (Message) တွေကို စောင့်ကြည့်ခြေရာခံနိုင်ပါတယ်။ ပစ်မှတ်ရဲ့ အိမ်ပြန်ခရီးလမ်းကြောင်းကိုလည်း စောင့်ကြည့် အကဲခတ်နေနိုင်ပါတယ်။ Stalkerware တစ်ခုခြင်းစီက ၎င်းတို့အဓိကခြေရာခံမည့် အကြောင်းအရာပေါ် မူ တည်ပြီး တစ်ခုနှင့်တစ်ခုဒီဇိုင်းများက ကွဲပြားနေမှာပါ။

Stalkerware တွေက Hollywood သိပ်ဂရုပ်ရှင်ဇာတ် လမ်းတွဲတွေထဲကလို သဘောတရားဆင်တူပါတယ်။ ဒါပေမယ့် ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများက Stalkerware လို့သတ်မှတ်ကြတဲ့ ပရိုဂရမ်များရဲ့ စီး ပွားဖြစ်ပုံစံကွဲများဟာ လူမှုနေ့စဉ်ဘဝထဲမှာ အမှန် တကယ်ရှိလာပါပြီ။ သတင်းအချက်အလက်ကျွမ်းကျင် သူနဲ့ စာနယ်ဇင်းများစွာတို့က ခြေရာခံခြင်းပြုလုပ်နိုင် တဲ့ ဘယ်ဆော့ဖ်ဝဲလ်ကိုမဆို Stalkerware အဖြစ် သတ်မှတ်ခေါ်ဝေါ်သုံးစွဲကြပါတယ်။ တစ်ဆက်တည်း အနေနဲ့ Stalkerware တွေကို အောက်ပါအဂိုရပ်တွေ နဲ့ အကြမ်းဖျင်းခွဲခြားသုံးသပ်နိုင်ပါတယ်-

၁။ စောင့်ကြည့်ထောက်လှမ်းရေးပြုလုပ်နိုင် သည့် စွမ်းအားမြင့်လုပ်ဆောင်ချက်များ (ရိုက်ထည့်လိုက်သည့် လျှို့ဝှက် Key များကို မှတ်သားနိုင်သည့် Key Logger ကဲ့သို့ အရာ များ၊ အင်တာနက်အသုံးချမှု အခြေအနေ စောင့်ကြည့်ခြင်း၊ တည်နေရာ၊ ဓာတ်ပုံနှင့် ဗီဒီယိုများမှတ်တမ်းတင်နိုင်ခြင်း)

၂။ Stealth (ကိုယ်ပျောက်) ပုံစံဖြင့် အလုပ်လုပ် နိုင်ခြင်း (မိမိကို စောင့်ကြည့်နေကြောင်း သားကောင်က သတိမပြုနိုင်ခြင်း။ Application များသည် install လုပ်ထားသော ပရိုဂရမ်များစာရင်းတွင် မမြင်ရခြင်း။ Run နေသည့် application အား System Process သို့မဟုတ် Utility ပရိုဂရမ်အဖြစ် ပြုလုပ် ထားခြင်း)

၃။ အသုံးချမည့် Software အား ထည့်သွင်းရန် အတွက် OS (Operating System) တွင် မူလပါဝင်သော ကာကွယ်မှုစနစ်များနှင့် Anti-virus များ ပိတ်ထားရန်လိုအပ်ခြင်း။

၄။ မိုဘိုင်းလ်ဖုန်း application အနေဖြင့် တရားဝင်App Stores မဟုတ်သည့် အခြား သောအရင်းအမြစ် များမှ application များ ထည့်သွင်းခြင်း။

၅။ ဆော့ဖ်ဝဲလ်ထုတ်လုပ်သည့် ထုတ်လုပ်သူများ အနေဖြင့်အဓိကအားဖြင့် ရင်းနှီးသောမိတ် ဆွေများအား ခြေရာခံစောင့်ကြပ်ကြည့်ရှုရန် သို့မဟုတ် မိဘအုပ်ထိန်းသူများအနေဖြင့် အသုံးပြုနိုင်သည့် စောင့်ကြည့်ရေးပစ္စည်း အဖြစ် ရည်ရွယ်ပါသည်။ (တကယ်တမ်းတွင် မည်သူမဆို အခြားသူတစ်ဦးတစ်ယောက် ရဲ့ဖုန်းကို အခွင့်မရှိဘဲ အသုံးပြုနိုင်ခြင်း၊ GPS တည်နေရာများဖတ်ရှုခြင်း၊ သီးသန့် တစ်ကိုယ်ရေစာတိုများကို ဖတ်ရှုခြင်း၊ ကင်မရာများနှင့် မိုက်ခရိုဖုန်းများမှတစ်ဆင့် ကြားနိုင်၊ မြင်နိုင်ခြင်းစတာတွေ ပြုလုပ်နိုင် ပါတယ်။)

မိုဘိုင်းလ်ဖုန်းများအတွက်ရည်ရွယ်ပြီး ရေးဆွဲ ထားတဲ့ application တွေက Android အပေါ်မှာ အဓိကအာရုံစိုက် ဦးတည်ထားပါတယ်။ Android OS က Stalkerware တွေ အဓိကတိုထွင်လိုတဲ့နေရာဖြစ် နေပါတယ်။ iOS ပစ္စည်းများအား တိုက်ခိုက်ဖို့လုပ် ဆောင်မယ်ဆိုရင် အရင်ဆုံး Jailbrake လုပ်ဖို့လိုအပ် ပါတယ်။ ၂၀၁၈ စစ်တမ်းများအရ လူပေါင်း ၅၈၄၈၇ ဦးက သူတို့တွေရဲ့ဖုန်းတွေ၊ Tablet တွေမှာ Stalkerware တွေ ထည့်သွင်းမိပါတယ်။ ဒါက အခြားသော ခြိမ်းခြောက်နိုင်တဲ့အရာတွေနဲ့ယှဉ်ရင် သာမန်အရေ အတွက်ပါဘဲ။ ဥပမာ တစ်ချိန်တည်းမှာပဲ Ramsomware နဲ့ တွေ့ကြုံရသူ ၁၈၇၃၂ ဦးရှိခဲ့ပါတယ်။ ဒါပေမယ့် လည်း အဲ့ဒါက Malware အဖြစ် သတိထားမိနိုင်ကြ ပါတယ်။ Stalkerware ကတော့ နည်းနည်းလေးကွဲ ပြားတာကို ရှုမြင်သုံးသပ်ရမှာဖြစ်တယ်။ ၂၀၁၈ ခုနှစ် အတွင်း မတူညီတဲ့ Stalkerware အမျိုးပေါင်း ၂၆၆၁၉ ခုကို Kaspersky က တွေ့ရှိခဲ့ပါတယ်။ အောက်ဖော်ပြပါ application များကတော့ Kaspersky က အများဆုံး စစ်ဆေးနိုင်ခဲ့တဲ့ မိုဘိုင်းလ်ဖုန်း Stalkerware များ ဖြစ်ပါတယ်-

၁။ Mobile Tool
၂။ iSpyoo
၃။ Talklog
၄။ Spy Phone App
၅။ Reptilicus
၆။ Mobile Tracker Free
၇။ Hoverwatch

အားလုံးသိကြတဲ့အတိုင်းပဲ Stalkerware ကို ကောင်း တဲ့ရည်ရွယ်ချက်နဲ့ဖန်တီးခဲ့တာဖြစ်ပြီး လူတွေကိုထိ ခိုက်စေဖို့၊ ခိုးယူဖို့မဟုတ်ပါ။ အထက်ပါ application တွေကတော့ လူတွေအန္တရာယ်ကျရောက် နိုင်၊ ကြုံတွေ့နိုင်တဲ့ အရေးကိစ္စတွေမှာ ကူညီဖို့၊ ကာ ကွယ်ဖို့ အဓိက အာရုံစိုက်ခဲ့ကြတာဖြစ်ပါတယ်။ ကံမ ကောင်းစွာနဲ့ပဲ application ကတော့ မှန်ကန်တဲ့လမ်း ကြောင်းကို နှလုံးသွင်းထားပေမယ့် အသုံးပြုနိုင်တဲ့နည်း လမ်းတွေကတော့ ကျင့်ဝတ်ဖောက်ဖျက်သူတွေရဲ့ လက်ထဲမှာ အဆိုးဆုံးဖြစ်သွားနိုင်ပါတယ်။ ဒီလို Spy လုပ်နိုင်တဲ့ ကိရိယာတွေက လူတွေရဲ့ကိုယ်ရေးကိုယ်တာ အတွင်း ရေးတွေကို ဆိုးရွားစွာဖောက်ဝင်နိုင်ပါတယ်။ အဲ့ဒီ အချက်ကြောင့်ပဲ Stalkerware တွေကို Malware တွေအဖြစ် တံဆိပ်ကပ်ကြတာဖြစ်ပါတယ်။

အကယ်၍ Anti-virus တွေအသုံးပြုရင်လည်း Stalkerware တွေကို သေချာခွဲခြားစိစစ်နိုင်မှာ မဟုတ် ပါဘူး။ သင့်ရဲ့ပစ္စည်းကို Stalkerware ထည့်သွင်းခံရတယ် လို့ သံသယရှိပြီးရှင်းလင်းဖယ်ရှားချင်တယ်ဆိုရင် တော့ အခုအချိန်မှာ အကောင်းဆုံးနည်းလမ်းက Factory Reset လုပ်တာပါပဲ။ Factory Reset အပြည့် အဝလုပ်ပြီးပြီဆိုပါက မူလပါသည့် Application များ သာ ပြည်လည်ပါဝင်လာပြီး သင့်ရဲ့အတွင်းရေးလည်း လုံခြုံမှုပြည်လည်ရရှိမှာဖြစ်ပါတယ်။ အဲ့ဒီလို Factory Reset လုပ်ရတာရှုပ်ထွေးတယ်ဆိုရင် "how to remove an Android virus Without resorting to a factory reset" ဆိုသည့် အကြောင်းအရာကို သွားရောက် လေ့လာကြည့်နိုင်ပါတယ်။

Stalkerware များက အန္တရာယ်ကြီးတဲ့ ပြဿနာ တစ်ရပ်ဖြစ်ပြီး အသုံးချခံသားကောင်ရဲ့ ကိုယ်ရေးကိုယ် တာ အတွင်းရေးများကို အကြီးအကျယ်ချိုးဖောက်ဝင် ရောက်နိုင်ပါတယ်။ တစ်စုံတစ်ယောက်ရဲ့ဖုန်းထဲကို Stalkerware ရောက်ရှိနေပြီဆိုတာကို သေချာသိနိုင်တဲ့ နည်းလမ်းမရှိသေးတဲ့အပြင် သဲလွန်စများဖယ်ရှားဖို့နဲ့ ပြန်လည်တိုက်ထုတ်ခြင်းတွေကို ကာကွယ်ခြင်းကို အလွယ်တကူလုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် မမြင် နိုင်၊ တွေ့နိုင်ပေမယ့် ဒုက္ခကောင်းကောင်းကြီးပေး နိုင်တဲ့ Stalkerware က ဝိညာဉ်၊ သရဲတို့ထက် ပိုကြောက် စရာကောင်းတဲ့ ထိတ်လန့်စိုးရိမ်စရာ အိပ်မက်ဆိုးတစ်ခု ဖြစ်ကြောင်း ဗဟုသုတရရှိစေရန် ဝေမျှပေးလိုက်ပါ တယ်။ ။

**Spy လုပ်နိုင်တဲ့ ကိရိယာတွေက လူတွေရဲ့ကိုယ်ရေးကိုယ်တာ အတွင်းရေးတွေကို ဆိုးရွားစွာ ဖောက်ဝင်နိုင် . . .**

# "တရားမျှတနေ့စဉ်ဘဝ" ခေါင်းစဉ်ဖြင့် အနုပညာပြပွဲကို နှစ်ပတ်ကြာ ပြသလျက်ရှိ

မြန်မာဖန်တီးမှုအနုပညာရှင်များနှင့် My Justice တို့ ပူးပေါင်း၍ တရားမျှတမှု၏ အဓိပ္ပါယ်နှင့် တစ်ဦးချင်း၏ အခန်းကဏ္ဍကို ပြည်သူလူထုအတွက်ရည်ရွယ်၍ "တရားမျှတနေ့စဉ်ဘဝ" ခေါင်းစဉ်ဖြင့် အနုပညာပြပွဲကို ရန်ကုန်မြို့ရှိ Old Tourist Burma အဆောက်အဦး၌ နိုဝင်ဘာလ (၁၅)ရက်မှ (၂၉)ရက်အထိ နှစ်ပတ်ကြာပြသလျက်ရှိပြီး မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် My Justice ၏ ၂၀၁၅ မှ စတင်ခဲ့သော ခရီးစဉ် (၄)နှစ်ပြည့်မြောက်ခြင်း အထိမ်းအမှတ်အဖြစ် ပြုလုပ်ခြင်းဖြစ်ပြီး My Justice ကို ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုးကာ ဗြိတိသျှကောင်စီမှ မိတ်ဖက်အဖွဲ့များနှင့် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ၛင်းပြပွဲတွင် မြန်မာဖန်တီးမှုအနုပညာရှင်များဖြစ်သော Ko Z, Brang Li, Htein Lin, Emily Phyo, Maung Yu Py, Kaung Su တို့မှ တရားမျှတမှုဆိုင်ရာအမျိုးမျိုးတို့ကို သမိုင်း၊ လွတ်လပ်ခွင့်၊ တစ်ဦးချင်းရပ်တည်ခွင့် စသည့်ရှုထောင့်ပေါင်းစုံမှ တင်ပြထားပြီး အဆိုပါအနုပညာဖန်တီးမှုများကို ရန်ကုန်မြို့ရှိ ပန်းချီပြခန်းတစ်ခုဖြစ်သော MYANM/ ART မှစုစည်းတင်ဆက်ကာ ပြပွဲအပြင်အဆင်အား Bridge မှ ပြုလုပ်ခြင်းဖြစ်သည်။

ထို့ပြင် လူထုအတွင်းမှ တရားမျှတမှုအကြောင်း ဇာတ်လမ်းတိုများ၊ Braveheart အဖွဲ့မှ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပေးသူတစ်ဦးမှ မသန်စွမ်းသူသက်ကြီးပိုင်း တိုင်းရင်းသူတစ်ဦး နိုင်ငံသားစိစစ်ရေးကတ်ပြားရအောင် ကူညီပေးခဲ့ပုံ၊ မော်လမြိုင်မှ ရှေ့နေတစ်ဦး မိမိအမှုသည် လွတ်မြောက်ရေးအတွက် တရားလွှတ်တော်ချုပ်အထိ အယူခံဝင်ကာ အမှုနိုင်ခဲ့ပုံကို ဇာတ်လမ်းတိုများလည်း ပြသလျက်ရှိသည်။

"အားလုံး တရားမျှတမှုကို လက်လှမ်းမီနိုင်မယ့်နည်းလမ်းတွေ များများပေါ်ထွက်လာစေဖို့ လူထုထဲမှာ တရားမျှတမှုအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပြောဖို့လိုပါတယ်။ ရှေ့နေ၊ အစိုးရတာဝန်ပုဂ္ဂိုလ်၊ ရပ်ရွာအခြေပြုအဖွဲ့အစည်း၊ အနုပညာရှင်တွေ အားလုံး တရားမျှတမှုအကြောင်း ဝိုင်းဝန်းဆွေးနွေးစေချင်ပါတယ်" ဟု My Justice အဖွဲ့ခေါင်းဆောင် Caitlin Reiger မှ ပြပွဲဖွင့်ပွဲ၌ ပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Kristian Schmidt မှ လွတ်လပ်သည့် အနုပညာဖန်တီးမှုများမှာ မတရားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို လမ်းပြပေးနိုင်ကြောင်း၊ ယခုပြပွဲအပါအဝင် My Justice ၏ လုပ်ငန်းများအား ဥရောပသမဂ္ဂပံ့ပိုးပေးခြင်းသည် မြန်မာနိုင်ငံ၏တရားမျှတမှုကို တစ်ဖက်တစ်လမ်းမှ ကူညီပေးခြင်းဖြစ်ကြောင်း ပြောသည်။

My Justice သည် ပြည်သူလူထုအတွက် အခွင့်အရေးနှင့် ဥပဒေအသိပညာပေးခြင်း၊ တရားမျှတမှု စင်တာများနှင့် ရပ်ရွာအခြေပြုဥပဒေအထောက်အကူများမှ တရားမျှတမှုရရှိအောင် ကူညီပေးခြင်း၊ ရပ်ရွာအတွင်း အငြင်းပွားမှုဖြေရှင်းသည့် နည်းလမ်းများ မျှတမှုရှိစေရန် ပံ့ပိုးပေးခြင်း၊ တရားမျှတမှုဆိုင်ရာ မူဝါဒချမှတ်သူများအတွက် အကူအညီပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ၎င်း၊ စိတ်ထက်

# ဒါနန်းမှ စင်ကာပူနှင့် ဟောင်ကောင်သို့ နိုင်ငံတကာခရီးစဉ်သစ်အား Vietjet လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲမည်

Vietjet လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံ၏ နာမည်ကြီး ကမ်းခြေမြို့တော်ဖြစ်သည့် ဒါနန်းမှ အာရှ၏စီးပွားရေးအချက်အချာမြို့နှစ်ခုဖြစ်သော စင်ကာပူနှင့် ဟောင်ကောင်သို့ တိုက်ရိုက်ပျံသန်းသော ခရီးစဉ်သစ် (၂)ခုအား တိုးချဲ့ပြေးဆွဲမည်ဟု သိရသည်။

ဒါနန်း-ဟောင်ကောင် အသွားအပြန်ခရီးစဉ်ကို ဒီဇင်ဘာလ (၁၂)ရက်မှ နေ့စဉ်စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်းလျှင် လေယာဉ်ပျံသန်းချိန်မှာ (၁)နာရီ (၄၅)မိနစ်ခန့် ကြာမြင့်မည်ဖြစ်သည်။ အဆိုပါ နေ့စဉ်အသွားအပြန်အသစ်ဖြင့် Vietjet သည် ဗီယက်နမ် (ဟိုချီမင်း၊ ဖူကွာ၊ ဒါနန်း) အား ဟောင်ကောင်နှင့် ပျံသန်းမှုခရီးစဉ် (၃)ကြောင်းဖြင့် နေ့စဉ်ချိတ်ဆက်ပေးလျက်ရှိသည်။

ဒါနန်း-စင်ကာပူ အသွားအပြန်ခရီးစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်မှ နေ့စဉ်စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်းလျှင် လေယာဉ်ပျံသန်းချိန်မှာ (၂)နာရီ (၄၀)မိနစ်ခန့် ကြာမြင့်မည်ဖြစ်သည်။ အဆိုပါ နေ့စဉ်အသွားအပြန်ခရီးစဉ်အသစ်ဖြင့် Vietjet သည် ဗီယက်နမ် (ဟိုချီမင်း၊ ဖူကွာ၊ ဒါနန်း) အား စင်ကာပူသို့ ပျံသန်းမှုခရီးစဉ် (၃)ကြောင်းဖြင့် တစ်ရက်လျှင် လေယာဉ် (၄)စီးဖြင့် ချိတ်ဆက်ပေးလျက်ရှိသည်။

ဗီယက်နမ်အလယ်ပိုင်း၏ ကမ္ဘာ့နာမည်အကြီးဆုံး ကမ်းရိုးတန်းမြို့တော်ဖြစ်သည့် ဒါနန်းသည် ပြည်တွင်းခရီးသွားဧည့်သည်များ သာမက နိုင်ငံတကာခရီးသွားများကို လာရောက်လည်ပတ်ရန် ဆွဲဆောင်လျက်ရှိနေပါသည်။ ထို့အပြင် ဒါနန်းသည် ၎င်းပတ်ဝန်းကျင်အနီးရှိ ရှေးဟောင်းမြို့တော် Hoi An၊ ယခင်က ကရာဇနန်းတော် Hue city နှင့် Quang Binh အစရှိသည့်နေရာများနှင့် ချိတ်ဆက်ပေးသော မြို့တော်လည်းဖြစ်သည်။

Vietjet လေကြောင်းလိုင်းသည် "စိတ်ချလုံခြုံမှု၊ ပျော်ရွှင်မှု၊ သင့်တင့်မျှတသော လက်မှတ်ခနှုန်းထားနှင့် အချိန်မှန်မှုများ"နှင့် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများ၊ စုံလင်သော လက်မှတ်အမျိုးအစားများနှင့်အတူ Vietjet သည် ခရီးသည်များကို သက်တောင့်သက်သာရှိသော လေယာဉ် အသစ်ထိုင်ခုံများပေါ်တွင် အရသာကောင်းမွန်သော ပူပူနွေးနွေး အစားအသောက်များကို ရင်းနှီးဖော်ရွေစွာ ဝန်ဆောင်မှုပေးလျက်ရှိသည်။ ES

# Vietjet လေကြောင်းလိုင်း "၂၀၁၉ ခုနှစ် အာရှပစိဖိတ်ဒေသ အတွက် အထူးစျေးချိုသာဆုံး လေကြောင်းလိုင်း" အဖြစ် CAPA မှ သတ်မှတ်ခြင်းခံရ

Vietjet သည် Centre for Asia Pacific Aviation (CAPA) မှ ပေးအပ်သော "၂၀၁၉ ခုနှစ် အာရှပစိဖိတ်ဒေသအတွက် အထူးစျေးချိုသာဆုံး လေကြောင်းလိုင်း"ခေါင်းစဉ်ဆုကို နိုဝင်ဘာလ ၁၄-၁၅ ရက် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် CAPA Asia Aviation Summit တွင် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အာရှပစိဖိတ်ဒေသတွင် နာမည်ကြီးဆုပေးပွဲဖြစ်သည့်အားလျော်စွာ (CAPA) ဆုပေးပွဲအခမ်းအနားသည် ဒေသအတွင်းရှိ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် နည်းဗျူဟာစနစ်ကျစွာဖြင့် ထူးချွန်အောင်မြင်နေသော၊ လေကြောင်းလိုင်းဈေးကွက်တွင် ဦးဆောင်နေသော အကြီးမားဆုံးတီထွင်နိုင်သော လေကြောင်းလိုင်းများကို ဂုဏ်ပြုရန်အတွက် နှစ်စဉ်ကျင်းပလျက်ရှိသည်။

ထို့အပြင် Vietjet လေကြောင်းလိုင်းသည် ၎င်း၏ပျံသန်းမှုကွန်ရက်ကိုလည်း လျင်မြန်စွာတိုးချဲ့နိုင်ခဲ့သည်။ အဆိုပါ လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းတွင် ဦးဆောင်သည့် လေကြောင်းလိုင်းဖြစ်ရုံသာမက ပြည်ပခရီးစဉ်များကိုလည်း အစဉ်မပြတ်တိုးချဲ့လျက်ရှိနေသည်။ CAPA ၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Peter Harbison က "Vietjet လေကြောင်းလိုင်းက စျေးနှုန်းချိုသာတဲ့ လေကြောင်းလိုင်း သမားရိုးကျပုံစံကိုဆက်လက်ပြီး တော်လှန်ပြောင်းလဲနေပါတယ်။ ကုမ္ပဏီကလည်း ခိုင်မာတဲ့ဘဏ္ဍာရေးအခြေခံရှိပြီး လာမယ့်ဆယ်စုနှစ်အတွက် အာရှပစိဖိတ်ရဲ့အကြီးဆုံးလေကြောင်းလိုင်း အချို့ကိုလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်စေမယ့် အစီအစဉ်လည်းရှိပါတယ်" ဟုဆိုသည်။

လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံတွင်း အပါအဝင် ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တရုတ်ပြည်မကြီး၊ ထိုင်း၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ နေ့စဉ်လေယာဉ်အစီးရေ (၄၀၀)ခန့်ဖြင့် ခရီးသည်ပေါင်း သန်း(၁၀၀)ကို ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ES

# တက္ကသိုလ်များတွင် မေဂျာပြောင်းခြင်းနှင့် ကျောင်းပြောင်းခြင်းကိစ္စများကို ဒီဇင်ဘာလ (၁၃)ရက် နောက်ဆုံးထား ဆောင်ရွက်ရမည်

တက္ကသိုလ်များတွင် မေဂျာပြောင်းခြင်းနှင့် ကျောင်းပြောင်းခြင်းကိစ္စများကို ဒီဇင်ဘာလ (၁၃)ရက် နောက်ဆုံးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မေဂျာပြောင်းခြင်းနှင့် ကျောင်းပြောင်းခြင်းကိစ္စများကို နိုဝင်ဘာလ (၂၆)ရက်မှစကာ အပြောင်းအရွှေ့လျှောက်ထားရမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုမှ တစ်ခုသို့ ပြောင်းတက်လိုသူများ၊ မေဂျာပြောင်းရွှေ့လိုသူများသည် ပြောင်းရွှေ့မည့်တက္ကသိုလ်၊ မေဂျာ၏အနိမ့်ဆုံးဝင်ခွင့်ပြုသည့် အမှတ်နှင့် ဝင်ခွင့်သတ်မှတ်ချက်များ ပြည့်မီရမည်ဖြစ်သည်။

ပထမနှစ်ဝင်ခွင့်ရ ကျောင်းသူကျောင်းသားများသည် ၎င်းတို့ မူလဝင်ခွင့်ရသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းသား၊ ကျောင်းသူကိုယ်တိုင် ကျောင်းအပ်နှံရမည်ဖြစ်ပြီး ကျောင်းအပ်နှံမှုကို နိုဝင်ဘာလ (၁၈)ရက်တွင် စတင်အပ်နှံမည်ဖြစ်သည်။

ကျောင်းပြောင်းရွှေ့လိုသည့် ကျောင်းသူ၊ ကျောင်းသားများသည် တက္ကသိုလ်များ၏ ကျောင်းအပ်လက်ခံကာလအတွင်း မူလဝင်ခွင့်ရရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကျောင်းအပ်နှံတက်ရောက်ခြင်းမရှိကြောင်း ထောက်ခံစာရယူ၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြောင်းရွှေ့ရေးမူများအတိုင်း ဆောင်ရွက်ကြရန် ကြေညာထားသည်။

ကျောင်းအပ်နှံခြင်း၊ ကျောင်းပြောင်းရွှေ့ခြင်းများအပါအဝင် သင်တန်းရေးရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် သတ်မှတ်ငွေကြေးကိုသာ ပေးသွင်းရမည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်သဖြင့် သက်ဆိုင်ရာ တက္ကသိုလ်များ၏ သင်တန်းရေးရာဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ BPO

# Myanmar's Pride Awards 2019 မှ ကဏ္ဍ (၉)ခုအတွက် ဆန်ကာတင် အမည်စာရင်း ထုတ်ပြန်

နိုင်ငံတကာက အသိအမှတ်ပြုရသည်အထိ ထူးချွန်အောင်မြင်သော မြန်မာပြည်ဖွားများကို အသိအမှတ်ပြုချီးမြှောက်သည့် Myanmar's Pride Awards 2019 ဆုရွေးချယ်ပွဲအတွက် ဆန်ကာတင်စာရင်းထုတ် ပြန်လိုက်ပြီဖြစ်သည်။

အဆိုပါ ဆုရွေးချယ်ပေးအပ်မည့် ကဏ္ဍ (၉)ခုဖြစ်သော အားကစား၊ အနုပညာနှင့် ဓာတ်ပုံ၊ လူမှုအကျိုးပြု၊ ရုပ်ရှင်၊ ဖက်ရှင်ဒီဇိုင်း၊ အလှမယ်နှင့် မော်ဒယ်၊ တေးဂီတ၊ စီးပွားရေးနှင့် လူမှုဦးဆောင် အစရှိသည့် ကဏ္ဍများအတွက် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသော အကဲဖြတ်ဒိုင်လူကြီးမင်းများက ထူးချွန်အောင်မြင်သူ (၃၆)ယောက်ကို ရွေးချယ်ခဲ့ပြီး အဆိုပါ အမည်စာရင်းကို အုပ်ချုပ်ရေးအဖွဲ့မှ အတည်ပြုပေးခဲ့သည်။

Myanmar's Pride Awards 2019 အတွက် အားကစားကဏ္ဍတွင် သက်ထားသူဇော၊ နေသွေးဦး၊ ရန်နိုင်စိုး၊ ငြိမ်းချမ်းကိုကို၊ အနုပညာနှင့် ဓာတ်ပုံကဏ္ဍတွင် အောင်ပြည့်စိုး၊ ဉာဏ်ကျယ်စေ၊ ကျော်ကျော်ဝင်း၊ ဝဏ္ဏခွာနီ၊ စွန့်ဦးတီထွင်ကဏ္ဍတွင် ဝေဖြူးကျော်၊ ရဲမြတ်မင်း၊ ဇော်ရဲနောင်၊ လှလှဝင်း၊ လူမှုအကျိုးပြုကဏ္ဍတွင် ဒေါက်တာ သန်းမင်းထွဋ်၊ ဒေါက်တာ မြတ်စန္ဒာသန့်၊ ခင်နှစ်သစ်ဦး၊ ညီလင်းဆက်၊ တေးဂီတကဏ္ဍတွင် နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း၊ မိရာမိုရ်၊ စိုင်းစိုင်းခမ်းလှိုင်တို့ဖြစ်သည်။

ထို့အပြင် ရုပ်ရှင်အနုပညာကဏ္ဍတွင် နေတိုး၊ ဝတ်မှုဒ္ဓရှေရည်၊ ပိုင်ဝိုးသု၊ ဒေါင်း၊ ဖက်ရှင်ဒီဇိုင်းကဏ္ဍတွင် မေမြတ်ဝါဆို၊ သွင်စုထွေး၊ မင်းခန့်၊ လဇိန်ဂမ်ထွဲ၊ အလှမယ်နှင့် မော်ဒယ်ကဏ္ဍတွင် ဟန်တီ၊ သက်သက်သင်း @ Beauty၊ အောန်ဆိုင်း၊ မေဘာရဏီသော်၊ လူမှုဦးဆောင်ကဏ္ဍတွင် လာဖာဒီး (Dee Dee Burmese Vlog) ဝင်းမင်းသန်း (Yangon in My Heart)၊ ခင်မြတ်မြတ်နိုင် @ Chilli (My Kha-yee)၊ မီရှဲလ် (ရန်ကုန်သူမီရှဲ) တို့ဖြစ်သည်။

Myanmar's Pride Awards တွင် ပွင့်လင်းမြင်သာမှုရှိပြီး တင်းကြပ်သော ရွေးချယ်ရေးလုပ်ငန်းစဉ်များရှိရန်အတွက် နိုင်ငံတကာအတိုင်ပင်ခံကုမ္ပဏီတစ်ခုဖြစ်သော Deloitte မှ အကြံပေးအဖြစ်လုပ်ဆောင်နေပြီး အသက် (၁၈)နှစ်နှင့် အထက်ရှိ မည်သူမဆို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်အထိ မဲပေးနိုင်မည်ဖြစ်သည်။

ဆုပေးပွဲအတွက် အနိုင်ရရှိသူကို အများပြည်သူတို့၏ မဲများ (SMS စာတိုမှတစ်ဆင့် ပေးသောမဲမှ ၄၀%၊ Facebook Chatbox မှ တစ်ဆင့် ပေးသောမဲမှ ၄၀%)နှင့် အကဲဖြတ်ဒိုင်လူကြီးတို့၏ မဲ (၂၀%)ကို ပေါင်းစပ်ကာ အဆုံးအဖြတ်ပြုရွေးချယ်သွားမည်ဖြစ်သည်။ အမှတ်ပေးစနစ်အပေါ်အခြေခံသည့် မဲရလဒ်များနှင့် အချက်အလက်များကို Deloitte က စုစည်းစိစစ်သုံးသပ်၍ ဆုရရှိသူများကို ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကာ ပြည်သူများအနေဖြင့် မဲပေးလိုသူ၏ နံပါတ်စဉ်ကို 09 9696-96888 သို့ SMS စာတိုပေးပို့၍သော်လည်းကောင်း၊ www. Facebook. com/ myanmarspridеawards မှ တစ်ဆင့် Messenger Chatbox သို့ ဝင်ရောက်၍ မဲပေးနိုင်မည်ဖြစ်သည်။

ကဏ္ဍတစ်ခုစီတိုင်းအတွက် အဆိုပြုခံရသူတစ်ဦးစီကို တစ်ရက်လျှင် တစ်ကြိမ်ကျမဲပေးနိုင်မည်ဖြစ်ကာ အများပြည်သူ၏ ဆန္ဒမဲတစ်ခုစီတိုင်းအတွက် မြန်မာငွေ (၁၀)ကျပ်ကို မြန်မာ့စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်များကို အထောက်အပံ့ဖြစ်စေသော ဖန်တီးရာအဖွဲ့အစည်း၏ အစီအစဉ်သို့ ဆုရွေးချယ်ပေးအပ်ရေးအဖွဲ့အနေဖြင့် ဖန်တီးရာသို့ ကျပ် (၁၀) သန်းပေးလျှုရန် စီစဉ်ထားကြောင်း သိရသည်။ BPO

# Huawei Mobile Services ပါဝင်သည့် Huawei Mate 30 Pro စတင်မိတ်ဆက်

Huawei မှ Huawei Mobile Services ပါဝင်သည့် Huawei Mate 30 pro စမတ်ဖုန်းကို နိုဝင်ဘာလ (၁၉)ရက်က ပြုလုပ်သည့် Exclusive ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲတွင် စတင်မိတ်ဆက်ပြသခဲ့သည်။

အဆိုပါ စမတ်ဖုန်းသစ်သည် ထူးခြားဆန်းသစ်သော ဒီဇိုင်းပုံစံ၊ မြင့်မားစံတင်ထားသော Hardware နည်းပညာနှင့် Software အစရှိသည့် စိတ်ကူးသစ်တီထွင်မှုများဖြင့် Huawei Mate 30 pro သည် မိုဘိုင်းလန်းပညာဆိုင်ရာ ဖော်ထုတ်မှု၏ အထွတ်အထိပ်တစ်ခုဖြစ်လာပြီး Huawei Mobile Services ထည့်သွင်းထားသည့် ကမ္ဘာ့ပထမဆုံး စမတ်ဖုန်းတစ်ခုဖြစ်လာခဲ့သည်။

ထို့ပြင် ဆက်သွယ်ရေးနည်းပညာများတွင် Huawei ၏ (၃၂)နှစ်ကြာ အတွေ့အကြုံများကို အခြေပြု၍ ဒီဇိုင်းစိတ်ကူးသစ်ဖြင့် ပုံဖော်ခဲ့ပြီး Huawei Mate 30 pro သည် အခြားမည်သည့်စမတ်ဖုန်းနှင့်မျှမတူပဲ သာလွန်ကောင်းမွန်သည့် ဆောင်ရွက်မှုများပေးထားကာ ဖုန်းတစ်လုံး၏ဆောင်ရွက်လုပ်ကိုင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုတို့ကို Huawei Mate 30 pro မှ အထိရောက်ဆုံးဖန်တီးပေးထားကြောင်း သိရသည်။

Huawei Mate 30 pro ကို အပါးလွှာဆုံး Bezels များနှင့် Ultra-narrow Notch Design ဖြင့် Huawei Horizon Display ကို ဖန်တီးပေးထားပြီး နံဘေးဘက်ရှိအသံခလုတ်များကို မမြင်နိုင်သည့် Virtual Keys များဖြင့် အစားထိုးထားကာ ဖုန်းမည်သည့်တက်တွင်မဆို ၎င်း Virtual Keys များကို လွယ်ကူစွာအသုံးပြုနိုင်ပြီး Huawei 3D Face Unlock နှင့် In Screen Fingerprint များပါဝင်သည်။

ထို့ပြင် Huawei Mate 30 pro ၏ Quad Camera တွင် အံ့သြဖွယ်ကောင်းသည့် ဗီဒီယိုရလဒ်များအတွက် ဒီဇိုင်းပုံဖော်ထားသော Super Sensing Cine Camera၊ Dual Main Camera System ပါရှိကာ Huawei Super Charge နှင့် EMUI တို့က ပိုမိုတာရှည်ခံပြီး အချိန်ကြာကြာ ဖုန်းအသုံးပြုသူများအတွက် ကောင်းမွန်သည့် အတွေ့အကြုံများ ပေးစွမ်းနိုင်သည်။

အဆင့်မြင့်အာရုံခံကင်မရာ (၃) လုံးဖြစ်သည့် 40 MP Super

Sensing Camera, 16 MP Ultra Wide-angle Camera နှင့် 8 MP Telephoto Camera, 1/1.54 လက်မထိ ကြီးမားသော Sensor Size ဖြင့် အမြင့်ဆုံးသော 51200 ISO ဗီဒီယိုကို ဖမ်းယူနိုင်ရန် ဖော်ထုတ်ပေးထားပြီးအင်အားပြည့်အတိုင်းအတာဖြင့် 4K/ 60 fps အပြင် အလွန်နှေးသည့်လှုပ်ရှားမှုကို အမြင့်ဆုံးသော 7680 fps တွင် ဖမ်းယူနိုင်မည်ဖြစ်သည်။

Huawei Mate 30 pro သည် RAM 8 GB/ ROM 256 GB ကို 1,499,000 ကျပ်၊ Black နှင့် Space Silver နှစ်ရောင်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်နှင့်ချိတ်ဆက်၍ Shopper Installment Loan အစီအစဉ်ဖြင့် Online မှတစ်ဆင့် တစ်နှစ်အထိ အတိုးမဲ့အရစ်ကျပေးသွင်းကာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဇီ

# ADB မှ ကျေးလက်လမ်းများအတွက် ကန်ဒေါ်လာသန်း (၅၀)ကျော် ကူညီမည်

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးလက်လမ်းများကို ရာသီဥတုဒဏ်ခံနိုင်ရည်စွမ်းရှိသည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ (၅၁)ဒသမ (၂)သန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသလမ်းများနှင့် ကူးသန်းသွားလာရေးစီမံကိန်းအတွက် ADB က ဒေါ်လာ (၄၅)ဒသမ (၄)သန်းကို ချေးငွေအဖြစ်လည်းကောင်း၊ ကျန်ဒေါ်လာ (၅)ဒသမ (၈)သန်းကို ADB ရန်ပုံငွေမှ ပေးအပ်သော ထောက်ပံ့ကြေးအဖြစ်လည်းကောင်း ကူညီဖြစ်ရာ ယင်းငွေများသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ (၁၅၀)ကို ဖြတ်သန်းသွားသော ကျေးလက်လမ်းအရှည် စုစုပေါင်း (၁၅၂)ကီလိုမီတာအတွက် အကျုံးဝင်မည်ဖြစ်သည်။

ကျေးလက်ဒေသများ လက်လှမ်းမီမှုဆိုင်ရာ အညွှန်းကိန်း (Rural Access Index) ပါ အချက်အလက်များအရ မြန်မာနိုင်ငံသည် အာရှဒေသတွင် ကျေးလက်လမ်းများ ဆက်သွယ်လက်လှမ်းမီနိုင်မှုနှုန်း အနိမ့်ဆုံးနိုင်ငံများထဲတွင်ပါဝင်နေပြီး နိုင်ငံ၏ကျေးလက်လူဦးရေစုစုပေါင်း အနက် (၄၀)ရာခိုင်နှုန်း ရာသီမရွေးသုံးစွဲနိုင်သည့်လမ်းများကို အသုံးပြုနိုင်သော အခြေအနေတွင်ရှိသည်။

ယခုစီမံကိန်းအသစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းများဖွံ့ဖြိုးရေးဌာန၏ ကျေးလက်လမ်းကွန်ရက်များအား အသုံးပြုလည်ပတ်စေမှုနှင့် ထိန်းသိမ်းမှုပိုင်းတို့၌ စွမ်းဆောင်ရည်တိုးတက်လာစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်း၏စုစုပေါင်း ကုန်ကျစရိတ်မှာ ဒေါ်လာ (၅၂)ဒသမ (၄၁)သန်းဖြစ်ပြီး မြန်မာနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ (၁)ဒသမ (၂၁)သန်းကို ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဇီ

## မူးယစ်ဆေးဝါးကို အသွေးအသားထဲကနေ ခါးခါးသီးသီးမုန်းတတ်တဲ့

# "ဗိုလ်နေတိုး"

ဒါရိုက်တာစတီး(ဒွေးမေတ္တာ)ရိုက်ကူးပုံဖော်ထားပြီး သရုပ်ဆောင်နေတိုးကို မတူညီတဲ့အမိုက်စားသရုပ်ဆောင်မူတွေနဲ့ မြင်တွေ့ရမှာကတော့ "ဗိုလ်နေတိုး" ရုပ်ရှင်ပါပြစ်ပါတယ်။ ဒီအပစ်အခတ်အက်ရှင်ဇာတ်ဝင်ခန်းတွေနဲ့ ရှစားကြရမယ့် "ဗိုလ်နေတိုး"က နိုဝင်ဘာလ ၂၁ ရက်မှာရုံတင်နေပြီဖြစ်ပါတယ်။

ဒီကားကိုတော့ လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးက တင်ဆက်လုံက်တာဖြစ်ပြီး ဇာတ်လမ်းနဲ့ဒါရိုက်တာ စတီးလ်က ရိုက်ကူးပုံဖော်ပေးထားတာဖြစ်ပါတယ်။ ဒီကားထဲမှာတော့ နေတိုး၊ သက်မွန်မြင့်နဲ့ ပိုင်ဖြိုးသုတို့က အဓိကသရုပ်ဆောင်တွေအနေနဲ့ ပါဝင်ထားကြပြီးထွန်းကိုကို မင်းဦး၊ နေမျိုးအောင်၊ ဇင်ပိုင်း၊ သိန်းလင်းစိုး၊ နန်းခင်ဇေယျာစတဲ့ သရုပ်ဆောင်တွေလည်းပါဝင်ထားကြတာကိုတွေ့ရမှာပါ။

မူးယစ်ဆေးဝါးကိုအသွေးအသားထဲကနေခါးခါးသီးသီးမုန်းတတ်တဲ့ ဗိုလ်နေတိုးက သူ့နယ်မြေမှာမူးယစ်ဆေးဝါးကင်းစင်ဖို့လုပ်ဆောင်ရင်း မူးယစ်ဂိုဏ်းတွေရဲ့ ရန်ငြိုးဖွဲ့ခံရတာကနေဖြစ်ပေါ်လာသည့်မျိုးကိုစိတ်ဝင်စားဖွယ်ရိုက်ကူးထားတဲ့ "ဗိုလ်နေတိုး"... "ဗိုလ်နေတိုး"ဆိုတဲ့အတိုင်းဇာတ်ကောင်စရိုက်ပီပီပြင်ပြင်နဲ့ဘယ်လို သရုပ်ဆောင်ထားမလဲ၊ ဘယ်လိုအပစ်အခတ်ဇာတ်ဝင်ခန်းတွေနဲ့ ရိုက်ကူးပုံဖော်ထားမလဲဆိုတာကိုတော့ဖြင့်...ကိုယ်တိုင်ကြည့်ရှုခံစားမယ်ဆိုရင် . . .

ES

## သီချင်းသစ်တွေနဲ့ စွန့်စားခန်းအသစ်တွေကို ရင်ခုန်စွာ ကြည့်ရမယ့်

# FROZEN II

Frozen ပထမဇာတ်ကားကို ကမ္ဘာတစ်လွှားတွင် ၂၀၁၃ ခုနှစ်တွင် ပြသခဲ့ပြီးအောင်မြင်မှုများစွာရရှိခဲ့သည့် ဇာတ်ကားဖြစ်သည်။ ယခုအခါ Frozen 2 ထွက်ရှိလာခြင်းဖြစ်သည်။ အဆိုပါဇာတ်ကားမှာ အမေရိကန်နိုင်ငံအပါအဝင်နိုင်ငံအချို့တွင် နိုဝင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ရုံတင်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ပြသနေပြီဖြစ်သည်။

Frozen 2 တွင် Elas သည် သူမ၏မွေးရာပါမှော်အစွမ်းဖြစ်သည့်ရေခဲခြင်း၊ နှင်းကျခြင်းတို့ကို ပြုလုပ်နိုင်သည့်အစွမ်းများကြောင့် သူချစ်ရသည့် ညီမလေး Anna နှင့် ခပ်ဝေးဝေးနေခဲ့ရသလို အပြင်လူများနှင့်လည်းတွေ့ခွင့်မရဘဲ အထီးကျန်စွာနေရသူဖြစ်သည်။ Elas ၏ နန်းတက်ပွဲတွင်ညီမဖြစ်သူကြောင့် သူ၏မှော်အစွမ်းကို လူအများသိရှိကာကြောက်လန့်ခဲ့ရပြီး သူမကိုယ်တိုင်လည်း လူအများနှင့်ဝေးရာသို့ရှောင်ပြေးနေထိုင်ခဲ့သည်။ ညီမဖြစ်သူ Anna ၏ ကြိုးပမ်းမှုကြောင့်နန်းတော်ဆီသို့ပြန်ရောက်ပြီး တိုင်းသူပြည်သားများနှင့်ချစ်ခင်စွာပြန်လည်နေထိုင်ခွင့်ရသွားခဲ့သည်။ သို့သော်နန်းတော်သို့ပြန်ရောက်ပြီးမကြာမီ Elas မှာ မိမိအားမြောက်အရပ်ဆီသို့ဆွဲငင်ခေါ်ဆောင်နေသည့်အသံကိုစတင်ကြားခဲ့ရသည်။

ထိုအသံ၏ဆွဲငင်မှုနှင့်ထူးဆန်းမှုကြောင့် Elas နှင့် Anna တို့ညီအစ်မနှစ်ဦးသည် Kristoff, Olaf, နဲ့ Sven တို့နဲ့အတူမြောက်အရပ်သို့ ထွက်ခွာခဲ့ကြသည်။ Elas ပိုင်ဆိုင်ထားသည့် မှော်အစွမ်းများ၏ မူလအရင်းအမြစ်ကိုရှာဖွေရာမှပေါ်ပေါက်လာသည်များကို Frozen 2 တွင် ကြည့်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ Chris Buck နှင့် Jennifer Lee တို့က ပူးတွဲရိုက်ကူးထားခြင်းဖြစ်ပြီး ဟောလီဝုဒ်သရုပ်ဆောင် မင်းသားမင်းသမီးများဖြစ်သည့် Kristen Bell၊ Idina Menzel၊ Jonathan Groff၊Josh Gad တို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားကြသည်။ Frozen 2 နှင့် အတူ သီချင်းသစ်တွေနှင့် စွန့်စားခန်းအသစ်များကို ရင်ခုန်စွာကြည့်ရှုရမှာဖြစ်သည့်အတွက်ကြောင့် ပရိသတ်ကြီးအကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားဖြစ်ပါလိမ့်မည်။

ES

# အမေရိကန် အထက်လွှတ်တော်က ဟောင်ကောင်လူ့အခွင့်အရေး အက်ဥပဒေမူကြမ်းကို အတည်ပြု

ဒီမိုကရေစီလိုလားသည့်ဆန္ဒပြသူများကို ခြောက်လန့်ပါးကြောနှိမ်နင်းမှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသုံးပြုခဲ့သည့် မျက်ရည်ယိုဗုံး၊ ရော်ဘာကျည်ဆန်များနှင့် အခြားကိရိယာများရောင်းချမှု ပိတ်ပင်မည့်စီမံချက်တစ်ခုကိုလည်း ဥပဒေပြုလွှတ်တော်အမတ်များက အတည်ပြုခဲ့သည်။

ဟောင်ကောင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ထောက်ခံသည့် အက်ဥပဒေမူကြမ်းတစ်ခုကို အမေရိကန်ဥပဒေပြု အထက်လွှတ်တော်အမတ်များက တညီတညွှတ်တည်းထောက်ခံခဲ့ပြီး ဟောင်ကောင်၏ အထူးစီးပွားရေးအဆင့်အတန်းကို ပြန်လည်ရုပ်သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့သည်။ အမေရိကန်ဥပဒေပြု အထက်လွှတ်တော်က ယင်းဥပဒေမူကြမ်းအားအတည်ပြုမှုကို တရုတ်ကဒေါသဖြစ်ခဲ့ကာ အမေရိကန်သံအမတ်တစ်ဦးကို ဆင့်ခေါ်ခဲ့ပြီး တန်ပြန်အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်းပြောကြားရန် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ယာယီအမေရိကန်သံမှူးကို ဆင့်ခေါ်ခဲ့ပြီး ဥပဒေမဖြစ်လာမီ ယင်းဥပဒေမူကြမ်းကို တားဆီးရန် တောင်းဆိုခဲ့သည်။

ယင်းသို့မဟုတ်ပါက တရုတ်သည် ယင်းဥပဒေမူကြမ်းကို တန်ပြန်ရန် ပြင်းပြင်းထန်ထန် အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်သည် ဖြစ်လာမည့်အကျိုးဆက်အားလုံးကို တာဝန်ယူရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဥပဒေပြု အထက်လွှတ်တော်၏ ဟောင်ကောင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအက်ဥပဒေသည် အမေရိကန်သမ္မတက ကုန်သွယ်ရေးအခြေအနေထောက်ခံမှုကို နှစ်အလိုက်ပြန်လည်သုံးသပ်မှုလည်း လိုအပ်သည်။ ယင်းဥပဒေမူကြမ်းကို အမေရိကန်အောက်လွှတ်တော်က အတည်ပြုခဲ့ချိန်တွင်လည်း တရုတ်က ဒေါသတကြီး တုံ့ပြန်ခဲ့သည်။

တရားစီရင်ပိုင်ခွင့်ထက် ကျော်လွန်လုပ်ဆောင်မှုတို့ ပါဝင်သည့် လူ့အခွင့်အရေးအလွဲသုံးစားမှု ကျူးလွန်ခဲ့သည့် ဟောင်ကောင်နှင့် တရုတ်တာဝန်ရှိသူများအား အရေးယူပိတ်ဆို့မှု ချမှတ်ခြင်းကိုလည်း ထိုဥပဒေမူကြမ်းက ပြဋ္ဌာန်းခဲ့သည်။ Ref: AFP

# အစ္စရေးစစ်တပ်က ဆီးရီးယားရှိ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့

လေကြောင်းတိုက်ခိုက်မှုများအတွင်း နိုင်ငံခြားသား ၇ ဦးအပါအဝင် တိုက်ခိုက်ရေးသမား ၁၁ ဦးသေဆုံးခဲ့ပြီး ပြည်သူ ၄ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့က ပြောကြားခဲ့သည်။

အစ္စရေးနယ်မြေတွင်းသို့ ဆီးရီးယားဘက်မှ ဒုံးကျည်ပစ်ခတ်မှုလုပ်ဆောင်ခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်တပ်သည် ဒမတ်စကက်မြို့အနီးရှိ ဆီးရီးယားနှင့် အီရန်အကြမ်းဖက်ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း စစ်တပ်ကထုတ်ပြန်ခဲ့သည်။

မြို့တော်ဒမတ်စကက်၌ အစ္စရေး စစ်လေယာဉ်များ၏ အပြင်းအထန်တိုက်ခိုက်မှုကို ဆီးရီးယား၏ လေယာဉ်ဖျက်ကာကွယ်ရေးစနစ်များက တုံ့ပြန်ခဲ့ရကြောင်း၊ အစ္စရေးသည် ကျူးကျော်ရန်စမှုကို လက်ဘန္တန်နှင့် ပါလက်စတိုင်းနယ်နိမိတ်များမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်း အေဂျင်စီ SANA က ထုတ်ပြန်ခဲ့သည်။ အစ္စရေး စစ်လေယာဉ်များသည် တစ်ခါတစ်ရံ အိမ်နီးချင်းလက်ဘန္တန်နိုင်ငံ၏ ဝေဟင်ကို ဖြတ်ကျော်၍ ဆီးရီးယားမြေပေါ်သို့ တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။

ဆီးရီးယားပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက အစ္စရေးသည် ဆီးရီးယားနိုင်ငံတွင်းရှိ အီရန်ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်ဖြင့် ပစ်ခတ်မှုများကို မကြာခဏ လုပ်ဆောင်ခဲ့သော်လည်း ထိုတိုက်ခိုက်မှုများနှင့် ပတ်သက်၍ အစ္စရေးဘက်မှ အတည်ပြုထုတ်ပြန်မှုမှာ မရှိသလောက်ရှားခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက် လေကြောင်းတိုက်ခိုက်မှုများကို အစ္စရေး စစ်တပ်ကအတည်ပြုခဲ့ပြီး ကုန်လှောင်ရုံများ၊ စစ်ဌာန ချုပ်များအပါအဝင် တစ်ဒါဇင်နီးပါးရှိသော စစ်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ အစ္စရေးဘက်သို့ ဒုံးကျည်ပစ်လွှတ်ခဲ့သော ဆီးရီးယားရှိ အီရန်တပ်ဖွဲ့၏လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကာဒ်တပ်ဖွဲ့နှင့် ဆီးရီးယားလက်နက်ကိုင်တပ်ဖွဲ့များ ကို တိုက်ခိုက်မှုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ရုံသာဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်းများမပြုလုပ်ရန် အတိအလင်းသတိပေးထားသော်လည်း လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်နေစဉ်အတွင်း ဆီးရီးယားအစိုးရ၏ ကာကွယ်ရေးတပ်ဖွဲ့က ဒုံးကျည်ပစ်ခတ်ခဲ့ခြင်းကြောင့် ရလဒ်အနေဖြင့် ဆီးရီးယားလေကြောင်း ကာကွယ်ရေး အမြောက်တပ်စုများ ဖျက်ဆီးခံခဲ့ရသည်ဟု အစ္စရေးက ဆိုသည်။ Ref: AFP

# ဟူသီ သူပုန်အဖွဲ့က တောင်ကိုရီးယားသင်္ဘောနှစ်စင်းနှင့် ဆော်ဒီသင်္ဘောတစ်စင်းကို ဖမ်းဆီး

တောင်ကိုရီးယား သောင်တူးသင်္ဘောတစ်စင်းကို ဆွဲယူလာသော ဆော်ဒီအလံလွှင့် ဆွဲသင်္ဘောတစ်စင်းနှင့် တောင်ကိုရီးယား ဆွဲသင်္ဘောတစ်စင်းတို့ ပင်လယ်နီတောင်ပိုင်းတွင် ခုတ်မောင်းနေစဉ် ဟူသီသူပုန်များက ထိုသင်္ဘောသုံးစင်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ယီမင်ရှိ ဟူသီသူပုန်တို့ ဖမ်းဆီးခဲ့သော သင်္ဘောသုံးစင်းထဲမှ နှစ်စင်းမှာ တောင်ကိုရီးယားပိုင် သင်္ဘောများဖြစ်ပြီး သင်္ဘောသား ၁၆ ဦး ဖမ်းဆီးခံထားရကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ပဋိပက္ခများပြီးဆုံးစေရန်ရည်ရွယ်၍ ဆော်ဒီအာရေဗျသည် အီရန်ကျောထောက်နောက်ခံပြု ဟူသီ သူပုန်အဖွဲ့နှင့် ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်ခဲ့ကြောင်း ဆော်ဒီတာဝန်ရှိသူတစ်ဦးကပြောကြားစဉ် ဆော်ဒီကို ပစ်မှတ်ထား၍ ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများစဲသွားခဲ့ပြီးနောက် ပင်လယ်နီ၌ သင်္ဘောများဖမ်းဆီးခံရမှု ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အိုမန်ကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်းစဉ်အတွက် တာဝန်ပေးခံထားရသော တောင်ကိုရီးယား ရေတပ်သင်္ဘော Cheong-hae ကို သင်္ဘောသုံးစင်း သိမ်းယူခံရမှုဖြစ်ပွားရာ ရေပြင်အနီးသို့ တောင်ကိုရီးယားအစိုးရက စေလွှတ်ထားသည်။

ယီမင်ကမ်းလွန်ပင်လယ်ပြင်တွင် မသက်ဘရာကိစ္စရပ်တစ်ခုအတွင်း ပါဝင်နေသော ရေယာဉ်တစ်စင်းအား ဟူသီအဖွဲ့က ထိန်းသိမ်းထားကြောင်း သူပုန်အဖွဲ့၏ တော်လှန်ရေးကော်မတီခေါင်းဆောင် မိုဟာမက်အယ် ဟူသီက ဝန်ခံပြောကြားခဲ့သည်။

ပင်လယ်နီတောင်ပိုင်းတွင် ခုတ်မောင်းနေသော ဆွဲသင်္ဘော Rabigh-3 သည် ထိန်းသိမ်းခံခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်သည် ဟူသီသူပုန်အဖွဲ့နှင့် ဆက်နွယ်သော အကြမ်းဖက်အင်အားစုများ၏ လက်နက်ကိုင် လုယက်မှုဖြစ်ဖွယ်ရှိကြောင်း ဆော်ဒီအာရေဗျဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့၏ ပြောခွင့်ရုပ္ပဂ္ဂိုလ် တာကီအယ်မာလီကက နိုဝင်ဘာလ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

# ဆီးရီးယားဘက်မှ ဒုံးကျည်ပစ်ခတ်မှုများကို ကြားဖြတ်ဟန့်တား

ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားအစိုးရအဖွဲ့ကိုသစ္စာခံသည့် တပ်ဖွဲ့များက ထိန်းချုပ်ထားသော ဆီးရီးယားမြို့တော်တစ်ဝိုက်ရှိ နေရာများမှနေ၍ ဒုံးကျည်များကို ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိမ်နီးချင်း ဆီးရီးယားဘက်မှ ပစ်ခတ်လိုက်သည့် ဒုံးကျည်လေးစင်းကို အစ္စရေးနိုင်ငံ၏ လေကြောင်းကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ပစ်ခတ်ရာနေရာများသို့ ဒုံးကျည်များဖြင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရနှင့် မဟာမိတ်ဖြစ်သော ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ဖြစ်သည့် အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့၏ စစ်ဦးစီးမှူးတစ်ဦးကို သေဆုံးစေအောင် ပစ်မှတ်ထားလျက် အစ္စရေးတို့က တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာဒေသအတွင်းနှင့် တစ်ဝိုက်၌ အထင်ကရတင်းမာမှု တစ်ရပ်ဖြစ်ပေါ်ခဲ့အပြီးတွင် ယခုပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စလာမ္မစ်စစ်ဦးစီးမှူး သေဆုံးခဲ့ပြီးနောက် အစ္စရေးတို့က အတည်ပြုခြင်းမရှိသည့် ဒုတိယမြောက် တိုက်ခိုက်မှုတစ်ရပ် ထပ်မံဖြစ်ပွားခဲ့ရာတွင် အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့ခေါင်းဆောင်၏ သားနှင့် အခြားတစ်ဦးကို သေဆုံးစေခဲ့သည်။ ယင်းတိုက်ခိုက်မှုများပြီးနောက် ဆီးရီးယားဘက်မှနေ၍ ဒုံးကျည်ဖြင့်ပစ်ခတ်မှုများ ယခုအထိ ထပ်မံဖြစ်ပေါ်ခြင်းမရှိသေးပေ။

ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က နောက်ထပ် အသေးစိတ်အချက်အလက်များ မပေးသော်လည်း ဒမတ်စကက်၏ တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် နေရာယူထားသော အစ္စရေး လေတပ်က ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်းကိုမူ ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပြည်တွင်းစစ်အတွင်းသို့ သက်ဆင်းခဲ့ရပြီးနောက် အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်ဖြင့်တိုက်ခိုက်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။

ဗြိတိန်နိုင်ငံအခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားလေကြောင်း ကာကွယ်ရေးအဖွဲ့သည်လည်း တုံ့ပြန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

# လေယာဉ်တင်သင်္ဘော ထိုင်ဝမ်ရေလက်ကြားအား ဖြတ်သန်းခဲ့

တရုတ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ထိုင်ဝမ်နှင့် တင်းမာမှု၊ တောင်တရုတ်ပင်လယ်တွင် ပိုင်နက်အငြင်းပွားမှုနှင့် ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် တင်းမာမှုများကြုံနေရသည်။ အမည်မပေးရသေးသော ထိုလေယာဉ်တင်သင်္ဘောသည် ပေကျင်း၏ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောဖြစ်ပြီး တာဝန်ထမ်းဆောင်သည့် အချိန်တွင် တရုတ်ရေတပ်အတွက် အင်အားတောင့်တင်းစေမည်ဖြစ်သည်။

ထိုင်ဝမ်တွင် သမ္မတရွေးကောက်ပွဲများကျင်းပရန် နီးကပ်လာစဉ် ပေကျင်းက ခြိမ်းခြောက်မှုများလုပ်ဆောင်နေသည်ဟု တိုင်ပေကစ္စပ်စွဲခဲ့ပြီးနောက် တရုတ်ကပြည်တွင်း၌ ပထမဆုံးအကြိမ်တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောသည် ပုံမှန်ပြုလုပ်နေကျ လေ့ကျင့်မှုနှင့် စမ်းသပ်မှုများအတွက် ထိုင်ဝမ်ရေလက်ကြားအား ဖြတ်သန်းခဲ့ကြောင်း အတည်ပြုခဲ့သည်။ ထိုဖြတ်သန်းမှုသည် မည်သည့်အထူးပစ်မှတ်ကိုမျှ မရည်ရွယ်ဘဲ လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း ချန်းက ပြောကြားခဲ့သော်လည်း အသေးစိတ်မပြောကြားခဲ့ပေ။

ထိုလေယာဉ်တင်သင်္ဘောသည် နိုဝင်ဘာ ၁၇ တွင် ထိုရေလက်ကြားအား ဖြတ်သန်းခဲ့ပြီး သိပ္ပံနည်းကျ သုတေသနစမ်းသပ်မှုများနှင့် ပုံမှန်ပြုလုပ်နေကျ လေ့ကျင့်မှုများအတွက် တောင်တရုတ်ပင်လယ်ကို ဝင်ရောက်ခဲ့ကြောင်း တရုတ်ရေတပ်ပြောခွင့်ရပုဂ္ဂိုလ် ချန်းတီဝေက ၎င်း၏လူမှုမီဒီယာအကောင့်တွင် ရေးသားခဲ့သည်။ ယင်းဖြတ်သန်းမှုသည် လေယာဉ်တင်သင်္ဘောများအား ဒေသဖြတ်ကျော် စမ်းသပ်မှုများပြုလုပ်ရန်အတွက် ပုံမှန်လုပ်ဆောင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်ဝမ်တွင် ဇန်နဝါရီ၌ သမ္မတရွေးကောက်ပွဲများအတွက် ကြိုးပမ်းနေချိန်တွင် တရုတ်လေယာဉ်တင်သင်္ဘောဖြတ်သန်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တရုတ်သည် ထိုင်ဝမ်ရွေးကောက်ပွဲများတွင် ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ထားကြောင်း၊ ထိုင်ဝမ်မဲဆန္ဒရှင်များ အားခြိမ်းခြောက်၍မရကြောင်း ထိုင်ဝမ်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ တရုတ်လေယာဉ်တင်သင်္ဘော၏ လှုပ်ရှားမှုများအား ခြေရာခံရန်နှင့် အနီးကပ်စောင့်ကြည့်ရန် သင်္ဘောများနှင့် လေယာဉ်များအားစေလွှတ်ခဲ့ကြောင်း ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တရုတ်လေယာဉ်တင်သင်္ဘော ဖြတ်သန်းခဲ့သည့် နေ့တွင်ပင် ထိုင်ဝမ်သမ္မတ ဆန်အင်းဝမ်က ကိုယ့်ကိုကိုယ် ထိုင်ဝမ်၏ တစ်သီးပုဂ္ဂလဝန်ထမ်းဟု ခေါ်ဆိုခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဝီလျံလိုင်သည် မိမိနှင့်အတူ တွဲဖက်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့ရာ ပေကျင်းကို ဒေါသထွက်စေဖွယ်ရှိသည်။

၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရေချစမ်းသပ်မှုလုပ်ဆောင်ခဲ့သော Type 001A ဟု လတ်တလောအမည်ပေးထားသည့် ထိုလေယာဉ်တင်သင်္ဘောအား ထိုင်ဝမ်ရေလက်ကြားကို ရည်ရွယ်ချက်ရှိရှိဖြတ်သန်းစေမှုသည် တရုတ်က ၎င်း၏ ရေတပ်စွမ်းရည်မြင့်တက်လာမှုအား ထိုင်ဝမ်နှင့် အမေရိကန်ကိုပါအချက်ပြရန် ရည်ရွယ်ဖွယ်ရှိကြောင်း NYU Shanghai တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ လက်ထောက်ပါမောက္ခက သုံးသပ်ခဲ့သည်။

ယူကရိန်းထံမှ ဝယ်ယူထားသော ဆိုဗီယက်ခေတ် လေယာဉ်တင်သင်္ဘောအား ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည့် တရုတ်၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘော လျှောင်နင်းသည် ၂၀၁၂ ခုနှစ်တွင် တာဝန်စတင်ထမ်းဆောင်ခဲ့သည်။

# အမေရိကန်က ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ထည့်ဝင်ရေး ဆွေးနွေးပွဲမှ ထွက်ခွာသွားဟု တောင်ကိုရီးယား ထုတ်ပြန်

မဟာမိတ်ဆိုးလ်သည် သင့်လျော်ပြီး သာတူညီမျှရှိသော သဘောတူညီချက်အား ခါးခါးသီးသီးငြင်းပယ်ခဲ့ကြောင်း စွပ်စွဲခဲ့စဉ် တောင်ကိုရီးယားမြေပေါ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ဆိုးလ်၏ထည့်ဝင်မှုကို တိုးမြှင့်ရေးဆွေးနွေးပွဲမှ အမေရိကန်က ထွက်ခွာသွားခဲ့ကြောင်း တောင်ကိုရီးယားက ထုတ်ပြန်ခဲ့သည်။

ဝါရှင်တန်က မဟာမိတ်ဆိုးလ်ထံမှ လာမည့်နှစ်မှစ၍ ကုန်ကျစရိတ်ထည့်ဝင်မှုကို ငါးဆတိုးမြှင့်မှုအဖြစ် ဒေါ်လာငါးဘီလျံအထိရရှိရန် ကြိုးပမ်းနေကြောင်း ဆိုးလ်တာဝန်ရှိသူများကပြောကြားခဲ့ပြီး ထိုကိစ္စကြောင့် နှစ်နိုင်ငံအကြား မဟာမိတ်ပြိုမှုအား အားလျော့စေမည်ကို စိုးရိမ်နေကြသည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သော မြောက်ကိုရီးယား၏ရန်မှ တောင်ကိုရီးယားအား ကာကွယ်ပေးရန်အတွက် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ၏ ကုန်ကျစရိတ်အတွက် တောင်ကိုရီးယားက ထည့်ဝင်မှုတိုးမြှင့်သင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။

ဆိုးလ်တွင် နောက်ဆုံးပြုလုပ်ခဲ့သော ထိုဆွေးနွေးပွဲသည် အမေရိကန်က ဦးစွာထွက်ခွာသွားခဲ့ခြင်းကြောင့် ပျက်ပြားခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ညှိနှိုင်းရေးမှူးကပြောကြားခဲ့သည်။ ဆိုးလ်အတွက် စဉ်းစားချိန်ရစေရန် ဝါရှင်တန်က ဆွေးနွေးပွဲအား ချုံ့ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ညှိနှိုင်းရေးမှူးက ပြောကြားခဲ့သည်။

ဆိုးလ်သို့သွားရောက်ခဲ့သည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက တောင်ကိုရီးယားသည် ချမ်းသာကြွယ်ဝသောနိုင်ငံဖြစ်ပြီး ကာကွယ်ရေးအတွက် ကုန်ကျစရိတ်ကို ထေမိစေရန်လုပ်နိုင်ပြီး လုပ်လည်းလုပ်သင့်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားတွင် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့များအတွက် ကုန်ကျစရိတ်မျှခံရန် စီမံထားသော Special Measures Agreement (SMA) အား ၁၉၉၁ ခုနှစ်နောက်ပိုင်းကျင့်သုံးခဲ့ပြီး ယခုနှစ်အတွက် ကုန်ကျစရိတ်ထည့်ဝင်မှုအား ရှစ်ရာခိုင်နှုန်းတိုးမြှင့်၍ ဒေါ်လာသန်း ၈၉၀ အထိ ထည့်ဝင်သွားရန် ဆိုးလ်က ပြီးခဲ့သော ဖေဖော်ဝါရီလတွင် သဘောတူခဲ့သည်။

ယခုလအစောပိုင်းတွင် ဆွေးနွေးပွဲတစ်ခု၌ အမေရိကန်သံအမတ်ကြီး ဟာရီဟားရစ်က ကာကွယ်ရေးကုန်ကျစရိတ်မျှခံမှုအတွက် ဒေါ်လာငါးဘီလျံပေးရန် အကြိမ် ၂၀ ခန့် တောင်းဆိုပြောကြားခဲ့ကြောင်း တောင်ကိုရီးယားပါလီမန်၏ ထောက်လှမ်းရေးကော်မတီ ဥက္ကဋ္ဌလီဟီဟွန်းက အသံလွှင့်ဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးပွဲတိုးတက်မှု လပေါင်းများစွာတန့်နေခဲ့အပြီး ပြိုယမ်းကို ကောင်းမွန်သော သဘောထားပြသမှုအဖြစ် ယခုလအတွင်းပြုလုပ်ရန် စီစဉ်ထားသည့် နှစ်စဉ်ပြုလုပ်နေကျ လေကြောင်းပူးတွဲ စစ်ရေးလေ့ကျင့်မှုကို အမေရိကန်နှင့် တောင်ကိုရီးယားတို့က ရွှေ့ဆိုင်းပြီးနောက် ထိုဆွေးနွေးပွဲအကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးကုန်ကျစရိတ်အတွက် သင့်တော်မျှတသောပမာဏနှင့် အပြန်အလှန် လက်သင့်ခံနိုင်သော အတိုင်းအတာအတွင်း ဆက်လက်ထည့်ဝင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

# သီရိလင်္ကာသမ္မတသစ် ဗုဒ္ဓဘာသာ ဘုရားကျောင်းတော်တစ်ခုခ၌ ကျမ်းသစ္စာကျိန်ဆို

လူအသေအပျောက်များပြားခဲ့သည့် အစ္စလာမ္မစ်တို့၏တိုက်ခိုက်မှုက နိုင်ငံကိုလှုပ်ခါစေခဲ့ပြီးနောက် ခုနစ်လအကြာ၌ပြုလုပ်သော ရွေးကောက်ပွဲတွင် ရာဂျာပက်ဆာ၏ အပြတ်အသတ်အနိုင်ရရှိမှုက သီရိလင်္ကာ၏ လူဦးရေ ၂.၆ သန်းတို့အကြား မကြုံဖူးလောက်အောင် ဘာသာရေးနှင့် လူမျိုးရေးတို့နှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများဖြစ်စေခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ လူများစုဖြစ်သော ဆင်ဟာလီ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းက အညာအတာကင်းမဲ့သည့် စစ်ဆင်ရေးကိုဦးဆောင်ခဲ့မှုအတွက် ကာကွယ်ရေးဝန်ကြီးဟောင်း ဂိုတာဘာယာရာဂျာပက်ဆာကို ချီးကျူးကြသည်။ ဂိုတာဘာယာ၏စစ်ဆင်ရေးသည် သူ၏အစ်ကိုဖြစ်သူ သမ္မတတာဝန်ယူထားသည့် ၂၀၀၉ ခုနှစ်တွင် တမီလ်သူပုန်များအား အမြစ်ပြတ်ချေမှုန်းကာ ၃၇ နှစ်ကြာ ခွဲထွက်ရေးစစ်ပွဲကို အဆုံးသတ်စေခဲ့သည်။ သီရိလင်္ကာနိုင်ငံ၏ သမ္မတသစ် ဂိုတာဘာယာရာဂျာပက်ဆာသည် သူ့အား အဓိကထောက်ခံသူများဖြစ်သည့် ဆင်ဟာလီအမျိုးသားရေးဝါဒီများ အထွတ်အမြတ်ထားရာ ဗုဒ္ဓဘာသာဘုရားကျောင်းတော်တစ်ခုခ၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်းသိရသည်။

ကျမ်းသစ္စာကျိန်ဆိုရာတွင် ရာဂျာပက်ဆာသည် သီရိလင်္ကာ၌ အမြင့်ဆုံးဖြစ်ပြီး နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိသည့်စေတီတော်ကို မျက်နှာမူထားခဲ့သည်။ ကျူးကျော်လာသည့် တောင်ပိုင်းမှ အိန္ဒိယတမီလ်ဘုရင်ကို နှိမ်နင်းနိုင်သည့်အတွက် သီရိလင်္ကာဗုဒ္ဓဘာသာဝင်များ၏ ကြည်ညိုခြင်းခံရသော ဆင်ဟာလီဘုရင်ကယင်းဘုရားကျောင်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သူ၏အစ်ကိုဖြစ်သူက သမ္မတတာဝန်ယူထားစဉ်အတွင်း ဂိုတာဘာယာသည် လုံခြုံရေးတပ်များအားလုံးကို ထိန်းချုပ်ထားပြီး ဒါဇင်နှင့် ချီသော ဆန့်ကျင်သူများ၊ အတိုက်အခံများ၊ ဂျာနယ်လစ်များနှင့် အခြားသူများအား ပြန်ပေးဆွဲခဲ့ကြသည့် "သေမင်းတမန်အဖွဲ့" ဟု ခေါ်ဆိုခံရသော တပ်ဖွဲ့ဝင်များသည် သူ့ထံသို့ အစီရင်ခံရသည်ဟု ဆိုကြသည်။

အဖြူရောင်ဗင်ကားများအတွင်းသို့ ဆွဲသွင်းခေါ်ဆောင်ခံရပြီးနောက် ပြန်ပေးဆွဲခံရသူများစွာတို့ကို ပြန်လည်တွေ့မြင်ရခြင်းမရှိတော့ဘဲ အချို့မှာသတ်ဖြတ်ခံထားရပြီး အလောင်းကိုလမ်းဘေး၌ စွန့်ပစ်ခံကြရသည်။ ရာဂျာပက်ဆာကမူ ယင်းကိစ္စများနှင့် ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

၂၀၀၉ ခုနှစ်တွင် အဆုံးသတ်သွားသော ပြည်တွင်းစစ်အတွင်း၌ တမီလ်အရပ်သားပေါင်း ၄၀၀၀၀ သေဆုံးခဲ့သည်ဟုဆိုကြသည်။ ရွေးကောက်ပွဲတွင် နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသော တမီလ်များသည် ရာဂျာပက်ဆာကိုဆန့်ကျင်ကာ မဲပေးခဲ့ကြသည်။

# ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် ချီလီက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည်

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်ဟောင်း သြဂတ်စတိုပီနိုချေးလက်ထက် အတည်ပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် စတင်အာဏာသက်ဝင်ခဲ့ကာ နောက်ပိုင်း နှစ်များစွာအတွင်း ပြင်ဆင်ပြောင်းလဲမှုအများအပြားလည်းပြုလုပ်ခဲ့သည်။ သို့သော် လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသော ချီလီဆန္ဒပြသူသန်းပေါင်းများစွာ၏တောင်းဆိုချက်နှစ်ခုဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ပေးရန် အစိုးရတွင်တာဝန်ရှိကြောင်း ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခိုင်အမာသက်သေမထူထားပေ။

အကြမ်းဖက်ပဋိပက္ခများလည်း ဖြစ်ပွားခဲ့ပြီး တစ်လနီးပါးကြာမြင့်လာပြီဖြစ်သော ချီလီဆန္ဒပြမှုအတွင်း အဓိကတောင်းဆိုချက်တစ်ရပ်ဖြစ်သည့် စစ်အာဏာရှင်ခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေနေရာတွင် အစားထိုးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား လာမည့်နှစ်တွင် ကျင်းပသွားမည်ဟု အစိုးရကကြေညာခဲ့သည်။

ထိုဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား အစားထိုးသင့်၊ မသင့်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းအား မည်သို့ရေးဆွဲမည်ကို မဲဆန္ဒရှင်များအားမေးမြန်းသွားမည်ဖြစ်ကြောင်း အထက်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

နံနက်ပိုင်းလူစည်ကားသောအချိန်တွင် မြေအောက်ရထားလက်မှတ်ခများ တိုးမြှင့်မှုအားဆန့်ကျင်သည့် ဆန္ဒပြမှုများသည် စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံ၏ လက်ရှိအခြေအနေအားမကျေနပ်၍ ပြုပြင်ပြောင်းလဲပေးရန် တောင်းဆိုသော ကျယ်ပြန့်သည့်လှုပ်ရှားမှုအဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ မီးရှို့မှုများ၊ လုယက်မှုများနှင့် ဆန္ဒပြသူများနှင့် ရဲများအကြား နေ့စဉ်ထိပ်တိုက်တွေ့မှုများလည်း ဖြစ်ပွားခဲ့သည်။

အထက်လွှာမိသားစု အနည်းစုကသာ နိုင်ငံရေးနှင့် စီးပွားရေးအရ လွှမ်းမိုးထားသောနိုင်ငံတွင် လုပ်ခလစာနည်းပါးမှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် စရိတ်မြင့်မားမှု၊ ဆင်းရဲချမ်းသာ အလွန်အမင်းကွာဟမှုတို့အား ဆန္ဒပြသူများက ဒေါသထွက်နေကြခြင်းဖြစ်သည်။ ဆန္ဒပြသူများ၏ ဒေါသပြေလျော့စေရန် တုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်များစွာ ကြေညာခဲ့သော ချီလီသမ္မတအနေဖြင့် လူမှုဆိုင်ရာဇရာမပြုပြင်ပြောင်းလဲမှုဖော်ဆောင်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်တွင် ဒီမိုကရေစီစနစ်သို့ ပြန်လည်ကူးပြောင်းခဲ့ပြီးနောက်ပိုင်း ချီလီတွင် အကြီးမားဆုံးဖြစ်သော ထိုမင်ဗြိမ်သက်မှုအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏လက်ချက်ဖြင့် သေဆုံးခဲ့သူ ငါးဦးအပါအဝင် လူ ၂၀ ခန့်သေဆုံးခဲ့ရပြီး လူ ၁၀၀၀ ကျော်လည်း ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်ဆန္ဒပြမှုအချို့လည်း ဖြစ်ပွားခဲ့သော ထိုဆန္ဒပြလှုပ်ရှားမှုအား ချီလီပြည်သူ ၇၅ ရာခိုင်နှုန်းခန့်က ထောက်ခံခဲ့ကြကြောင်း သဘောထားစစ်တမ်းအများစုတွင်ဖော်ပြခဲ့သည်။ ထိုထက်များသော ပမာဏဖြစ်သည့် ၈၇ ရာခိုင်နှုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန် ဆန္ဒပြသူများ၏ တောင်းဆိုချက်များကို သဘောတူခဲ့ကြကြောင်း Cadern သဘောထား စစ်တမ်းကောက်ယူသည့်အဖွဲ့က ထုတ်ပြန်ခဲ့သော သဘောထားစစ်တမ်း၌ ဖော်ပြခဲ့သည်။

Ref: AFP

# အီရန်တွင် ဓာတ်ဆီဈေးနှုန်း မြင့်တက်မှုကြောင့် ဆန္ဒပြမှုအတွင်း လူတစ်ဦးသေဆုံး

ဓာတ်ဆီဈေးနှုန်းကို ဓာတ်ဆီ လီတာ ၆၀ လျှင် ၅၀ ရာခိုင်နှုန်း၊ လီတာ ၆၀ ထက်ပိုသော မည်သည့် ပမာဏကိုမဆို ၃၀၀ ရာခိုင်နှုန်းထိ လစဉ်တိုးမြှင့်သွားမည်ဟု ကြေညာခဲ့ပြီးနောက် နာရီပေါင်းများစွာကြာမြင့်သော ဆန္ဒပြမှုများထွက်ပေါ်လာခဲ့သည်။ ဓာတ်ဆီဈေးနှုန်းတိုးမြှင့်ရန် အီရန်အစိုးရက ဆုံးဖြတ်ခဲ့ပြီးနောက် အီရန်နိုင်ငံတစ်ဝန်း၌ ဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ ဆန္ဒပြမှုများအတွင်း လူတစ်ဦးသေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လူသေဆုံးမှုသည် ဆာဂျန်မြို့အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆာဂျန်မြို့တွင် ဆန္ဒပြသူများက ဓာတ်ဆီဆိုင်တစ်ဆိုင်ကို မီးရှို့ရန်ကြိုးပမ်းခဲ့ကြသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန့်တားခဲ့သည်ဟု ISNA သတင်းဌာနက ထုတ်ပြန်ထားသည်။ သေဆုံးခဲ့သောပြည်သူတစ်ဦးမှာ သေနတ်ထိမှန်သေဆုံးခြင်းဟုတ်၊ မဟုတ်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအားသေနတ်ဖြင့် ပစ်ခတ်ပိုင်ခွင့်မရှိဘဲ ဆန္ဒပြသူများကို သတိပေးသည့်အနေဖြင့် သေနတ်သံပေးရုံသာ လုပ်ဆောင်နိုင်ကြောင်း သိရသည်။

အာဗက်စ်မြို့၌ ရန်လိုသောဆန္ဒပြသူများက ဘဏ်တစ်ခုကိုမီးရှို့ခဲ့ပြီး ခိုရမ်ရှာမြို့တွင် မည်သူမည်ဝါမှန်း မသိရသော လက်နက်ကိုင်ထားသူများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း နိုင်ငံပိုင်သတင်း အေဂျင်စီ IRNA က ဖော်ပြခဲ့သည်။ ဒိုရှဒ်၊ ဂါမ်ဆာ၊ ဂေါ်ဂန်၊ အီလမ်၊ ခိုရာမာဘတ်၊ မက်ဒီရှာ၊ ကွာဇဗင်၊ ကိုမ်၊ ဆာနန် ဒုါဂျ်၊ ရှာရောတ်၊ ရှီရာစ်မြို့တို့တွင် ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ယာ့စ်မြို့တွင်ဖြစ်ပွားသော ဆန္ဒပြမှုအတွင်း ရဲတပ်ဖွဲ့က လူ ၄၀ ကို ဖမ်းဆီးခဲ့ကြောင်း သတင်းဌာနက ထုတ်ပြန်ထားသည်။

အီရန်၌ အင်တာနက်လိုင်း ပြတ်တောက်ခဲ့ကြောင်း အင်တာနက်လိုင်း စောင့်ကြည့်ရေးဝက်ဘ်ဆိုက် Netblocks က ထုတ်ပြန်ခဲ့သည်။ ဓာတ်ဆီဈေးနှုန်းမြင့်တက်မှုကိုဆန္ဒပြရန် အချို့သောကားမောင်းသမားများက ၎င်းတို့၏ကားများကို လမ်းမပေါ်ရှိယာဉ်ကြောအတွင်း ထားရစ်ခဲ့ကြခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့သည်။

ဓာတ်ဆီဈေးနှုန်းတိုးမြှင့်မှုသည် နိုင်ငံဝင်ငွေကို တစ်နှစ်လျှင် ရိုင်ယယ် ၃၀၀ ထရီ လျှံ (ဒေါ်လာ ၂.၅ ဘီလျှံ)ထိ မြင့်တက်စေလိမ့်မည်ဟု ခန့်မှန်းရပြီး ထိုငွေဖြင့် ဆင်းရဲ၊ ချို့တဲ့သောပြည်သူများကို အကူအညီပေးအပ်နိုင်ကြောင်း အီရန်အာဏာပိုင်များကဆိုသည်။ ထုတ်ပြန်ကြေညာချက်အရ ဓာတ်ဆီဖြည့်ကတ်များကိုင်ဆောင်ထားသော ကားမောင်းသမားများသည် လစဉ်ဝယ်ယူထားသည့် ဓာတ်ဆီ လီတာ ၆၀ စာအတွက် တစ်လီတာလျှင် ၁၅,၀၀၀ ရိုင်ယယ် (၁၃ ဒေါ်လာ) ပေးရမည်ဖြစ်ပြီး အပိုဆောင်းဓာတ်ဆီပမာဏကိုမူ တစ်လီတာလျှင် ရိုင်ယယ် ၃၀,၀၀၀ စီ ပေးရမည်ဖြစ်သည်။

ဓာတ်ဆီဈေးနှုန်းတိုးမြှင့်မှုကို ထောက်ခံကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီက ပြောကြားခဲ့ပြီး မဏ္ဍိုင်သုံးရပ်မှ ခေါင်းဆောင်များယင်း ကိစ္စကို ဆုံးဖြတ်ပိုင်ခွင့်ရှိပါက ၎င်းအနေဖြင့် ဓာတ်ဆီ ဈေးနှုန်းတိုးမြှင့်မှုကို ထောက်ခံမည်ဟုဆိုသည်။

# ဆီးရီးယားဘက်မှ ဒုံးကျည်ပစ်ခတ်မှုများကို ကြားဖြတ်ဟန့်တားခဲ့

ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားအစိုးရအဖွဲ့ကိုသစ္စာခံသည့် တပ်ဖွဲ့များက ထိန်းချုပ်ထားသော ဆီးရီးယားမြို့တော်တစ်ဝိုက်ရှိ နေရာများမှနေ၍ ဒုံးကျည်များကို ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိမ်နီးချင်း ဆီးရီးယားဘက်မှ ပစ်ခတ်လိုက်သည့် ဒုံးကျည်လေးစင်းကို အစ္စရေးနိုင်ငံ၏ လေကြောင်းကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ပစ်ခတ်ရာနေရာများသို့ ဒုံးကျည်များဖြင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရနှင့် မဟာမိတ်ဖြစ်သော ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ဖြစ်သည့် အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့၏ စစ်ဦးစီးမှူးတစ်ဦးကို သေဆုံးစေအောင် ပစ်မှတ်ထားလျက် အစ္စရေးတို့က တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာဒေသအတွင်းနှင့် တစ်ဝိုက်၌ အထင်ကရတင်းမာမှုတစ်ရပ်ဖြစ်ပေါ်ခဲ့အပြီးတွင် ယခုပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စလာမ္မစ်စစ်ဦးစီးမှူး သေဆုံးခဲ့ပြီးနောက် အစ္စရေးတို့က အတည်ပြုခြင်းမရှိသည့် ဒုတိယမြောက် တိုက်ခိုက်မှုတစ်ရပ် ထပ်မံဖြစ်ပွားခဲ့ရာတွင် အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့ခေါင်းဆောင်၏ သားနှင့် အခြားတစ်ဦးကို သေဆုံးစေခဲ့သည်။ ယင်းတိုက်ခိုက်မှုများပြီးနောက် ဆီးရီးယားဘက်မှနေ၍ ဒုံးကျည်ဖြင့်ပစ်ခတ်မှုများ ယခုအထိ ထပ်မံဖြစ်ပေါ်ခြင်းမရှိသေးပေ။

ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က နောက်ထပ် အသေးစိတ်အချက်အလက်များ မပေးသော်လည်း ဒမတ်စကက်၏ တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် နေရာယူထားသော အစ္စရေးလေတပ်က ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်းကိုမူ ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပြည်တွင်းစစ်အတွင်းသို့ သက်ဆင်းခဲ့ရပြီးနောက် အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်ဖြင့်တိုက်ခိုက်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။

ဗြိတိန်နိုင်ငံအခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားလေကြောင်း ကာကွယ်ရေးအဖွဲ့သည်လည်း တုံ့ပြန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

# အစ္စရေးက လေကြောင်းမှ ဂါဇာရှိ ဟားမားစ်ပစ်မှတ်များကို တိုက်ခိုက်

အစ္စရေးနှင့် ပါလက်စတိုင်းနယ်မြေ၏ ဒုတိယအင်အားကြီး စစ်သွေးကြွအဖွဲ့ဖြစ်သော အစ္စလာမ္မစ်ဂျီဟာဒ် (Islamic Jihad) တို့အကြား လက်တွဲပြန်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် ရော့ကတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၁၄ ရက် နံနက်မှစပြီး အပစ်အခတ်ရပ်စဲရေးရရှိခဲ့သည်။

အထိမခံသော အပစ်အခတ်ရပ်စဲမှု စတင်ခဲ့ပြီး နှစ်ရက်အကြာတွင် ပါလက်စတိုင်းနယ်မြေမှ အစ္စရေးပိုင်နက်ထဲသို့ ရော့ကတ်များဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးက ဂါဇာရှိ ဟားမားစ်တို့၏ ပစ်မှတ်များကို လေကြောင်းမှတိုက်ခိုက်ခဲ့သည်ဟု စစ်တပ်က ထုတ်ပြန်ခဲ့သည်။ ဟားမားစ်တို့၏ သဘောထားတင်းမာသော မဟာမိတ် အစ္စလာမ္မစ်ဂျီဟာဒ်အဖွဲ့ကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့စဉ် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသည့် ဟားမားစ်တို့သည် အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုမှ လွတ်မြောက်ခဲ့သည်။

ဂါဇာကမ်းမြောင်မှ အစ္စရေးပိုင်နက်သို့ ရော့ကတ်နှစ်စင်းဖြင့်ပစ်ခတ်ခဲ့မှုကြောင့် လေကြောင်းတိုက်ခိုက်မှု စတင်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်တပ်က ထုတ်ပြန်ခဲ့သည်။ ယင်းရော့ကတ်များကို လေကြောင်းကာကွယ်ရေးစနစ်များက ပစ်ချခဲ့ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။ သို့သော် မည်သည့်အဖွဲ့ကပစ်ခတ်ခဲ့သည်ကို မသိရှိရသေးပေ။ ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဟားမားစ်တို့၏ နေရာနှစ်ခုကို အစ္စရေးတို့က ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ပါလက်စတိုင်း လုံခြုံရေးရင်းမြစ်များက ပြောကြားခဲ့သည်။

ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်သေဆုံးမှုကို ထုတ်ပြန်မှုမရှိသေးပေ။ အစ္စရေးတို့၏ ပစ်မှတ်ထားတိုက်ခိုက်မှုတွင် အစ္စလာမ္မစ်ဂျီဟာဒ်၏ ထိပ်တန်းတပ်မှူးတစ်ဦးသေဆုံးခဲ့ရာမှ ယခုသီတင်းပတ်တွင် အပြန်အလှန်တိုက်ခိုက်မှု စတင်ခဲ့ပြီးနောက်ပိုင်း ယခုတိုက်ခိုက်မှုသည် ဟားမားစ်တို့ကို ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်သည်။

ပါလက်စတိုင်း ၃၄ ဦး သေဆုံးခဲ့သည့် နှစ်ရက်ကြာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲမှုအတွက် သဘောတူညီမှုရရှိခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူမှု စတင်သက်ရောက်ခဲ့ပြီးနောက် နှစ်ဘက်စလုံးက ပစ်ခတ်မှုများနှင့်အတူ ယင်းသဘောတူမှုသည် မရေမရာအနေအထားဖြစ်နေသည်။ အစ္စရေးနှင့် လူနှစ်သန်းခန့်ရှိပြီး ဝိုင်းရံပိတ်ဆို့ခံထားရသည့် ဂါဇာမှ ပါလက်စတိုင်းစစ်သွေးကြွများအကြား ၂၀၀၈ ခုနှစ်မှစပြီး စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့သည်။

အပြန်အလှန်တိုက် ခိုက်မှုများအတွင်း အစ္စရေးပိုင်နက်ထဲသို့ ရော့ကတ် ၄၅၀ခန့် ကျရောက်ခဲ့ပြီး အများစုကို လေကြောင်းကာကွယ်ရေးစနစ်များကပစ်ချနိုင်ခဲ့သည်ဟု အစ္စရေး စစ်တပ်ကထုတ်ပြန်ခဲ့သည်။

# BTS အဖွဲ့၏ လက်မှတ်ရောင်းချမှု ဝင်ငွေ ဒေါ်လာ ၁၁၆ သန်း စံချိန်တင်ရရှိ

BTS အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ မေမှ အောက်တိုဘာလအတွင်း မြောက်အမေရိက၊ တောင်အမေရိက၊ ဥရောပ၊ ဂျပန်နှင့် ဆော်ဒီအာရေဗျရှိ မြို့ ၁၀ မြို့တွင် ဖျော်ဖြေပွဲ ၂၀ ပြုလုပ်ခဲ့သည်။ ယင်း ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ်အတွင်း လက်မှတ်စောင်ရေ စုစုပေါင်း ၉၇၆,၂၈၃ ရောင်းချနိုင်ခဲ့ပြီး ဖျော်ဖြေပွဲတစ်ခုအတွက် ပျမ်းမျှ လက်မှတ်စောင်ရေ ၄၈,၈၁၄ ရောင်းချခဲ့ရကာ ဒေါ်လာ ၅.၈ သန်း ရရှိခဲ့သည်ဟု Billboard ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ကေပေါ့ပ်စူပါစတားအဖွဲ့ဖြစ်သည့် BTS သည် Love Yourself: Speak Yourself ကမ္ဘာလှည့်ဖျော်ဖြေပွဲအတွက် လက်မှတ်ရောင်းချမှု ဝင်ငွေ ဒေါ်လာ ၁၁၆.၆ သန်းအထိ စံချိန်တင်ရရှိခဲ့သည်ဟု Billboard တွင် ထုတ်ပြန်ခဲ့သည်။

ဆော်ဒီအာရေဗျရှိ King Fahd International အားကစားကွင်းနှင့် ဆိုးလ်ရှိ အိုလံပစ်အားကစားကွင်းတို့တွင်ပြုလုပ်ခဲ့သည့် နောက်ဆုံးဖျော်ဖြေပွဲလေးခုအတွက် လက်မှတ်ရောင်းချမှု ဝင်ငွေ ဒေါ်လာ ၁၆.၄၉ သန်းရရှိခဲ့သည်ဟု Billboard Boxscore တွင် ဖော်ပြခဲ့သည့်အချက်အလက်များအရသိရသည်။

၂၀၁၈ ခုနှစ်၊ သြဂုတ်တွင် စတင်ခဲ့သည့် Love Yourself ကမ္ဘာလှည့်ဖျော်ဖြေပွဲ ခရီးစဉ်၏လက်မှတ်များ အကုန်ရောင်းထွက်ခဲ့ပြီးနောက် BTS အဖွဲ့သည် နောက်ထပ် ထပ်တိုးဖျော်ဖြေပွဲခရီးစဉ်အဖြစ် အားကစားကွင်းများတွင်သာ ပြုလုပ်သည့် Love Yourself: Speak Yourself ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ်ကို ၂၀၁၉ ခုနှစ်၊ မေတွင်စတင်ခဲ့ပြီး အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဘရာဇီး၊ ဂျပန်၊ ဆော်ဒီအာရေဗျနှင့် တောင်ကိုရီးယားရှိ မြို့ ၁၀ မြို့တွင် ဖျော်ဖြေခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ် နှစ်ခုပေါင်းအတွက် လက်မှတ်ရောင်းချမှု ဝင်ငွေ စုစုပေါင်း ဒေါ်လာ ၁၇၁.၄ သန်းကျော် ရရှိခဲ့သည်။

Bangtan Boys ဟုလည်းခေါ်ဆိုသည့် BTS အဖွဲ့သည် Billboard 200 စာရင်းတွင် တစ်နှစ်ကြာ ဖော်ပြခံခဲ့ရသည့် ပထမဆုံး ကေပေါ့ပ်အဆိုတော်အဖွဲ့အဖြစ်လည်း ယခုလအစောပိုင်းတွင် စံချိန်တင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အမျိုးသားအဆိုတော် ၇ ဦးဖြင့် ဖွဲ့စည်းခဲ့သည့် BTS အဖွဲ့သည် အချိန်တိုအတွင်း ကမ္ဘာတစ်ဝန်း အောင်မြင်မှုရရှိသည့် ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့သည်။

# ၂၀၁၉ ခုနှစ်အတွက် American Cinematheque Award ကို ချားလစ်သီယွန် ရရှိ

#MeToo လှုပ်ရှားမှုမတိုင်မီ လိင်ပိုင်းဆိုင်ရာစော်ကားမှု ဆန့်ကျင်ရေးလှုပ်ရှားမှု၊ အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုတို့တွင်ပါဝင်ခဲ့ပြီး အနုပညာသက်တမ်းတစ်လျှောက်တွင် ရဲရင့်သည့်ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်ချားလစ်သီယွန်သည် American Cinematheque အဖွဲ့ကပေးအပ်သည့် ၂၀၁၉ ခုနှစ်အတွက် American Cinematheque Award ကို နိုဝင်ဘာ ၈ ရက်တွင် ဘီဗာလီဟေးရှိ ဗာလီဟီတန်တွင် လက်ခံရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် တောင်အာဖရိကရှိ Benoni မြို့တွင်မွေးဖွားခဲ့သည့် သီယွန်သည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် လော့စ်အိန်ဂျလိစ်သို့ ရောက်ရှိခဲ့သည်။ ယင်းအချိန်တွင် ဆယ်ကျော်သက်အရွယ်သာရှိသေးသည့် သီယွန်သည် မိခင်ဘာသာစကား Afrikaans ကိုသာပြောကြားတတ်ပြီး အင်္ဂလိပ်ဘာသာစကားကို မတောက်တခေါက် လောက်သာပြောတတ်သည်ဟုဆိုသည်။ သီယွန်သည် ၁၉၉၅ ခုနှစ်တွင် သည်းထိတ်ရင်ဖိုဇာတ်ကား Children of the Corn III : Urban Harvest ဇာတ်ကားတွင် ပွဲဦးထွက်ပါဝင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကီနူးရီဗီနှင့် အယ်လ်ပါချီနိုတို့နှင့် တွဲဖက်သရုပ်ဆောင်ထားသည့် The Devil's Advocate ဇာတ်ကားဖြင့် ဟောလီဝုဒ်၌ ထင်ရှားလာခဲ့သည်။

ရုပ်ရှင်ဇာတ်ကားများတွင် ထူးခြားပြောင်မြောက်သည့် ဇာတ်ကောင်များဖြင့် ပုံပြီးပါဝင်ခဲ့သည့် သရုပ်ဆောင်များကို ယင်းဆုပေးအပ်ခြင်းဖြစ်ကြောင်း၊ ချားလစ်သီယွန်သည် ယင်းဆုရရှိသည့် (၃၃) ဦးမြောက် သရုပ်ဆောင်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်အခြေစိုက် အကျိုးအမြတ်မယူသော ယဉ်ကျေးမှုအဖွဲ့အစည်း American Cinematheque က ထုတ်ပြန်ခဲ့သည်။ အသက် ၄၄ နှစ်အရွယ်ရှိ သီယွန်သည် ယခုနှစ် ဒီဇင်ဘာတွင်ဖြန့်ချိမည့် Bombshell ဇာတ်ကားတွင် ရုပ်သံသတင်းတင်ဆက်သူ Megyn Kelly ဇာတ်ကောင်အဖြစ် ပါဝင်မည်ဖြစ်သည်။

# PSG အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို တိုက်စစ်မှုး နေမာ ငြင်းပယ်

PSG အသင်းမှ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို တိုက်စစ်မှုး နေမာက ငြင်းဆန်ပယ်ချခဲ့ကြောင်းစပိန်အားကစားသတင်းစာ Marca က ဖော်ပြခဲ့သည်။

နေမာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း PSG အသင်းမှ အသင်းဟောင်း ဘာစီလိုနာသို့ ပြန်လည်ပြောင်းရွှေ့ရန် ကြိုးပမ်းခဲ့ပြီး အပြီးသတ်သဘောတူညီမှုမရှိခဲ့ခြင်းကြောင့်သာ အသင်းတွင် ဆက်ရှိနေခြင်းဖြစ်သည်။ PSG အသင်းနှင့် နေမာတို့ လက်ရှိချုပ်ဆိုထားသည့်စာချုပ်မှာ လာမည့် ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံး မည်ဖြစ်ပြီး PSG အသင်းက ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးရန်ဆန္ဒရှိနေခြင်းဖြစ်သည်။

PSG အသင်းသည် နေမာကို ၂၀၁၇ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်(၁၉၈) သန်းဖြင့် (၅) နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ပြီး စာချုပ်သက်တမ်းသုံးနှစ်ပြည့်လျှင် ပေါင် (၁၅၃) သန်းဖြင့် အသင်းပြောင်းရွှေ့ခွင့်ရှိသည့် ဟူသော အချက်ကိုလည်း ထည့်သွင်းထားကြောင်းသိရသည်။ နေမာသည် ယခုရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရပြီး အသင်းအတွက် ပြိုင်ပွဲစုံ (၅)ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကာ (၄)ဂိုးသွင်းယူထားသည်။ H2Z2

# ယူ-၂၂ အသင်းတွင် အသက်ကျော်ကစားသမားအဖြစ် လှိုင်းဘိုဘိုနှင့် စည်သူအောင် ပါဝင်

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ယူ-၂၂ ဘောလုံးအသင်းသည် အသက်ကျော်ကစားသမား နှစ်ဦးအတွက် လက်ရွေးစင်အသင်းမှ ကွင်းလယ်လူ လှိုင်းဘိုဘိုနှင့်စည်သူအောင်တို့ကို ခေါ်ယူခဲ့ကြောင်း အသင်းတာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) အမျိုးသားဘောလုံးပြိုင်ပွဲ၌ ပြိုင်ပွဲဝင် အသင်းများကို (၂၂) နှစ်အောက် သတ်မှတ်ထားသော်လည်း အသက်(၂၂) နှစ်အထက်ကစားသမား နှစ်ဦး ထည့်သွင်းယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည်အသက်ကျော်ကစားသမားရွေးချယ်ရန် လက်ရွေးစင် အသင်းမှ အောင်သူ၊ စည်သူအောင်၊ ကျော်ကိုကို၊ လှိုင်းဘိုဘိုနှင့် ဇော်မင်းထွန်းတို့ ငါးဦးကို ပဏာမရွေးချယ်ခဲ့သည်။ ပဏာမ ငါးဦးအနက် အောင်သူနှင့် လှိုင်းဘိုဘိုကို နည်းပြချုပ်ဝိုပေါ့ကာ ရွေးချယ်ထားသော်လည်း အောင်သူသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ မွန်ဂိုလီးယားနှင့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိသဖြင့် ဆီးဂိမ်းနှင့် လွဲချော်ခြင်းဖြစ်ကြောင်း အသင်းတာဝန်ရှိသူ တစ်ဦးက အတည်ပြုသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် လက်ရှိတွင် ကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး နိုဝင်ဘာလ ၂၃ ရက်တွင် ဆီးဂိမ်းယှဉ်ပြိုင်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည် ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းအပြီးသတ် ၂၀ ဦးစာရင်းကို နိုဝင်ဘာလ ၂၂ ရက်တွင် ထုတ်ပြန်မည် ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ၌ အုပ်စု(က)တွင် အိမ်ရှင် ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု(ခ)တွင်လက်ရှိ ချန်ပီယံထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊စင်ကာပူနှင့် ဘရူနိုင်း အသင်းတို့ ပါဝင်သည်။ H2Z2

# အေစီမီလန်က အီဗရာဟီမိုဗစ်ကို ယူရိုခြောက်သန်းဖြင့် ကမ်းလှမ်း

အေစီမီလန်က အီဗရာဟီမိုဗစ်ကို ခြောက်လစာချုပ် ကမ်းလှမ်းထားပြီး ထပ်မံ၍ တစ်နှစ်သက်တမ်းတိုးခွင့်ရမည်ဖြစ်ကာ စုစုပေါင်း ယူရိုခြောက်သန်းတန်ကြေးရှိမည်ဖြစ်သည်။ အီဗရာဟီမိုဗစ် (၃၈) နှစ်သည် ဒီဇင်ဘာလတွင် အမေရိကန် မေဂျာလီဂ် LA Galaxy မှ ထွက်ခွာမည်ဖြစ်ကာ အေစီမီလန်သို့ ပြန်လာရန် အလွန်ဖြစ်နိုင်ခြေရှိနေသည်။

ယင်းကစားသမားနှင့် ကလပ်ကိုယ်စားလှယ်များ တွေ့ဆုံမှုသတင်းများလည်း အခိုင်အမာ ထွက်ပေါ်ခဲ့သည်။ ၁၈ လနေပါက ယူရိုခြောက်သန်းပေးမည့်အစီအစဉ်ကို အေစီမီလန်က ကမ်းလှမ်းထားပြီး ယခုအခါ ယင်းကိစ္စသည် ကစားသမားအပေါ် သာမူတည်နေသည်ဟု Gazzatta dello Sport စာစောင် က ဖော်ပြသည်။

အီဗရာဟီမိုဗစ်က တစ်လလျှင် ယူရိုတစ်သန်းလိုချင်သည်ဟု ဖော်ပြသော်လည်း မီလန်က ယင်းစျေးသုံးပုံတစ်ပုံသာပေးရန် ပြင်ထားသည်။ ခြောက်လကနဦးကမ်းလှမ်းမှုကို မီလန်အားကစားဒါရိုက်တာ ဇိုနီမာဘိုဘန်က မိုဗစ်၏ အေးဂျင့်ရိုင်အိုလာထံကမ်းလှမ်းထားပြီး မိမိအနေဖြင့် သီတင်းပတ်အနည်းငယ်အတွင်း အနာဂတ်ကို ဆုံးဖြတ်မည်ဟု မိုဗစ်ကဘိုဘန် အားဖုန်းဖြင့်ပြောကြားထားသည်။ H2Z2

# စပိန်အသင်းနည်းပြအဖြစ် လူးဝစ်အင်းနရစ်ကို ပြန်လည်ခန့်အပ်

စပိန်လက်ရွေးစင်အသင်းနည်းပြအဖြစ် နည်းပြဟောင်း လူးဝစ်အင်းနရစ်ကို ပြန်လည် ခန့်အပ်ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) က သတင်း စာရှင်းလင်းပွဲ ပြုလုပ်ပြီး အတည်ပြုကြေညာခဲ့သည်။

လူးဝစ်အင်းနရစ်သည် စပိန်အသင်းကို ၂၀၁၈ခုနှစ် ဇူလိုင်လ (၉) ရက်ကစတင်တာဝန်ယူခဲ့ပြီး (၉)နှစ်အရွယ်သမီးဖြစ်သူမှာ ကင်ဆာရောဂါခံစားနေရခြင်းကြောင့် ပြီးခဲ့သည့် မတ်လအတွင်းကစားခဲ့သည့် ခြေစစ်ပွဲများကို ကိုင်တွယ်နိုင်ခဲ့ခြင်းမရှိဘဲ ဇွန်လတွင်မူ နည်းပြရာထူးမှ တရားဝင်နုတ်ထွက်ခဲ့သည်။

သူ၏သမီးဖြစ်သူမှာ ပြီးခဲ့သည့် ဩဂုတ်လ အတွင်းက ကွယ်လွန်သွားခဲ့ပြီးနောက် နည်းပြဘဝကို ပြန်လာဖွယ်ရှိသည်ဟု သတင်းများထွက်ခဲ့ပြီး ယခုအခါ စပိန် အသင်းကို ပြန်လည်ကိုင်တွယ်ခြင်းလည်းဖြစ်သည်။

မတ်လအတွင်း ကစားခဲ့သည့် ယူရိုခြေစစ်ပွဲများကို လက်ထောက်နည်းပြ ရောဘတ် မော်ရီနိုက ယာယီကိုင်တွယ်ခဲ့ပြီး လူးဝစ်အင်းနရစ် နုတ်ထွက်သွားပြီးနောက် ၎င်းကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

သို့သော် မော်ရီနိုအနေဖြင့် ယခုအခါတွင် ရာထူးမှ နုတ်ထွက်သွားသည်ဟုသာ သတင်းများက ဖော်ပြခဲ့ပြီး မော်ရီနိုက လူးဝစ်အင်းနရစ်အနေဖြင့် စပိန်အသင်းသို့ပြန်လာလျှင် သူ့အနေဖြင့် ရာထူးမှဖယ်ပေးမည်ဟု ယခုလ အစောပိုင်းတွင် ပြောကြားထားခဲ့သည်။ H2Z2

## ပြင်သစ်နှင့်ဂျာမနီတို့ နေတိုးမဟာမိတ်အတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်အား ကမ်းလှမ်း

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းဒီလေဒရီယန်သည် နေတိုးမဟာမိတ် ၂၈ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တစ်ရက်ကြာအစည်းအဝေးတွင် မက်ခရွန်၏ ပြင်းပြင်းထန်ထန်ဝေဖန်မှုကို ရှင်းပြခဲ့ပြီး တိုးတက်မှု အတွက် အကြံဉာဏ်များကမ်းလှမ်းခဲ့သည်။

နေတိုးအဖွဲ့သည် "ဦးနှောက်သေ"နေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ဝေဖန်ခဲ့မှု ကြောင့် အုတ်အော်သောင်းတင်းဖြစ်ခဲ့ပြီးနောက် ပြင်သစ် နှင့် ဂျာမနီတို့က နေတိုးအဖွဲ့ပြုပြင်ပြောင်းလဲရေး အကြံပြုချက်ကို ဖော်ထုတ်လာခဲ့သည်။

နေတိုး၏ စံတန်ဖိုးများနှင့် ရည်မှန်းချက်များအား ထင်ဟပ်နိုင်သည့် သြဇာကြီးပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ ငယ်တစ်ခုကိုဖွဲ့စည်းရန် လေဒရီယန်က အကြံပြုခဲ့ပြီး ၂၀၂၁ နေတိုးထိပ်သီးတွင် ခေါင်းဆောင်များအား ပြန်လည်တင်ပြရန် ရည်ရွယ်ထားကြောင်း နေတိုးနိုင်ငံ ခြားရေးဝန်ကြီးများအား တင်ပြခဲ့သည်။

အဆိုပါပုဂ္ဂိုလ်များအဖွဲ့ငယ်က ရုရှားနှင့် နေတိုးဆက်ဆံရေးကိုအာရုံစိုက်ရန်၊ အနာဂတ်လုံခြုံရေးစိန်ခေါ် မှုများ အထူးသဖြင့် အကြမ်းဖက်မှု၊ တရုတ်၏စိန်ခေါ်မှု၊စစ်လက်နက်နည်းပညာသစ်များ၏ သက်ရောက်မှုတို့ ကို အလေးထားရန် အာရုံစိုက်ရန် ဆောင်ရွက်မည်ဟု လေဒရီယန်က နေတိုးနိုင်ငံ ခြားရေးဝန်ကြီးများကို ပြောကြားခဲ့သည်။

ပြင်သစ်နှင့် တင်းမာမှု ဆက်လက်ရှိနေသည်ကို ပြသသည့်အနေနှင့် နေတိုးဥက္ကဋ္ဌ ယန်းစတော်တင်ဘတ်က အစည်းအဝေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြင်သစ်၏ အကြံပြုချက်ကို မှတ်ချက်ပေးရန် သုံးကြိမ်တိုင်တိုင်ငြင်းဆိုခဲ့သည်။ စတော်တင်ဘတ်သည် လာမည့်သီတင်းပတ်တွင် မက်ခရွန်နှင့် ကိုယ်တိုင်တွေ့ဆုံ မည်ဖြစ်သည်။

ဒီဇင်ဘာ ၄ လန်ဒန်ထိပ်သီးမတိုင်မီ ယင်းအကြံပြုချက်အား ထပ်မံစူးစမ်းသွားမည်ဟု စတော်တင်ဘတ်က ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက နေတိုးသည် ရည်မှန်းချက်များ ဖြည့်ဆည်းရေး အတွက်အဖွဲ့ကို ပြန်လည်သုံးသပ်သည်မှာကျိုးကြောင်းဆီလျော်ကြောင်း သို့သော်လည်း အချိန်မှန် ပုံစံမှန်ဖြစ်၊ မဖြစ်က မေးစရာဖြစ်ကြောင်း ပြောကြားခဲ့ သည်။

အခြားအဖွဲ့ဝင်များ အဖြေမထုတ်ချင်သော အမှန်တရားကို ပြတ်ပြတ်သားသား ထုတ်ဖော်ပြောကြားခြင်းဖြင့် မက်ခရွန်က ရဲရင့်သောခြေလှမ်းကို လှမ်းခဲ့ခြင်းဖြစ်သည်ဟု ပြင်သစ်တာဝန်ရှိသူများက အခိုင်အမာပြောကြားခဲ့သည်။အမေရိကန်ကို မမှီခိုဘဲ လုံခြုံရေးအတွက်ကိုယ်တိုင် ဆောင်ရွက်ရန် ဥရောပက ဆောင်ရွက်သင့်ကြောင်း မက်ခရွန်က ပြောကြားခဲ့မှုသည် ရုရှား၏တိုက်ရိုက်ခြိမ်းခြောက်မှုကိုခံနေရသော အရှေ့ဥရောပ မဟာမိတ်များအားဒေါသထွက်စေခဲ့သည်။

## အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက် ရရှိလိုသော်လည်း ပြန်လည်တို့ပြန်ရန် မကြောက်ဟု သမ္မတရှီ ပြော

ပေကျင်းသည် ယခုအထိ လုံလောက်သောအလျှော့ပေးမှု လုပ်ဆောင်ခဲ့ခြင်းမရှိသဖြင့် အပေးအယူပြုလုပ်ရန်အတွက် တွန့်ဆုတ်စေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကအပြစ်တင်ခဲ့ပြီးနောက် နှစ်ရက်အကြာ တွင် ရှိက ကုန်သွယ်ရေးစစ်ပွဲနှင့် ပတ်သက်၍ ရှားရှားပါးပါး တိုက်ရိုက်မှတ်ချက်ပြုစကား ပြောကြားခဲ့ခြင်းဖြစ်သည်။

# ဂျပန်၏ သက်တမ်းအရည်ဆုံး ဝန်ကြီးချုပ် ဖြစ်လာသည့် ရှင်ဇိုအာဘေး

၁၉၁၁ခုနှစ်မှ ၁၉၁၃ခုနှစ်အတွင်း ဝန်ကြီးချုပ်တာဝန်ကို သုံးကြိမ်ထမ်းဆောင်ဖူးသော တာရိကတ်ဆူရ၏၊ သက်တမ်းအရည်ဆုံးမှတ်တမ်းကို အာဘေးက စံချိန်ချိုးခဲ့ခြင်းဖြစ်သည်။ ဂျပန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်သည့်ကာလ ၂၈၈၇ ရက်ပြည့်သွားခဲ့ပြီး ဂျပန်၏ လက်ရှိသက်တမ်းအရည်ဆုံးဝန်ကြီးချုပ်အဖြစ် သမိုင်းဝင်သွားခဲ့သည်။

သို့သော်လည်း အာဘေးသည် မပြီးဆုံးသေးသော လုပ်ငန်းများ အမြောက်အမြားရှိနေသေးသည်။ ယခုနှစ်အစောပိုင်းက အစိုးရအဖွဲ့ အပြောင်းအလဲလုပ်ခဲ့ပြီးနောက် အာဘေးက နိုင်ငံသစ်တည်ဆောက်ရန် စိန်ခေါ်မှုများအား ကျော်လွှားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အသက် ၆၅နှစ်အရွယ် အာဘေးသည် ဂျီ-၇အဖွဲ့တွင် ဂျာမန်ဝန်ကြီးချုပ် အင်ဂျလာမာကယ်ပြီးလျှင် ဒုတိယသက်တမ်းအရည်ဆုံး ဂျီ-၇ ခေါင်းဆောင်လည်း ဖြစ်လာခဲ့သည်။ သမိုင်းစံချိန်ချိုးခဲ့သော အာဘေးသည် အာဏာကို အခိုင်အမာချုပ်ကိုင်ထားနိုင်ဆဲဖြစ်ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာအထိ တာဝန်ထမ်းဆောင်ဖွယ် ရှိသည်။

ဂျပန်၏ ကာကွယ်ရေးတပ်ဖွဲ့များအား ပြင်ဆင်ပြောင်းလဲဖွဲ့စည်းရန် စစ်ပြီးခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရေးရည်မှန်းချက်ကို အာဘေးက အခိုင်အမာထပ်ဆင့်ပြောကြားထားသည်။

သို့သော်လည်း အတိုက်အခံပါတီများက ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကို ရှေ့ဆက်ဆောင်ရွက်ရန် ငြင်းဆန်ထားမှုကို အာဘေးက ရင်ဆိုင်နေရသည်။ ထို့ပြင် အာဘေး၏ အစိုးရအဖွဲ့ဝင်နှစ်ဦး နုတ်ထွက်မှုနှင့် ခရိုနီအရှုပ်တော်ပုံတို့ကြောင့် သူ၏ဂုဏ်သတင်းထိခိုက်ခဲ့ရသည်။

အယ်လ်ဒီပီ ပါတီတွင်းတွင် အားကောင်းသည့်ပြိုင်ဘက်မရှိသေးဘဲ ဝန်ကြီးချုပ်၏ နိုင်ငံရေးအခြေခံသည် ပါတီတွင်း၌ တည်ငြိမ်နေဆဲဖြစ်ကြောင်း ရှေးရိုးစွဲ ယူမီယူရိုရှင်ဘွန်းက ဖော်ပြခဲ့သည်။ အာဘေးသည် လာမည့်နှစ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ မြောက်ကိုရီးယားက ပြန်ပေးဆွဲထားသော ဂျပန်များပြန်လွှတ်လာရေး၊ ရုရှားနှင့် ကာလရှည်ကြာ နယ်မြေအငြင်းပွားမှုကို ဖြေရှင်းရေးကဲ့သို့သော ခက်ခဲသော ရည်မှန်းချက်များအတွက် အာရုံစိုက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံ အကြား ထိခိုက်မှုကြီးမားသောကုန်သွယ်ရေး စစ်ပွဲသည် တစ်နှစ်ကျော်ကြာမြင့်လာပြီဖြစ်ပြီး ဒေါ်လာဘီလျံရာနှင့်ချီတန်ပိုးရှိကုန်ပစ္စည်းများအား စည်းကြပ်ခွန်များ အပြန်အလှန်ချမှတ်ခဲ့ကြသည်။

တရုတ်သည် အမေရိကန်နှင့် ကနဦးသဘောတူညီချက်ရရှိရန် လိုလားသော်လည်း လိုအပ်ပါက ပြန်လည် တို့ပြန်သွားရန်ကြောက်ရွံ့ခြင်းမရှိကြောင်း၊ တရုတ်သမ္မတရှီကျင်ပင်းက ပြောကြားခဲ့ပြီး တရုတ်သည် ကိုယ့်အရှိန်ဖြင့်ကိုယ် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ဖော်ဆောင်သွားမည်ဖြစ်သည်။

တရုတ်၏ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အမေရိကန်၏ မကျေနပ်မှုများအား ဖြေရှင်းပေးရာတွင် အရေးပါသော အဆင့်-၁ သဘောတူညီချက်အား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အောက်တိုဘာ ၁၁တွင် ကြေညာခဲ့သည်။ သို့သော် မည်သည့် သဘောတူညီချက်မဆို၏ စာသားများအား နှစ်နိုင်ငံစလုံးက အပြီးမသတ်နိုင်သေးပေ။

လက်ရှိပြဋ္ဌာန်းထားသော စည်းကြပ်ခွန်များအား ပြန်လည်ရုပ်သိမ်းရန် တရုတ်ကအပြင်းအထန် တောင်းဆိုနေသော်လည်း ထရန့်ကမူထိုကိစ္စ အတွက် သဘောတူမှုမရသေးကြောင်းပြောကြားခဲ့သည်။